စွဲလမ်းစရာ ထိထိမိမိ ရသပြင်းအားရှိရှိ

# ထိုသုံးဦး ဤကိုးပုဒ်

မာန်မြင့်၊ ဝင်းဇေ၊ ဂျူး



စိတ်ကူးချိုချိုစာအုပ်တိုက်၏
၂၁ နှစ်ပြည့်အမှတ်တရဝတ္ထုအစီအစဉ်

■ ■ ■ ■ ■ ■ ■ ■ ■

# မာန်မြင့်
# ဝင်းဖေ
# ဂျူး

*

# ထိုသုံးဦး၊ ဂျကိုးပုဒ်

ပထမအကြိမ်၊ ၂၀၂၀

ထိုသုံးဦး ဤကိုးပုဒ်၊ မာန်မြင့်၊ ဝင်းဝေ၊ ဂျူး
မျက်နှာဖုံးပန်းချီ - ကောစာချို
စာမျက်နှာ ၁၅၆ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၉၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## ခွဲလမ်းစရာ
## ထိထိမိမိ
## ရသပြင်းအားရှိရှိ …

ဝတ္ထုများကို
တူရာလမ်းကြောင်းတစ်ခုမှ
တွဲစပ် ခံစား ချဉ်းကပ်ကြည့်ခြင်း ဖြစ်ပါသည်။

**ကြည်သင်ဆေး(စီစဉ်သူ)**

## မာတိကာ

မာန်မြင့်
ပလေးတိုး၏ ဂန္ဓဝင် သာလိကာ
(၁)

စောင်
(၂၄)

မျှော်လက်စဲ မဆုံး
(၄၂)

# မာတိကာ

**ဝင်းဖေ**

မေလလယ်
(၆၄)

ပိုးဟပ်နှစ်ကောင်
(၇၃)

ဖွားဘက်တော်
(၈၁)

ဂျူး

ခေါင်းလောင်းများ

(၉၅)

ရွက်လှေများ

(၁၁၈)

မက္ကဆီကန်အလံအသီးသုပ်

(၁၂၄)

## ပလေးတိုး၏ ဂုဏ်ဝင် သာလိကာ

■ မာန်မြင့်

မြန်မာပြည်၏ တစ်ခုသောအရပ်၌ တောကြီးတစ်တော ရှိသည်။ ထိုတောကြီး၏ တစ်နေရာတွင် အဓိကရ ညောင်ပင်ကြီးတစ်ပင် ရှိလေသည်။ ထိုညောင်ပင်ကို အမှီပြု၍ ငှက်ပေါင်းစုံတို့သည် ပျော်မြူးစွာ နေထိုင်လျက်ရှိကြ၏။

တစ်နေ့တွင် အဆိုပါညောင်ပင်သို့ သာလိကာတစ်ကောင် ရောက်လာသည်။ ဒေသခံငှက်တို့သည် သာလိကာကို တစ်ခါမျှ မမြင်ဖူးကြ၍ စူးစမ်းသောအကြည့်ဖြင့် အသာ အကဲခတ်နေကြသည်။ သာလိကာ၏ အပြုအမူတို့ကလည်း တော်တော်ထူးဆန်းသည်။ ပြောဆိုပုံကပင် တစ်မျိုး။

"အလို၊ အလွန်တရာ နက်လှပေသော တောကြီးအတွင်းသို့ ကျွန်ုပ် ရောက်ခဲ့ပြီ၊ ချောက်ချားဖွယ် ကောင်းလေစွ"

သာလိကာသည် ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ သူနှင့် အနီးစပ်ဆုံး ငှက်တစ်ကောင်ကို တွေ့ရသောအခါ စူးစမ်း မိတ်ဖွဲ့လိုသော သဘောနှင့် မေးမြန်းလေသည်။

"အသင်ကား မည်သူနည်း"

အမေးခံရသော ငှက်သည် အံ့အားသင့်သွားမိသည်။ ဤတောကြီးအတွင်းရှိ တိရစ္ဆာန်အပေါင်းကပင် သူ့အား ဆက်ရက်ငှက်မှန်း သိကြသည်။ ယခုရောက်လာသော ငှက်က ဘာ့ကြောင့် မသိရလေသနည်း။ ထို့ကြောင့်ပင်–

"ငါလည်း မင်းလို ခြေထောက်နှစ်ချောင်းနဲ့၊ အတောင်ပံနဲ့၊ နှုတ်သီးနဲ့ ငှက်ပေါ့ကွ။ မသိဘူးလား"

"တောင်ပံ နှုတ်သီး ပါတိုင်း ငှက် မဖြစ်နိုင်ကြောင်းကို မြို့၌နေစဉ်ကပင် ကျွန်ုပ် တွေ့ကြုံခဲ့ပါသည်။ သို့သော် သင့်ကိုယ်သင် ငှက်ဟုဆိုလျှင်လည်း ရှိပါစေတော့၊ သင်၏ အမည်နာမကား မည်သို့ အခေါ်ရှိပါသနည်း"

"ဆက်ရက် တဲ့"

"အိမ်း ဟုတ်ကပြီ၊ အသင်၏နာမည်ကို သိရ၍ ကျွန်ုပ် ဝမ်းသာမိပါသည်၊ ကျွန်ုပ်၏ နာမည်ကား သာလိကာ ဖြစ်ပါသည်၊ သင် ယခုစားနေသော အသီးကို မည်သို့ ခေါ်ပါသနည်း၊ ကျေးဇူးပြု၍ ပြောပြစေလိုပါသည်၊ မေးမြန်းစပ်စုသည်ဟု မထင်စေလိုပါ"

"ညောင်သီးလို့ ခေါ်ပါတယ်"

"ညောင်သီးကို ကျွန်ုပ်၏ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မစားခဲ့ရပါ၊ စား၍ ကောင်းပါ၏လော၊ ကျွန်ုပ် မြို့တွင် နေခဲ့ရသည်ဖြစ်ရာ ကျွန်ုပ်ကို ကျွေးမွေးပြုစုသည့် သခင် ကျွေးသည့် အချို အအီ၊ အဆီ အအိမ့်များကိုသာ အရသာ ခံတတ်ပါတော့သည်"

ကြာတော့ ဆက်ရက်သည် စိတ်မရှည်တော့ပေ။ ဤသာလိကာဆိုသည့် ငှက်နှင့် ဆက်လက်ပြောနေပါလျှင် သည်နေ့အဖို့ အစာ ဝစရာအကြောင်း မမြင်။ ထို့ကြောင့်–

"ညောင်သီးကို စားကောင်းလို့ စားနေတာတော့ မဟုတ်ဘူး၊

ဒါပေမဲ့ ဒါမှ မစားရင် ဘာသွားစားရမလဲ၊ ငါ့အဖေနဲ့ အမေလည်း ဩောင်သီးကို စားကြတာမို့ ငါတို့လည်း စားကြရတာပဲပေါ့၊ အရေးကြီးတာက ဩောင်သီး ကောင်း မကောင်းထက် ငါတို့ အသက်ရှင်ဖို့ မဟုတ်လား"

ဆက်ရက်သည် ဤမျှသာ ပြောပြီး တခြား ကိုင်းတစ်ကိုင်းသို့ ခုန်၍ ကူးသွားကာ ဩောင်သီးများကို စားလေတော့သည်။ သူ့ကို ဂရုမစိုက်သလို ပြုမူသွားသောကြောင့် သာလိကာသည် ဒေါပွသွားလေသည်။ သို့သော် ပညာရှိ အိမ်၌ ကြီးပြင်းခဲ့ရသော ငှက်ပီပီ အမျက်ကို အပြင်သို့ ထုတ်မပြမိရန် ထိန်းချုပ်ထားလိုက်ရသည်။ မိမိ မကျွမ်းကျင်သော နယ်မြေဖြစ်သောကြောင့် ကြောက်ရွံ့သည်ကလည်း တစ်ကြောင်းဖြစ်ပါသည်။ သို့သော် စိတ်ထဲကမူ "ဒီကောင် တော်တော်ရိုင်းစိုင်းတဲ့ကောင်၊ ဘာမှ ယဉ်ကျေးမှုကို နားမလည်တဲ့ ငှက်ပဲ၊ ကေန္တ ပညာသင်ဖို့ နေနေသာသာ မြို့ပေါ်ကိုတောင် ရောက်ဖူးမယ့်ကောင် မဟုတ်ပါဘူး"ဟု ကြိမ်းဝါးနေမိသည်။

ထိုစဉ် စာကလေးတစ်ကောင်သည် သာလိကာအနီးသို့ ရောက်လာပြီး–

"ခုနက ဆက်ရက်နဲ့ ခင်ဗျား စကားပြောနေကြတာ ကျွန်တော်ကြားမိတယ်၊ ခင်ဗျား ပြောတဲ့ စကားတွေဟာ တစ်မျိုးကြီးတွေပဲ၊ ကျွန်တော်တို့ ပြောနေကြတာနဲ့လည်း မတူပါလား"

သာလိကာသည် တဟဲဟဲဖြင့် တည်တည်ခံ့ခံ့ကြီး ရယ်လိုက်ပြီး–

"အိမ်း၊ အသင် ငှက်ကလေးက အံ့အားသင့်နေသည်မှာ ဆန်းလှသည်မဟုတ်၊ အသင် နားလည်အောင် ရှင်းလင်းအဓိပ္ပာယ် ဖွင့်ဆိုပြပါမည်၊ ကျွန်ုပ် မွေးဖွားကြီးပြင်းခဲ့ရာဒေသသည် ရန်ကုန်ရွှေမြို့တော်ရှိ မဟာပညာရှိကြီးတစ်ဦး၏ အိမ်တွင် ဖြစ်ပါသည်"

"ရွှေမြို့တော်ဆိုတော့ ရန်ကုန်က တစ်မြို့လုံး ရွှေတွေချည်းပဲလား"

သာလိကာသည် စာကလေးအား နံ့ချာရန်ကော ဟူသည့် သနားဟန်အပေါ်ကြည့်နှင့် ကြည့်လိုက်ပြီး–

"ရွှေဟူ၍ တင်စားလိုက်သည်မှာ ရန်ကုန်သည် ကြီးကျယ်ခမ်းနား၍ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသောသဘောကို ဂုဏ်ပြုခြင်းဖြစ်ပါသည်"

စာကလေးလည်း ခေါင်းခါယမ်းပြီး–

"အေးလေ၊ ကျွန်တော့်အဖို့တော့ ရန်ကုန်တစ်မြို့လုံး ရွှေတွေ ဖြစ်နေလည်း မှည့်နေတဲ့ စပါးလယ်တစ်ကွက်လောက် မခင်တွယ်ပါဘူး"

သာလိကာသည် စကားစပြတ်သွားလျှင် သူ့အကြောင်းကို မပြောလိုက်ရဘဲ ရှိသွားမှာ စိုးရိမ်ရသောကြောင့်–

"ဆက်၍ပြောပါဦးမည်၊ ကျွန်ုပ်ကို ငယ်စဉ်ကပင် ကျွေးမွေးပြုစုခဲ့သော သခင်သည် မဟာပညာရှိကြီးတစ်ဦးဖြစ်ပါသည်၊ သူသည် ကြီးကျယ်လေးနက်သော ကျမ်းကြီးများကို ပြုစုနေသူ ဖြစ်ပါသည်။ မြန်မာစာ၊ ပါဠိ၊ ဟင်ဒီ၊ အင်္ဂလိပ်၊ ဖြင်သစ်နှင့် လက်တင်ဘာသာများကို ထုံးလိုချေ ရေလိုနှောက် ကောင်းကောင်းကြီး ကျွမ်းကျင်လေ့လာထားပါသည်၊ ဤလောက၌ သူ မသိ၊ သူ မတတ်ဟု မရှိသလောက်ပင် ဖြစ်ပါသည်။ အိမ်သို့ လာလည်ကြသော သူ့အပေါင်းအသင်းများသည်လည်း ပညာရှိများသာဖြစ်သောကြောင့် သူတို့ပြောကြလျှင် စာသံ ပေသံ အလွန်ပါ၍ ကျမ်းဂန်အကိုးအကား များလှသောကြောင့် အလွန်တရာ တန်ဖိုးရှိလှသည်။ သူတို့သည် စကားပြောကြလျှင် ပညာရှိ ပီသစေရန်အတွက် ခန့်ညားထည်ဝါစွာ စာသံနှင့် ပြောကြသောကြောင့် ကျွန်ုပ်သည်လည်း ဤကဲ့သို့ စာသံနှင့် ပြောတတ်နေခြင်း ဖြစ်ပါတော့သည်"

စာကလေးသည် ပိုမို၍ အံ့အားသင့်သွားပြီး–

"ဒါဖြင့် ခင်ဗျား ပြောနေတာတွေဟာ ပညာရှိစကားတွေပေါ့နော်"

သာလိကာသည် ခေါင်းတညိတ်ညိတ်ဖြင့်–

"မှန်လှပေ၏ အချင်းငှက်ကလေး၊ ကျွန်ုပ်လည်း ပညာရှိများ၏ အလယ်တွင် နေခဲ့ရ၍ ပညာရှိတို့၏ စကားများကိုသာ ပြောတတ်ပါ၏၊ တခြား စကားများကို ပြောရန်မှာ သိမ်ငယ် နံချာလှ၍ ကျွန်ုပ် ဝန်လေး လှပါသည်၊ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ပညာရှိများသည် မည်သို့သော အခါမျှ သိမ်ဖျင်းသောအကြောင်းကို မရေးကြပေ၊ ကမ္ဘာ့ဂန္ထဝင် စာပေ ကြီးများ၏ အောက်သို့ တစ်လက်မကလေးမျှ လျှော့ပြီး မဆွေးနွေးနိုင် ကြပါ"

"အဲဒါတွေ ပြောမှ ပညာရှိလို့ ခေါ်သလား"

"ယူသော်ရနိုင်ပါသည်၊ ကမ္ဘာကြီးသည် အချိန်နှင့်အမျှ ပြောင်းလဲ တိုးတက်နေသော်လည်း ကျွန်ုပ်၏သခင်နှင့် ပညာရှိကြီးများသည် ရှိတ် စပီးယား၊ ချားလ်စ်ဒစ်ကင်း၊ သောမတ်ဟာဒီ၊ ရှယ်လီ၊ ဘိုင်ရွန်၊ တင်နီ ဆင်၊ တော်လ်စတွိုင်း စသည့် ဂန္ထဝင် စာရေးဆရာကြီးများ၊ ကဗျာဆရာ ကြီးများကိုသာ အသိအမှတ် ပြုထားပါသည်။ ပလေးတိုး၊ ဆိုကရေးတီး စသည့် အတွေးအခေါ်ရှင်များကိုသာ ဦးတင်ကြပါသည်။ ကျန်သူများ ကိုမူ နောက်ပေါက်များ ဖြစ်၍ မဆွေးနွေးချင်ကြပါ၊ ကျွန်ုပ် ဆိုလျှင် ထိုပုဂ္ဂိုလ်ကြီးများ၏ စကားလုံးများကို အလွတ်ရနေပါသည်၊ အထူး သဖြင့် ပလေးတိုး၏ စကားများကို အလွတ် ဆိုပြနိုင်၍ သခင်က အလွန် သဘောကျပါသည်၊ ကျွန်ုပ်ကိုပင် ပလေးတိုး သေပြီးနောက် ဝင်စား သလောဟု တွေးခေါ်ကြဲဆကာ ကျမ်းစာအုပ် ထူထူကြီးများကို လှန်လှော ကိုးကားခဲ့ရသည်ထိပင် ဖြစ်ခဲ့ပါသည်။ သင်သည် ပလေးတိုး ရေးသော ဖိဒရကထာကို ကြားဖူးပါသလော"

"ပလေးတိုး ဆိုတာကို ခင်ဗျား ပြောမှ ကြားဖူးတာပဲ"

သာလိကာသည် စိတ်ပျက်ဟန်နှင့်–

"ဒါဖြင့် လက်ခီတို့၊ ခါမိဒီတို့လည်း ကြားဖူးမှာ မဟုတ်ပါဘူး" ဟု ညည်းညူလိုက်ပြီး စာကလေးကို အပြစ်တင်လိုက်သည်။

"ဤသို့ဖြစ်လျှင် အသင်သည် ဤအရွယ်သို့ ရောက်သည့်တိုင် မည်သည့် ပညာကိုမှ မသင်ကြား မနာယူခဲ့ဘဲ အချိန်များကို မည်သို့ ဖြုန်းတီးပစ်ခဲ့ပါသနည်း၊ မိုက်မဲလေစွ၊ အသိပညာ မရှိသော သူသည် အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်ရသကဲ့သို့တည်း၊ အသင် မည်သည်တို့နှင့် အချိန်ကုန်ခဲ့သနည်း"

စာကလေးသည် ပညာမသင်ခဲ့ရ၍ သူ့ဘဝကို စိတ်ဆိုးဝမ်းနည်းရန် လို မလိုဟု ဝေခွဲမရဟန်ဖြင့်–

"ကျွန်တော်လား၊ အတောင် ရှိတော့ လေထဲမှာ အနံ့ ပျံ့သန်းတာပေါ့၊ စားစရာ အသီးအနှံတွေ ရှာဖွေစား၊ အသိုက်ဆောက်၊ ဥတွေဥ၊ သားပေါက်၊ ဒါပဲပေါ့၊ အခုတောင် ဟိုမှာ မြင်လား၊ အသိုက်ဆောက်နေတယ်"

သာလိကာသည် စာကလေး ညွှန်ပြရာသို့ ကြည့်လိုက်ရာ ထောင့်ကိုင်းတစ်ခုတွင် တွဲလွဲကျနေသော အသိုက်ကလေးတစ်ခုကို မြင်ရသည်။ အပြီးမသတ်သေးသော အသိုက်ကို စာကလေး တစ်ကောင်က မြက်စ တစ်စဖြင့် ထုံးရက်၍ ဆောက်နေလေသည်။

သည်တစ်ခါတွင်မူ သာလိကာ အံ့အားသင့်ရလေပြီ။

"ထိုအသိုက်သည် အသင်တို့နေရန် ဖြစ်သလော၊ လူများက လာ၍ ဆောက်မပေးဘူးလား"

"လူတွေက ဘာဆိုင်လို့ ဆောက်ပေးရမှာလဲ"

"ကျွန်ုပ် မြို့၌ နေခဲ့ရသည်မှာ လူတို့ ပြုလုပ်ပေးသော အိမ်လှလှလေးနှင့် ဖြစ်ပါသည်၊ သင်တို့၏ ဘဝကား ပင်ပန်း ဆင်းရဲလှပါတကား"

"သဘာဝရဲ့ဒဏ်ကို ခံနိုင်ဖို့တော့ ကြံဖန်ပြီး နေရတာပဲ၊ ဒီတောထဲ

ရောက်လာရင်တော့ ခင်ဗျားလည်း အသိုက်တစ်ခု လိုလာပြီ၊ တော်ကြာ မိုးရွာရင် ခင်ဗျား ဘယ်မှာ နေမလဲ"

"ကျွန်ုပ်ကား တစ်ခါမျှ အသိုက်မဆောက်ဖူးခဲ့၊ ထို့ကြောင့် မည်သို့ ဆောက်ရမည် မသိ၊ ပလေးတိုးကလည်း မည်သို့ ဆောက်ရမည်ဟု မပြောခဲ့ပေ၊ အသိုက်ဆောက်ရသည်မှာ သိမ်ဖျင်းသောအလုပ် ဖြစ်၍ မပြောခဲ့ခြင်း ဖြစ်ပေလိမ့်မည်"

"ကဲ ဒါဖြင့်လည်း နေရစ်ပေတော့၊ ကျွန်တော်တော့ စာမကို သွားကူလိုက်ဦးမယ်၊ အဲ တစ်ခုတော့ သတိပေးထားခဲ့ဦးမယ်၊ လူသံကြားရင်တော့ သစ်ရွက် ထူတဲ့နေရာ ဝင်ပုန်းနေနော်၊ လောက်လေးစာမိသွားမယ်"

"လူ ဟူသည်မှာ ဤမျှ ရက်စက်လိမ့်မည်ဟု ကျွန်ုပ် မယူဆပါ"

"ဒါတော့ မသိဘူးလေ၊ ကျွန်တော်တို့ ဘဝအတွေ့အကြုံအရ သတိပေးရတာပဲ၊ ခင်ဗျား သင်ခဲ့ရတဲ့ ပညာထဲတော့ ဘယ်လို ပါသလဲ မသိဘူး၊ ကဲ သွားမယ်ဗျာ"

စာကလေး ပျံသွားသောအခါ သာလိကာ တစ်ကောင်တည်း ကျန်နေခဲ့လေသည်။ တခြားငှက်များကလည်း ဆူညံစွာ စားကြ၊ အသိုက်ဆောက်ကြ၊ ဟိုသည်ပျံကြနှင့် သာလိကာကို ဂရုစိုက်မနေကြပေ။ သာလိကာသည် အလုပ်ရှုပ်နေသော ငှက်များကို ကြည့်၍ သူတို့အစား မောနေမိသည်။ ဘာ့ကြောင့် သည်လောက် လှုပ်ရှား လုပ်ကိုင်နေကြကြောင်းကို သဘောမပေါက်။ သူ့ဘဝ၌ သည်လို မလုပ်ကိုင်ခဲ့ရပေ။ ကျွေးသည်ကို စားလိုက်၊ သင်ကြားသည်ကို ရွတ်ပြလိုက်၊ လေချွန်လိုက်၊ အိပ်လိုက်နှင့် လှောင်ချိုင့်ထဲ၌ ကြီးပြင်းခဲ့ရသည် မဟုတ်လော။

သာလိကာသည် စကားပြောဖော် မရှိ၍ အလွန်ပျင်းနေသည်။ ဤတောကြီးကား အင်မတန် ခြောက်သွေ့လေစွ။ သို့သော် မကြာလှပါ။

ညောင်ပင်သို့ ကြက်တူရွေးမတစ်ကောင် လာနားလေသည်။ ကြက်တူရွေးမ၏ လည်တွင် ဆွဲထားသော ဖဲကြိုးလှလှလေးကို မြင်သည်နှင့်ပင် သူ့လို လူတို့လက်မှ ထွက်ခဲ့သော ငှက်တစ်ကောင်ဖြစ်မှန်း သိလိုက်လေသည်။ ထို့ပြင် ကြက်တူရွေးငှက်မ ဖြစ်သည်ကိုလည်း ယခင်က မြို့တွင် ကြက်တူရွေးတစ်ကောင်နှင့် နေခဲ့ရဖူး၍ သိထားသည်။ သည်တော့ သာလိကာက–

"မရွှေကျေး"

ကြက်တူရွေးမသည် ခေါ်သံဘက်သို့ လှည့်လိုက်ပြီး အံ့အားသင့်ဟန်ဖြင့်–

"ရှင် ကျွန်မကို သိတယ်၊ ရှင် ဘယ်သူလဲဟင်၊ ကျွန်မ ရှင့်ကို မသိပါဘူး"

သာလိကာက ခေါင်းကို အသာယမ်း၍ ပညာရှိကြီး လေသံဖြင့် ပြောလိုက်သည်။

"ကိုယ်က သာလိကာပါ၊ သိခြင်းတွေကို ဘာ့ကြောင့် ဘယ်လို သိတယ်ဆိုတာ ရှင်းပြရရင် ကျမ်းတစ်စောင် ဖွဲ့နေရဦးမယ်၊ မရွှေကျေး မမှတ်မိဘူးဆိုရင်လည်း ကိုယ် အပြစ်မတင်ပါဘူး၊ သံသရာဆိုတာက လည်း မေ့လျော့ခြင်း ဆိုတဲ့ ဘဝမြူ လွှမ်းမြဲ ဓမ္မတာ မဟုတ်ပါလား"

ကြက်တူရွေးမသည် သာလိကာ၏ ထည်ဝါသော စကားလုံးများကို ကြားရသောအခါ မည်သည်ကို ဆိုလိုမှန်း ရှင်းရှင်းလင်းလင်း မသိရသည့်တိုင် အထင်ကြီးသွားလေသည်။ ထို့ကြောင့် ဝင်းပသော မျက်နှာဖြင့်–

"ရှင် ပြောလိုက်တဲ့ စကားတွေဟာ သိပ်ကို လေးနက်တာပဲ၊ ဒီလို စကားမျိုးတွေ ပြောတတ်တဲ့ သူဟာ ဒီတောထဲကတော့ ဟုတ်မယ် မထင်ပါဘူး"

သာလိကာကလည်း ဝမ်းသာသွားဟန်ဖြင့်–

"မှန်ပါတယ် မရွှေကျေး၊ ကိုယ်က ရန်ကုန်ကပါ"ဟု အစချီပြီး သူ့ဘဝကို ပြောပြလိုက်သည်။ မရွှေကျေးကလည်း အစ အဆုံး နား ထောင်ပြီးမှ မွန်ရည်သိမ်မွေ့ဟန်ဖြင့် သူမ၏ဘဝကို ပြောပြလေသည်။

"ကျွန်မကတော့ တက္ကသိုလ်ဘွဲ့ရ စာရေးဆရာမကြီးရဲ့ အိမ်မှာ အလုမွေးခံရတဲ့ သူပါ၊ ကျွန်မ သခင်မရဲ့ ဘဝကမှ တကယ့် အနုပညာ သည်ပါပဲ၊ ကြမ်းတမ်းရိုင်းစိုင်းတာ ဘာမှ မရှိဘူး၊ သူ့အပေါင်းအသင်း တွေ ဆိုလည်း တိုက်နဲ့ ကားနဲ့၊ လူတိုင်း စန္ဒရား တီးတတ်တယ်၊ တယော ထိုးတတ်တယ်၊ ကဗျာ ရွတ်ပြတတ်တယ်၊ မဟာဂီတထဲက သီချင်းတွေ တော့ သခင်မတို့ သုံးတာနဲ့ပဲ ဟောင်းနွမ်းကုန်ပါပြီ၊ ဝဏ္ဏနာမည်ဆို အဲဒီထဲက ကူးချလိုက်တာပဲ။ နဝဒေးတို့၊ နတ်သျှင်နောင်တို့ရဲ့ ကဗျာ တွေဆို သခင်မတို့က အာဂုံဆောင်ထားတာ၊ သူတို့ ပြောလိုက်ရင်လည်း တကယ့် စကားလုံး နုနုရွရွလေးတွေ၊ တစ်ခါတလေကျတော့လည်း အင်္ဂလိပ် စာလုံးတွေ ညှပ်ထားတဲ့ အရေးအခေါ် လှလှလေးတွေ၊ သိပ် အထင်ကြီးစရာ ကောင်းတာပဲရှင်။

"သခင်မနဲ့ နေရတာ ကြာတော့ ကျွန်မလို ကြက်တူရွေးတောင် စကားလုံး အနုအလှ အဖူးအရွလေးတွေ ရွတ်တတ်လာတယ်၊ ဒါပေမဲ့ ကျွန်မဟာ လှောင်ချိုင့်စံ မင်းသမီးလေးနဲ့ ဘာခြားနားသေးလဲ၊ ကျွေးတာ စားပြီးတော့ လှောင်အိမ်ထဲမှာပဲ နေရတယ်၊ ကျွန်မလေ လွတ်လွတ်လပ် လပ် ပျံဝဲသွားချင်လိုက်တာ၊ ကံကောင်းချင်တော့ ကျွန်မ အတောင်ကို မေ့ပြီး မဖြတ်တာနဲ့ အလစ်မှာ ထွက်ပြေးလာတာပဲ"

သာလိကာကလည်း သဘောတူစွာဖြင့်–

"ကိုယ့်ဘဝနဲ့ တိုက်ဆိုင်လိုက်လေတယ်ကွယ်၊ မင်းနဲ့ ကိုယ်ဟာ ဘဝတူ အကျိုးပေးတူချင်းပဲ၊ တို့နှစ်ယောက် အဖော်ပြုပြီး ကျယ်ပြောလှ

တဲ့ လောကကြီးအလယ်မှာ လွတ်လပ်ခြင်းရဲ့ အရသာကို ပြည့်ဝစွာ ခံစားရင်းနဲ့ သစ္စာတရားကို ရှာဖွေကြရအောင်လား ဟင်"

"ဟုတ်တယ် ကိုသာလိကာ၊ ကြည့်စမ်းပါဦး၊ ဒီတောကြီးဟာ ဘယ်လောက်များ သာယာသလဲလို့၊ ကျွန်မဖြင့် ကဗျာတစ်ပုဒ်တောင် ရွတ်ချင်လာပြီ"

"ကိုယ် နားထောင်နေပါတယ် မရွှေကျေး"

"မြိုင်ယံတင့်မော၊ ရွက်ရင့်လျှောက၊ တောလည်း မှောင်မှောင်၊ တောင်လည်း ခွေခွေ၊ ရေလည်း လျှမ်းလျှမ်း၊ စမ်းလည်း စိမ့်စိမ့်၊ ငြိမ့်ရရိမ့်တည့်၊ မနိမ့်မမြင့်၊ ဆင့်ရရင့်တွင်၊ ခပ်ဖြင့်စုံကျယ်၊ ရဂုံလယ်၌ တဲ့။ ဘယ်လောက် လွမ်းစရာ ကောင်းသလဲ ရှင်ရယ်"

"ကိုယ့်ရင်ထဲမှာ သိမ့်ငြိမ့် ဆိမ့်အိမ့်သွားအောင်ကို စွဲငြိသွားပါတယ် မရွှေကျေး၊ အဲဒီကဗျာက မရွှေကျေး စပ်တာလားဟင်"

"မဟုတ်ပါဘူး၊ မင်းလှရာဇာကျော်ထင် စပ်တဲ့ စန္ဒကိန္နရီပျို့ထဲက ပါ"

"မရွှေကျေးက စာပေလက်ာဘက်မှာလည်း တော်တော်နဲ့စပ်တာ ပဲနော်"

"ဒါတွေဟာ သခင်မရဲ့ ကျေးဇူးပါ၊ သခင်မက ဝတ္ထုရေးတော့ မယ်ဆိုရင် ပျို့တွေ ရတုတွေ လှန်လှောပြီး ကြိုက်တာတွေ့ရင် ဝတ္ထုထဲ ကူးရေးတော့တာပဲ၊ သခင်မက သိပ်ပြီးတော့ စိတ်အားငယ်တတ်တာပဲ၊ ကျွန်မ ပျောက်တာ သိရင်တော့ သခင်မ ရင်ထဲမှာ မိုးညရဲ့ တိမ်တိုက်တွေလို ညို့မှိုင်းတဲ့ သောကတွေ ဖုံးနေတော့မှာပဲ"

ကြက်တူရွေးမသည် ပြောရင်းနှင့်ပင် မျက်ရည်ဝဲလာ၍ ငိုရှိုက်သံ ပါလာလေသည်။

"မရွှေကျေးက မရွှေကျေးရဲ့ သခင်မအပေါ် တော်တော် သံယော

ဧဉ်ကြီးတယ်ပေါ့"

"ကာမဘုံကရယ်လို့ ဖြစ်လာရင် သံယောဇဉ်တရားကို ရှောင်ရှား မရပါဘူး ရှင်ရယ်၊ အရင်းစစ် အမြစ်က တဏှာလို့ အဘိဓမ္မာက ဆိုတယ် မဟုတ်လား"

"ဟုတ်တာပေါ့ မရွှေကျေးရယ်၊ ကိုယ်လည်း သံယောဇဉ်ကို မပယ် ရှားနိုင်တဲ့သူတစ်ဦးပါ၊ အဲဒါကို မရွှေကျေး ဘယ်လိုသဘောရသလဲဟင်"

ကြက်တူရွေးမသည် ခေါင်းကလေး ငုံ့သွားပြီး ရှက်သွားဟန်ဖြင့် မပွင့်တပွင့်လေး ပြောလိုက်သည်။

"ကျွန်မလည်း အိပ်မက်ထဲမှာ စိတ်ကူးယဉ်ပြီးတော့ ခရီးဖော် ရှာခဲ့ရတာ ကြာခဲ့ပါပြီ ရှင်ရယ်၊ ဒါပေမဲ့ ခုတွေ့ ခုပြောဆိုတော့ မစော လွန်းဘူးလားလို့"

"နောက်ကျတာ စောတာတွေက အဓိပ္ပာယ်မရှိလှပါဘူး၊ အကြောင်း ကတော့ အချိန်ဆိုတာ လူတွေရဲ့ ထင်မှတ်ယုံမှားခြင်းတစ်ခုမို့ပါ၊ ကိုယ် ဟန်မဆောင်ချင်ပါဘူး မရွှေကျေးရယ်၊ ရင်မှာ အသစ်ဖြစ်လာတဲ့ သစ္စာ ပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက် မတင်ဆက် မိလို့ ပင့်သက်ဖိုဖို အလိုမကျ နောင်တ ပိုပိုနဲ့ ငိုရမှာကို စိုးမိတယ်"

"ပိုလွန်းပြီ ထင်တယ်ကွယ်"

"မပိုပါဘူး မရွှေကျေး၊ ဘာတဲ့ အဲ နည်းနည်းလေး မေ့နေလို့၊ သြော် အင်း ဟုတ်ပြီ။ အစက ဘယ်မှာ၊ အဆုံးဟာ ဘယ်ဆီမသိနိုင်ပြီတဲ့။ သံသရာကြီးနဲ့ ချီပြီး အတီတေ ဘယ်ဘဝက ဘယ်လို စတဲ့ သံယောဇဉ် ပါလို့ ..."

ကြက်တူရွေးမက လက်ကာပြ၍-

"ယုံပါပြီတဲ့ ကိုသာလိကာရယ်၊ ရွတ်ပြမနေပါနဲ့တော့၊ အဲဒီ စာသားတွေပါတဲ့ဝတ္ထုကို သခင်မရဲ့မောင်လေး အော်ပြီးကျက်နေလို့

ကျွန်မလည်း အလွတ်ရပြီးသားပါ၊ ကဲ ကဲ သဇင်ခိုင် သူညွှတ်လို့ ယူဆွတ်ပြီး ခေါင်းမှာ ဆင်စေပါတဲ့ ရှင်ရယ်"

"တိတ်ကြစမ်းဟေ့၊ မျက်စိနောက်တယ်၊ နားငြီးတယ်"

တအား အော်လိုက်သော အသံတစ်သံကြောင့် သာလိကာနှင့် ကြက်တူရွေးမတို့က လှည့်ကြည့်လိုက်သည်။ တစ်ကိုယ်လုံး အမွေး အတောင်များ နက်မှောင်၍ အကျည်းတန်လှသော ကျီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ထိုကျီးကပင် ဆက်၍–

"မြို့ပေါ်က လူတွေ ထမင်းကြမ်းခဲတောင် မသွန်တော့လို့ ဘာမှ မစားခဲ့ရတဲ့အထဲ ဘာတွေ လာကြောင်နေကြမှန်း မသိဘူး၊ အလကား အရည်မရ အဖတ်မရ၊ ဘဝနဲ့ ဟပ်စပ်လို့လည်း မရ၊ အဓိပ္ပာယ် မရှိတာ တွေ လာရွတ်နေကြတာ ဘယ်က အရူးတွေလဲကွ ဟေ"

သာလိကာသည် ထိတ်လန့်နေပြီ ဖြစ်သော်လည်း ချစ်ကျွမ်းဝင်စ မရွှေကျေး၏ ရှေ့မှာ ဖြစ်၍ ဟိတ်ဟန် ထုတ်လိုက်ပြီး–

"ကျွန်ုပ်သည် ရန်ကုန်မြို့မှ စာပေကဝိ ကျမ်းတတ်ပညာရှိ အိမ်၌ နေသော သာလိကာကြီး ပလေးတိုးပင် ဖြစ်တော့သည်"

"ဒီတောထဲကို ဘာကိစ္စနဲ့ လာတာလဲ"

"ကျွန်ုပ်၏ အမျိုးအနွယ် ဖြစ်သော ငှက်များသည် တောထဲတွင် မည်သို့ စားသောက်ကြသနည်းဟု လေ့လာလိုသည်က တစ်ကြောင်းတို့ ကြောင့် ရောက်လာခြင်း ဖြစ်ပါသည်"

ကြက်တူရွေးမသည် သာလိကာ၏ ပြောင်းလဲသွားသော ဟန်ကို ပီတိဖြစ်နေလေသည်။ ခုနလေးက သူမကို ခရာ ညတာနေသော သာလိ ကာ၏ စကားလုံးများသည် ယခုအခါ ခံ့ညားထည်ဝါလှပါတကား။

သို့သော် ကျီးက ဘုတောလေသည်။

"ခုနက မင်းတို့ ပြောနေတဲ့ မဟုတ်မဟတ် စကားတွေကို ဝေ

ပေးမယ်ဖြင့် မလိုချင်ပါဘူးကွာ"

ထိုစဉ်တွင် ညောင်ပင်ကြီး၌ အစာရှာရာမှ ပြန်လာကြသော ငှက်များနှင့် များလာပေပြီ။ ဗျိုင်းများ၊ လင်းတများ၊ ချိုးသိမ်း၊ သစ်တောက်ငှက်၊ ဒေါင်း၊ ပျံလွှား စသည်ဖြင့် ငှက်မျိုး စုံလှပေသည်။

ကျီးကန်းက သာလိကာကို စူးစမ်း စစ်ဆေးနေပေသည်။

"ကဲ မင်း တတ်တဲ့ ပညာတွေက ဘာတွေလဲ"

"စာပေ အတွေးအခေါ် ကျမ်းစာများ ဖြစ်ပေသည်၊ အစပထမဦးဆုံး အသင်တို့၏ တောကျမှုကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပေပြီ"

သစ်တောက်ငှက်က သာလိကာ၏ စကားကို ဒေါပွသွားသည်။ သူ၏ နှုတ်သီးကြီးဖြင့် သစ်ကိုင်းကို ပေါက်ချလိုက်ပြီး–

"ဒါ တို့ကို စော်ကားတာပဲ၊ တောကျတော့ ဘာဖြစ်သလဲ၊ ကျမ်းစာကြီးတွေက ငါ့ကို ပိုးကောင်တစ်ကောင် ပေးမှာလား"

"ဒေါသ မကြီးပါလင့်၊ ခန္တီ–သည်းခံခြင်းသည်၊ ပရမံ–မြတ်သော၊ တပေါ–အကျင့်တည်းလို့ ဗုဒ္ဓဘုရားက ဟောခဲ့ပေသည်။ သင်တို့ကို ကျွန်ုပ်သည် ကျမ်းစာများရှိ အဆီအနှစ်ကို ရွတ်ဖတ်တတ်အောင် သင်ပေးလိုသည်"

လင်းတက မှုန်ကုပ်ကုပ်နှင့် ဝင်၍ ဘုတောလိုက်သည်။

"အဲဒီ ကျမ်းစာတွေ ရွတ်တတ်လို့ အစာမဝဘူးကွ၊ အသေကောင်တွေမှ ဗိုက်ဝတာ"

သာလိကာသည် ကြောက်ရွံ့သွားဟန်ဖြင့်–

"အသင်ကား ရိုင်းစိုင်းလှပါဘိ၊ သင်၏ ကိုယ်ကျင့်တရား ကောင်းလာစေရန် နီတိကျမ်းများ သင်ကြားပေးအံ့။ ပြီးတော့ ဣရု၊ ဣဒ္ဓေသဝိဘ၊ ဝရုဏ၊ မရုတ စသည့် မီး၊ တိမ်၊ နေ၊ ကောင်းကင်၊ လေမုန်တိုင်းများကိုပူဇော်သည့် ဂါထာများ၊ သက္ကတဘာသာဖြင့် ရေးသော ဗေဒင်

ကျမ်းများကို လေ့လာကြလော့"

ကျီးကန်းက ဝင်၍ စောဒက တက်လိုက်သည်။

"ကျုပ်တို့အဖို့ ဒါတွေ မလိုပါဘူး။ အစာရေစာ ပေါများဖို့၊ တော မီးမလောင်ဖို့ပဲ အရေးကြီးတာပဲ။ အဲဒီပညာတွေ မပါဘူးလား"

သာလိကာက အတောင်ခါပြပြီး–

"ပလေးတိုးက ထိုအကြောင်းများကို မရေးခဲ့ပါ၊ ထို့နောက် ကျွန်ုပ် ပြောလိုပါသေးသည်၊ ကျွန်ုပ်တို့က သင်တို့အား ပညာသင်ပေးသော ကြောင့် ကျွန်ုပ်တို့နေရန် အသိုက်တစ်ခု ဆောက်ပေးကြခြင်းဖြင့် ပြန် လည်၍ ကျေးဇူးသိတတ်မည်ဟု ထင်ပါသည်"

ချိုးသိမ်းက ရန်လိုသော မျက်လုံးနှင့်–

"ကျုပ်တို့ ငှက်လောကမှာ ကိုယ်နေဖို့အသိုက် ကိုယ့်ဘာသာ ဆောက်ကြရတယ်၊ ဘယ်သူ့မှ အားမကိုးကြဘူး"

သာလိကာသည် ဆင်ခြေပေးလိုက်လေသည်။

"ကျုပ်အနေနှင့် တစ်သက်လုံး အတွေးအခေါ် စာပေကျမ်းဂန်များ ကိုသာ သင်ကြားခဲ့ရသည်ဖြစ်ရာ အသိုက်ဆောက်တတ်ရန် အချိန်မရ ခဲ့ပါ။ လူများ၌ ဆိုလျှင် အိမ်ဆောက်တတ်သူက တခြား လူများအတွက် အိမ်ဆောက်ပေးပါသည်၊ လေမိုး လုံခြုံသော ရွှေလှောင်အိမ်၌ နေခဲ့ရ သော ကျွန်ုပ်သည် ဘဝတူ ငှက်များ၏ အကျိုးကိုကြည့်၍ ဤတောထဲ ၌ အသင်တို့ ဆောက်ပေးသော အသိုက်၌ နေနိုင်ရန် အလွန်ပင် သည်းခံ ၍ ရောင့်ရဲ တင်းတိမ်ရပါဦးမည်"

ကြက်တူရွေးမကလည်း သာလိကာဘက်မှ ဝင်ရောက် ပြောဆို ဆွဲဆောင်ပြန်သည်။

"လောကမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ပညာကို ဆည်းပူးဖို့ ဒါ အခွင့် အရေးတစ်ရပ် ဖြစ်ပါတယ်၊ လက်မလွှတ်ကြပါစေနဲ့။ ပြီးတော့ ပညာ

တတ်ပြီး ယဉ်ကျေးလာရင် အချင်းချင်း ဘယ်လို ဆက်ဆံရမယ်ဆိုတာ သိလာမယ်၊ တကယ်လို့ ရှင်တို့သာ ဂါရဝတရားကို နားလည်ခဲ့ရင် ကျွန်မတို့လို ဧည့်သည်တွေကို ရှိတာလေးနဲ့ ကျေးမွေးပြုစု ဧည့်ခံရမယ် ဆိုတာ သိမှာပဲ၊ ကျွန်မလည်း အစာမစားရတာ တော်တော်ကြာလို့ ဝမ်းဟာနေပါပြီရှင်၊ အဲဒါ ကျေးဇူးပြုပြီးတော့..."

ကျီးကန်းက ခေါင်းယမ်းပြီး–

"လုံးဝ မကျွေးနိုင်ဘူး၊ ကျုပ်တို့ ငှက်ဆိုတာတွေဟာ တစ်မျိုးနဲ့ တစ်မျိုး အစာတူကြတာ မဟုတ်ဘူး၊ ပြီးတော့ ကိုယ့်ဝမ်းအတွက် ကိုယ့်ဘာသာ ရှာဖွေ စားရတာ ထုံးစံပဲ"

သာလိကာက ကျီးကန်းအား–

"အလွန်တရာ မိုက်မဲ ရိုင်းစိုင်းလေစွ၊ သင်၏ ပညာမဲ့မှုအား ကျွန်ုပ် သနားလိုက်ပါဘိ၊ ရှိစေတော့၊ သင်တို့ အားမငယ်ကုန်လင့်၊ သင်တို့အတွက် အလင်းရောင်ကို ကျွန်ုပ် ယူဆောင်လာခဲ့ပြီ၊ သင်တို့သည် ပလေးတိုး၏ ဂေါ့ဂျီယကထာကို လေ့လာဖူးကြပါ၏လော"

စာကလေးက ဝင်ရောက် အဖြေပေးလိုက်သည်။

"ဂေါ့ဂျီယ ဆိုတာဟာ ကောက်ညှင်းစပါးစေ့လို မွှေးရဲ့လား"

"သွပ် သွပ် သွပ်၊ သည်လို ငှက်များအား စကြဝဠာကြီး၏ အဆုံးအစ မရှိခြင်း သဘောတရားကို နားလည် သဘောပေါက်ရန် ကျွန်ုပ် မည်သို့ ပြောရမည်နည်း"

ကျီးကန်းက တအားအား အော်ဟစ်လျက်နှင့်–

"ပြောဖို့ ခက်ခဲလှရင်လည်း ကြိုးစားပြီး ရှင်းမနေနဲ့ပေါ့၊ ငှက်ဘဝ ရောက်လာရင် ငှက်လို နေနိုင်တာ အကောင်းဆုံးပဲ၊ ကျုပ်တို့ တောထဲ လာနေပြီးတော့မှ တောကို ကဲ့ရဲ့ ရှုတ်ချမယ် ဆိုရင်တော့ အမြန်ဆုံး ထွက်သွားလိုက်ပါ"

"သင်ကား အလွန်ရိုင်းစိုင်းပါလား၊ သင်၏ တအားအားနှင့် အသံကပင် ကျက်သရေ ကင်းမဲ့လှသည်၊ သာယာနာပျော်ဖွယ် လုံးဝမရှိ"

ကျီးကန်း စိတ်ဆိုးခြင်း၏ အထွတ်အထိပ်သို့ ရောက်သွားသည်။ ထို့ကြောင့် ညောင်ကိုင်းပေါ်၌ ခုန်ဆွ ခုန်ဆွ လုပ်ရင်း–

"ကျီးပါ ဆိုနေမှ အား အား မအော်လို့ သာဆန်းရဂုံဘွေ ဆိုနေရဦးမှာလားဟ၊ ဒါ ငါတို့ ကျီးမျိုးရဲ့ ပင်ကိုသံ အစစ်ပဲ၊ ဟောဟိုက ဒေါင်းလည်း အိုးဝေလို့ ရင့်ကျူးတယ်၊ စာကလေးကလည်း ကျလီကျလီလို့ မြည်တယ်၊ ဒါ ဆန်းသလား"

သာလိကာက မခိုးမခန့် ရယ်ပြုံးလျက်နှင့်–

"ဤအဖြစ်ပင် သင်တို့၏ အထီးကျန် ခေတ်နောက်ပြန်ဆွဲမှုကို ပြနေပေသည်၊ နိုင်ငံတကာ ယဉ်ကျေးမှုနှင့် ကင်းကွာရာ ရောက်နေပေသည်"

သည်တစ်ခါတွင်တော့ ဣန္ဒြေကြီးလှသော ဒေါင်းကပင် ဆိတ်ဆိတ်မနေနိုင်ဘဲ ကြားဝင်လာသည်။ သူက လှပသော အစိမ်းရောင် မြီးကွက်များကို ဖြန့်ပြလိုက်ရင်း–

"ဟေ့ သာလိကာ၊ မင်းက လူတွေကြား သွားနေပြီး စာပေ ကျမ်းဂန်တွေ၊ နိုင်ငံတကာ ယဉ်ကျေးမှုတွေ ရွတ်ပြတာတော့ ဟုတ်ပါပြီ၊ ဒါတွေကို မင်း တကယ်တတ်မြောက်ရဲ့လား၊ အလွတ် ရွတ်ပြနိုင်ရုံပဲလား။ အေး၊ ဘာပဲပြောပြော မင်းမှာ ပင်ကိုသံ မရှိတာတော့ အမှန်ပဲ၊ ဒါကမှ ရှက်စရာ ကောင်းတာကွ"

ကျီးကန်းက ထောက်ခံလိုက်သည်။

"အေး ဟုတ်တယ်၊ ငါလည်း တောကျီးပေမဲ့ မြို့ကို သွားပြီး သားငါးတစ် အလစ်သုတ်ရင်းနဲ့ အနံ့ရောက်တာပါပဲကွာ၊ မင်းတို့ပြောတဲ့ မြို့က လူတွေဟာ နိုင်ငံတကာနဲ့ ဆက်ဆံရလို့ ထင်ပါရဲ့၊ နည်းမျိုးစုံ

နဲ့ ညစ်ပတ်လိမ်ညာနေကြတာတွေ အများကြီးပဲ၊ နိုင်ငံတကာ ယဉ်ကျေးမှု အမည်ခံပြီး တလွဲတချော်တွေ အတုခိုးတော့ ဘုရားစူးရစေ့ မြန်မာစာသားကို အင်္ဂလိပ်သံအလိုက်နဲ့ မတူတူအောင် ဖျစ်ညှစ်ပြီး အော်ဆိုနေတဲ့ သီချင်းတွေကရော နားမကလောဘူးလား၊ ကဲ တော်ပြီ၊ ရှည်တယ်၊ နေစရာမရှိရင် တို့တောမှာ အေးအေးဆေးဆေး လာနေပေါ့၊ ခုတော့ ငှက်အချင်းချင်းအပေါ် ငှက်တွင်ကျယ် လုပ်ချင်တဲ့ကောင်တော့ ဝိုင်းပြီး ထိုးဆိတ်လွှတ်လိုက်မယ်၊ ကဲ လာကြဟေ့ ဆက်ရက်တို့၊ လင်းတကြီးတို့"

ကြက်တူရွေးမသည် ပျာပျာသလဲနှင့် အထိတ်တလန့် ဖြစ်နေလေသည်။ သာလိကာအား ဝိုင်းလာကြသော ငှက်တို့အား တောင်းပန်သံဖြင့်–

"ကျွန်မ ပြောတာ အမှားပါရင် ခွင့်လွှတ်ကြပါရှင်၊ ကျွန်မတို့ဟာ ငှက်အချင်းချင်းတွေပဲ၊ တစ်ကောင်နဲ့တစ်ကောင် မေတ္တာရှေ့ထားပြီး သဘောထားကြီးကြရင် မမှားပါဘူးရှင်၊ ရန်သူပင် ဖြစ်ပေမဲ့ လက်နက်ချရင် ကျေအေးရတာ ထုံးစံတစ်ခုပါ၊ တစ်ဦးနဲ့တစ်ဦး ရန်မလိုတာဟာ ငြိမ်းချမ်းရေးရဲ့ လက္ခဏာတစ်ခု ..."

လင်းတက အာခေါင်သံကြီးဖြင့်–

"လာပြန်ပြီလား မေတ္တာထားရေး ရွှေပြည်အေးဝါဒ၊ နယ်ချဲ့တွေရဲ့ မစားရ ဝခမန်း လက်သုံးစကားလုံးတွေဟာ မင်းတို့သခင်မဆီ ရောက်တာ တော်တော်ကြာပြီ ထင်ပါရဲ့၊ တို့ကို ပျားရည်နဲ့ ဝမ်းလာမချနဲ့ဟေ့၊ ဒါမျိုးတွေက ကြားရဖန် များလွန်းလို့ ဆီသည်မလက်သုတ် ဖြစ်နေပြီ၊ ငါတို့ကို မေတ္တာဝါဒ ဗန်းပြပြီး လိမ်ညာစားဦးမယ့် ငှက်နပ်ချမ်းသာတွေ၊ သွားပေတော့၊ အမြန် ဒီနေရာက ထွက်သွားပေတော့"

သာလိကာသည် ကြောက်ရွံ့လွန်း၍ တုန်လှုပ်နေပေပြီ။ ထို့ကြောင့်

ကြက်တူရွေးမဘက် လှည့်ပြီး–

"အဘယ် မရွှေကျေး၊ သူတို့ လက်မခံလိုလျှင်လည်း ရှိစေတော့၊ အသေဝနာစဗာလနံ–လူမိုက်တို့နှင့် ကင်းကွာခြင်းသည် မင်္ဂလာမည်ပေ၏။ ထို့ပြင် အပိယေဟိ–မချစ်မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်၊ သမ္ပယောဂေါ–အတူတကွ ပေါင်းယှဉ်ရခြင်းသည်၊ ဒုက္ခော–ဆင်းရဲ၏တဲ့။ ဆင်းရဲခြင်းမှ ကျွန်ုပ်တို့ သွားကြပါစို့"

"အမယ်၊ ငါတို့ကိုများ မိုက်သလေး ဘာလေးနဲ့ စော်ကားလှတယ်၊ ကဲ ဝိုင်းတွယ်ကြစမ်းကွာ"ဟု ပြောပြောဆိုဆို ကျီးကန်းက သာလိကာကို ထိုးဆိတ်လိုက်ရာ၊ တခြား ငှက်များကပါ ကြည့်မရတာ ကြာလှပြီဖြစ်၍ ကြက်တူရွေးမကိုပါ ထိုးဆိတ်ကြလေသည်။ ပလေးတိုး၏ ကထာများ ရွတ်တတ်သော သာလိကာနှင့် မဟာဂီတကို အာဂုံဆောင်သော ကြက်တူရွေးမတို့သည် ငှက်နှုတ်သီးနှင့် ထိုးဆိတ်ခြင်း အရသာကို အလူးအလဲနှင့် လေ့လာသိရှိသွားပြီးနောက် လွတ်အောင် မနည်းကြီး ထွက်ပြေး ပျံသန်းခဲ့ရလေသည်။

ဘေးလွတ်ကင်းရာ သစ်ပင်ကြီး တစ်ပင်သို့ ရောက်သောအခါ သာလိကာနှင့် ကြက်တူရွေးမတို့သည် အသက်ကို မှန်မှန် မရှူနိုင်သည် အထိ မောဟိုက် နွမ်းနယ်၍ နေလေသည်။ ကိုယ်ပေါ်ရှိ ဒဏ်ရာများမှလည်း သွေးများ စီးကျနေပေသည်။

သာလိကာသည် ကြက်တူရွေးမအား–

"ကျွန်ုပ်၏ ချစ်လှစွာသော မရွှေကျေး၊ စိတ်အား မငယ်လင့်၊ ဘဝဟူသည် ဤသို့ပင် တစ်ခါတစ်ရံ ဆူးလွှမ်းခရီးကို ကြုံတတ်ရချေသည်"

ကြက်တူရွေးမသည် သာလိကာအား နွမ်းလျလျ ဟန်ဖြင့် မော့ကြည့်လိုက်ပြီး–

"ပြေးရလွှားရနဲ့ ဝမ်းထဲက သိပ်ဟာနေတယ် ကိုသာလိကာရယ်၊ ခက်တာက ဘယ်သီးနှံကို စားရရင် ကောင်းမှန်း ကျွန်မ မသိတာပဲ၊ ရှာလည်း မရှာတတ်ဘူး"

"ရှာဖွေစားရန်လည်း မလွယ်ပါ၊ အကယ်၍ မသင့်သော အသီး စားမိလျှင် ဒုက္ခရောက်ပေလိမ့်မည်၊ ဤရာသီ၌ မည်သည့် အသီးနှင့် သင့်ကြောင်းကို ကျမ်းနှင့်ညှိရန် လိုအပ်လှသည်။ ဥတုဘောဇနကျမ်း လည်း အိမ်၌ ကျန်နေခဲ့သည်။ ကျွန်ုပ်တို့ သည်သို့ နေရုံမှလွဲ၍ ဘာမျှ တတ်နိုင်လိမ့်မည် မဟုတ်"

ဝမ်းထဲက ဆာလောင် မွတ်သိပ်လာသောအခါ ကြက်တူရွေးမ လည်း စိတ်မရှည်ချင်တော့။

"အို တော်စမ်းပါ၊ စာသံပေသံကြီးနဲ့ တခြားလူတွေ အထင်ကြီး အောင် တမင် လုပ်ပြောမနေပါနဲ့။ ဒီမှာ ရှင်နဲ့ကျွန်မပဲ ရှိတယ်၊ ကဲ ကြည့်စမ်းပါဦး၊ အစာလေး ဘာလေး စားရအောင်"

သာလိကာသည် ခေါင်းကို တွင်တွင်ကုတ်နေမိတော့သည်။ သူ့ အဖို့ အစားအသောက်ဟူသည် လှောင်ချိုင့်ထဲရှိ ခွက်ကလေးထဲ၌ နေ့တိုင်း ရောက်နေစမြဲ ဖြစ်၍ အစာသည် မည်သည့်မှ မည်သို့ ဖြစ်လာကြောင်း ကို မသိရှာခဲ့ပေ။ သိရန်လည်း မကြိုးစားခဲ့။ သည်တော့ သာလိကာက ကြက်တူရွေးမကို ချော့ရတော့သည်။

"မကျေးရယ်၊ ကိုယ် အရစ္စတိုတယ်အကြောင်း ပြောမယ်လေ"

"တော်စမ်းပါ စိတ်ညစ်ရတဲ့အထဲ၊ အင်း ငါ ထွက်လာခဲ့မိတာ ကိုက မှားတာပဲ၊ အိမ်မှာဆို ဒီလို ဒုက္ခရောက်မှာ မဟုတ်ဘူး၊ ဒီအချိန်ဆို သခင်မတော့ သဇင်နံ့လေးတွေနဲ့ သင်းပျံ့နေတဲ့ မှန်ခန်းမထဲမှာ စန္ဒရား ကို တို့ထိနေရောပေါ့"

ခေတ်ပညာတတ် လူတန်းစားတို့နှင့် နေခဲ့ရသောကြောင့် ၎င်းတို့

နှင့် ညဉ်တူခဲ့ပြီဖြစ်သော သာလိကာနှင့် ကြက်တူရွေးမတို့သည် အစ ပထမတော့ သူတို့ကိုယ်သူတို့ အထင်ကြီးခဲ့ကြသည်။ အိမ်မှ ထွက်ခွာ ခဲ့စက တော်လှန်ရေးကြီး တစ်ခုကို အောင်မြင်ပြီးခဲ့သလို ဂုဏ်ယူခဲ့ကြ သည်။ လှောင်ချိုင့်နှောင်ကြိုးများမှ ကင်းလွတ်ခဲ့ပြီဟု အားတက်ခဲ့ကြ သည်။

သို့သော် ယခုလို ဝမ်းဆာလောင်၍ ဘာမျှ မလုပ်တတ် မကိုင် တတ်၊ ပြင်ပလောကကြီးနှင့် အဆင်မပြေ ဖြစ်လာသောအခါ စိတ်ပျက် လွယ်လှသည်။ အားငယ်လွန်းကြသည်။ နောက်ဆုံး၌ လှောင်ချိုင့်ကိုပင် ပြန်လည်တမ်းတကြလေသည်။

ယခု သာလိကာနှင့် ကြက်တူရွေးမတို့သည်လည်း သစ်ကိုင်း တစ်ကိုင်း၌ ငူတူတူ ငိုင်တိုင်တိုင်လေး နားနေရုံမှတစ်ပါး ဘာမျှ မလုပ် တတ်ကြတော့။ ဝမ်းဆာလောင်မှုဒဏ်ကို အလူးအလဲ ကြိတ်မှိတ်ခံစား နေကြရသည်။ အချစ်တို့၊ သစ္စာတို့၊ မေတ္တာတို့၊ အသည်းနှလုံးတို့ကို ပြောရန်လည်း စိတ်ကူးမရှိကြတော့။

သည်လိုနှင့် ညသို့ ရောက်လာသည်။ တောကြီး တစ်ခုလုံးသည် မှောင်မည်း၍ တိတ်ဆိတ်လွန်းလှသည်။ တိုက်ခန်းထဲမှ နီယွန် မီးရောင် အောက်၌ အနေများခဲ့သော သာလိကာတို့သည် အမှောင်ကြီးထဲ၌ ကြောက်ရွံ့စိတ်များနှင့် ရင်တုန်နေကြရလေသည်။

ညလယ်ခန့်တွင် မိုးကြီး သည်းထန်စွာ ရွာသွန်းချပြန်သည်။ ကြောက်လန့်စဖွယ် မိုးခြိမ်းသံများ၊ လျှပ်စီးလက်ခြင်းများကြောင့် ကြက် တူရွေးမသည် ခေါင်းပင် မဖော်ရဲတော့။ သာလိကာခမျာလည်း အား ပေးရန် မဆိုထားနှင့်၊ သူကိုယ်တိုင်ပင် စိတ်အားငယ်လှပေပြီ။ တစ်ကိုယ် လုံးလည်း မိုးရေတို့နှင့် ရွှဲရွှဲစိုနေလေပြီ။ သို့သော် မည်သည့်နေရာ၌ မိုး ခိုရမှန်းလည်း သူတို့ မသိ။ နှစ်ယောက်စလုံး ခိုက်ခိုက်တုန်အောင် ချမ်း

အေးလှသည့်တိုင် ငုတ်တုတ်ခံနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်ကြပေ။

သူတို့၏ဘဝ၌ အရှည်လျားဆုံးဟုထင်ရသော ညသည် ကျော်လွန်သွားပြီး နောက်တစ်နေ့ နံနက်ခင်းသို့ရောက်တော့မှ ရင်တမမ နေရခြင်းမှ ကင်းလွတ်ပြီး စိတ်အေးရတော့သည်။ နေထွက်ပြီး စိုနေသော ခန္ဓာကိုယ်များ ခြောက်သွေ့သည်အထိ စောင့်နေရသေးသည်။ ပြီးမှ ဘယ်ဝယ်ဟု မသိနိုင်သော အရပ်သို့ နှစ်ကောင်တွဲ၍ ပျံဝဲရလေသည်။ သူတို့သည် ယခင်က နေခဲ့ရသော အိမ်များသို့ ပြန်ရောက်ချင်လှသော်လည်း ပြန်လမ်းကို မမှတ်မိ။ ရန်ကုန်သည် မည်သည့်အရပ်၌ ရှိကြောင်းလည်း မသိလေရာ ဦးတည့်ရာသို့ ပျံသန်းရင်း မတော်တဆ တွေ့လိုတွေ့ငြား ဟူသော မျှော်လင့်ချက်ကလေးနှင့်သာ အားတင်းနေကြရလေသည်။

ကြာတော့ ရေဆာလာသည်။ မောလည်း မောလာပြီ။ ဟောရှေ့က မြေပြင်မှာ ရေအိုင်လေးတစ်အိုင်။ ဘေး၌ ချုံပင်လေးများ ဝိုင်းရံထားသည်။ စိတ်လက်ကြည်သာ ဆိုပါက ကြက်တူရွေးမသည် ဘာမျှအတွေးအခေါ် မသစ်ဆန်းသည့် သစ်ရွက်ကလေးတွေ စိမ်းကြောင်း၊ ရေကလေးက ကြည်နေကြောင်းကို ကဗျာရွတ်ဦးမည်မှာ မုချ။ ခုတော့ ရေဆာလွန်းလှ၍ ဟန်မဆောင်နိုင်ဘဲ ရေအိုင်ကလေးဆီသို့ ထိုးဆင်းလိုက်သည်။

မြေပြင်သို့ ဆင်းမိ၍ ရေအိုင်သို့ ကပ်လိုက်ရာ ခြေထောက် တင်းခနဲ အဆွဲခံလိုက်ရသည်။ ငုံ့ကြည့်လိုက်တော့ ကြိုးစကွင်းလေးများက ခြေထောက်တွင် စွပ်မိနေသည်။ ရုန်းကန်၍လည်း မရ။

သာလိကာကို ကြည့်လိုက်တော့လည်း အတူတူပင်။ သူလည်း အားယူ၍ ပျံကြည့်သေး၏။ မရ။ ညွတ်ကွင်းက တင်းခံပြီး ဆွဲထားသည်။

မကြာမီ၌ ခွေးဟောင်သံများနှင့်အတူ လူတစ်ယောက်၏ လေချွန်

သံကို ကြားလိုက်ရသည်။

သူတို့သည် လူတို့ တမင်ထောင်ထားသော ညှတ်ကွင်းထဲ၌ မိနေသည်ဖြစ်ကြောင်းကို မသိရှာသော သာလိကာသည် လူသံကြား၍ ဝမ်းသာသွားသည်။ လူရောက်လာလျှင် သူတို့အား ငြိနေသော ကြိုးများမှ ဖြုတ်ပေးပြီး အစာကျွေးပေတော့မည်ဟု ထင်နေလေသည်။

သူတို့အနီးသို့ ခွေးများက အရင်ရောက်လာရာ ဝိုင်း၍ ဟောင်ကြ ဟိန်းကြသည်မှာ သွေးပျက်သွားခမန်းပင်။ ခွေးဟောင်သံ ကြားရာဘက်သို့ လူတစ်ယောက်လည်း အပြေးကလေး ရောက်လာသည်။

သူသည် အသားမည်းမည်း၊ အပေါ်ပိုင်း ဗလာဟင်းလင်း။ ပုဆိုးကြမ်းတစ်ထည်ကိုသာ တိုတိုလေး ဝတ်ထားသည်။ ခါးတွင် ဓားတစ်ချောင်း ထိုးထားသည်။ သာလိကာနှင့် ကြက်တူရွေးကို မြင်သောအခါ ဝမ်းသာအားရနှင့် ပြေးကပ်လိုက်လေသည်။ ပြီးတော့ သာလိကာ၏ ခြေမှ ညှတ်ကွင်းကို ဖြုတ်ပေးလိုက်သည်။

သာလိကာသည် ထိုလူအား ကျေးဇူးတင်စကားပြောရန် စိတ်ကူးပြီး စကားလုံး ခုံခုံညားညား ရှာနေစဉ်၌ပင် ဖုန်းခနဲ မြေပေါ်သို့ ကိုင်အပေါက်ခံလိုက်ရရာ အသံပင်မထွက်လိုက်ရဘဲ အသက်ပျောက်သွားရရှာသည်။ ကြက်တူရွေးမသည် ထိုအဖြစ်အပျက်ကိုကြည့်၍ သွေးပျက်သွားရှာသောကြောင့် မေတ္တာတရားကိုပင် မပြောနိုင်တော့။ တောကအပြန်အိမ်က မိန်းမအား မျက်နှာလုပ်စရာရ၍ ဝမ်းသာနေသော ကျေးလက်တောရွာသားကြီးသည် ကြက်တူရွေးမကိုလည်း ကိုင်ပေါက်လိုက်ပြန်သည်။ သူ့သခင်မ ရေးသော အချစ် အလွမ်း ဝတ္ထုရှည်ကြီးများ၌ ပါသည့် ဇာတ်လိုက်မင်းသမီးလေးများ သေခါနီး၌ အသက် အလွန်ပြင်းကြသည်။ တော်ရုံနှင့်မသေဘဲ ပြောချင်သမျှကို လွမ်းစရာ စကားလှလှလေးများနှင့် ပြောပြီးမှ သေသွားကြစမြဲ။ အခု သူမ မတော့ ဖုန်းခနဲဆို

ကဗျာမဆန်ဘဲ သေရပြီ။

တောသားကြီးသည် ငှက်သေနှစ်ကောင်ကို ခါးပိုက်ထဲထည့်၍ ရွာသို့ ပြန်လာလေသည်။ ပြီးတော့ ထိုငှက်သေနှစ်ကောင်အနက် သာလိကာသည် ပလေးတိုး၏ ကထာများကို အာဂုံဆောင်နိုင်သည့် ကျမ်းစာပေ ဂန္ထဝင်ပညာရှိမှန်းလည်း မသိ။ သိရန်လည်း မလို။

သူ သိသည်ကား သည်နေ့ညစာထမင်းကို ငှက်သားဟင်းနှင့် တဝကြီး ဟဲလိုက်ရလျှင် ဗိုက်ကားသွားမည်ကိုသာ ဖြစ်လေသည်။

သာလိကာတော့ သည်အချိန်ဆိုလျှင် ကောင်းကင်ဘုံ၌ ပလေးတိုး၊ ရှိတ်စပီးယားတို့နှင့် ဂန္ထဝင်စကားများ ဆွေးနွေးနေပြီလား မဆိုနိုင်။

**မိုးဝေမဂ္ဂဇင်း။ ဩဂုတ်၊ ၁၉၇၂**

❑

# ဆောင်

■ မာန်မြင့်

မြစ်ကြီးနား၏ ဆောင်းညသည် ရက်ရက်စက်စက်ပင် ချမ်းအေးနေပေသည်။

ကျွန်တော်တို့ရှေ့ရှိ မီးဖိုမှ ထင်းများသည် အရှိန်ပြင်းစွာဖြင့် တောက်လောင်နေသည်။ သို့သော် မီးအပူရှိန်ကလည်း ကျွန်တော်တို့အား လုံလောက်သော နွေးထွေးခြင်းကို မပေးနိုင်။ ရင်ဘတ်နှင့် မျက်နှာများသည်သာ ပူနေသော်လည်း ကျောဘက်ကတော့ စိမ့်၍ အေးနေမြဲပင်။ သို့သော် သည်ညတော့ အိပ်ရန် ကျွန်တော်တို့ စိတ်မကူးနိုင်ကြ။

မြစ်ကြီးနားသို့ နေ့နှစ်နာရီတွင် ဆိုက်လာမည့် စာပို့ရထားသည် ထုံးစံအတိုင်းပင် နောက်ကျနေသောကြောင့် ည ခြောက်နာရီမှ ရောက်လာသည်။ သည်နေ့ ဝင်လာဖြစ်သည်မှာပင် ကံကောင်း၍ဟုလည်း ဆိုနိုင်ပါသည်။ လာရင်းတန်းလန်းနှင့် မိုးချုပ်သွားသောကြောင့် မိုးကောင်းဘူတာ၌ ရထားရပ်နား ညအိပ်ရပြီး နောက်တစ်နေ့ကျမှ မြစ်ကြီးနားသို့ ရောက်ရသော အကြိမ်ပေါင်းကလည်း မနည်းတော့။ သို့သော် ကျွန်တော့်အတွက်ကတော့ ရထား နောက်ကျသည်က အကြောင်းမဟုတ်ပါ။ ထိုရထားနှင့် မိုးကောင်းမှ ကိုစိန်လွင်တို့ ပါလာခြင်းက အကြောင်း

ဟုတ်သည်။ ပြီးတော့ သူတို့၌ အိပ်ရာလိပ်ပါမလာခြင်းက ပို၍ အကြောင်းဟုတ်သည်။ အကြောင်း အပဟုတ်ဆုံးကား ကျွန်တော့်အိမ်တွင် ဆောင်း ရာသီ၌ ဧည့်သည်လာလျှင် ပေးရန်စောင် လုံလုံလောက်လောက် မရှိ ခြင်းပင် ဖြစ်သတည်း။

ကိုစိန်လွင်သည် မိုးကောင်းမှ လမ်းစဉ်လူငယ် စည်းရုံးရေးမှူး ဖြစ်ပြီး သူနှင့်ပါလာသော ကိုကျော်မြင့် ဆိုသည့် သေးသေးကွေးကွေး ကုပ်ချောင်းချောင်းလေးမှာ ကုန်သွယ်ရေးက ဖြစ်သည်။ သို့သော် ကျွန် တော် သူတို့နှင့် သိကျွမ်း ခင်မင်နေခြင်းတွင် ဘယ်ဌာနက ဘာကောင် တွေဟု အသိအမှတ်ပြုခြင်းမျိုး မရှိလှပါ။ စာပေ၌ ဝါသနာပါသူများ အဖြစ် စာပေစကားကို အပြန်အလှန် ပြောဆို၍ ရကြသူများ ဖြစ်သော ကြောင့်သာ ရင်းနှီးနေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ချင်းတွေ့လျှင် အသက် ရာထူး အတန်းပညာ ဌာန များသည် ဘာမျှ အရေးမပါ အရာမရောက်ပါ။ ဘယ်စာအုပ် ဖတ်ပြီး ပလား၊ ဘယ်စာရေးဆရာက ဘယ်အကွက်တော့ ဘယ်လိုကောင်းတာ စသည်တို့ကိုသာ ပြောရလျှင် ထမင်းမေ့ ဟင်းမေ့။ ဇနီးများက ချက် ကျွေးလျှင်တော့ မငြင်းကြပါ။

ယခုလည်း သူတို့ ရောက်လာကြခြင်းသည် ကိစ္စအထူးအထွေ ရှိ၍မဟုတ်။ နမ္မတီး၌ လုပ်စရာ အလုပ်က နေ့ဝက်နှင့် ပြီးသွားသော ကြောင့် ထိုမှာ တစ်ညအိပ်ရမည့် အတူတူ ကျွန်တော်နှင့် စကားပြောနေ သည်က ပို၍ကောင်းမည်ဟု တွေးမိကြ၍ မီးသောရထားနှင့် မြစ်ကြီးနား သို့ လိုက်လာခဲ့ကြခြင်းပင် ဖြစ်သည်တဲ့။

ကျွန်တော်ကတော့ ကြိုတင်ပြောထားပါသည်။

"စောင် ပေးစရာတော့ မရှိဘူးနော်"

"သိပ်လည်း ကြွားမနေပါနဲ့ကွာ၊ နင့်အိမ်အကြောင်း သိပြီးသား

ပါ၊ တို့ကလည်း အိပ်ဖို့လာတာ မဟုတ်ပါဘူး၊ မီးလှုံရင်း စကားပြော ကြမှာပါ၊ ဟိုအရင်ညတွေကလိုပဲပေါ့"

မကြာမီ၌ပင် ကိုစိန်လွင်တို့ လာသည်ဟု အခေါ်ခိုင်းလိုက်သော ကြောင့် ကျွန်တော်၏ အပေါင်းအသင်းများ ရောက်လာကြသည်။ လူ တွေ့လျှင် မျက်နှာကို နောက်မှကြည့်ပြီး လုံချည်အဆင်ကို အရင်ငုံ့ကြည့် လေ့ရှိသော ကချင်လုံချည် ရက်ကန်းထောင်ကြီး ကိုညဏ်ညွှန့်က အမဲ ခြောက်မြှောင်းများကို ပုဆိုးခါးပိုက်ထဲ ထည့်ယူလာသည်။ ရန်ကြီး အောင် ရပ်ကွက်၏ မျက်စိကြီး နားကြီး ပုဂ္ဂိုလ်များထဲတွင် တစ်ယောက် အပါအဝင်ဖြစ်သော ကိုထင်ပေါ်ကမူ ကချင်အရက်နှစ်လုံးကို လက်မှ ဆွဲပြီး ဝင်လာရင်း သူကြိုက်နှစ်သက်သော အစာကို ဖုံးဖုံးဖိဖိလေး ဆင်ခြေ ပေးသည်။

"ညဥ့်နက်ပိုင်းကျတော့ အေးမှာ စိုးလို့ဗျ၊ ဟဲ ဟဲ"

သည်လိုနှင့် ကျွန်တော့်အိမ်၏ မီးဖိုဆောင်ထဲတွင် ဂုန်နီအိတ်များ ခင်းပြီး စကားဝိုင်း ဖြစ်သွားတော့သည်။ ကျွန်တော် ရထားသောအိမ်သည် မည်သည့်ကာလက ဆောက်ထားမှန်း တိတိကျကျမသိနိုင်လောက် အောင် သက်တမ်းကြာလှပြီ ဖြစ်သောကြောင့် ဟောင်းနွမ်းနေပြီ ဖြစ် သော်လည်း အုတ်စီ ရှေးမီးဖိုကြီး ကျန်နေခြင်းကတော့ ယခုလို ညများ တွင် ဟန်ကျလှပေသည်။

ကျွန်တော်၏ဇနီးကလည်း ကလေးများကို သိပ်ရင်းနှင့် သူပါ အိပ်ပျော်သွားသောကြောင့် စကားဝိုင်းတွင် ကျွန်တော်တို့ချည်း လွတ် လွတ်လပ်လပ်ပင်။

စာဆိုတော်နေ့ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်သို့ မကြာခင်ကလေး ကမှ ရောက်ခဲ့သူ ကိုစိန်လွင်မှာကလည်း ရန်ကုန် စာရေးဆရာလောက အကြောင်းကို ပြန်ပြောစရာများက အပြည့်ပါလာသည်။ မိုးဝေမဂ္ဂဇင်း၏

အပြောင်းအလဲသတင်းကလည်း မိုးဝေမဂ္ဂဇင်း၌ စာရေးနေသော ကျွန်တော့်အတွက် အရေးပါလှသည်။ သတင်းကောင်းဖြစ်သောကြောင့် ကျွန်တော့်တွင် မိုးဝေမဂ္ဂဇင်းနှင့်ပတ်သက်၍ အသစ်အသစ်သော မျှော်လင့်ချက်များ ဖြစ်ပေါ်လာပြန်သည်။ ဘာလိုလိုနှင့် မိုးဝေမဂ္ဂဇင်း၌ ကျွန်တော် စာမရေးဖြစ်သည်မှာ တစ်နှစ်ပင် ကျော်လာပါပေါ့လား။

ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်ကို ဝိုင်း၍ ဝေဖန်ကြပြန်သည်။ ရှောင်ထွက်သွားပြီလား ဟူသည့် သဘော သက်ရောက်လာသော စကားဖြင့် ချေချွတ်ကြသည်။ ကျွန်တော်ကလည်း ရေးမှာပါ ဟူသော အဖြေကလွဲ၍ ပေးစရာမရှိ။ ကျွန်တော် ရေးသော်လည်း မပါဖြစ်သည့် စာမူများအကြောင်းကို သူတို့လည်း သိထားကြသည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်လာသည်။ ကိုစိန်လွင် ဆိုသူကလည်း သူ့အကြောင်းကိုများ ပြောရစတမ်းဆိုလျှင် လုံးစေ့ပတ်စေ့ ပြောတတ်သည်။ သူမို့လည်း မှတ်မိ၊ မှတ်မိပြန်၍လည်း ပြောတတ်လှသည်။ သူ ဘယ်လိုတော်ကြောင်း အမွှမ်းကလေးများ ကဲနေသည်ကိုမှ သူလည်း လေ လောကီသားပေမို့ဟု ခွင့်လွှတ်လိုက်ကြကာ စိတ်ရှည်လက်ရှည်ပင် ကျွန်တော်တို့ နားထောင်ကြပါသည်။ တစ်ခါတစ်ရံတွင် သူ့စကားများသည် ဘုရားဖူးလည်ခန်း၊ ထမင်းစားခန်း၊ သီချင်းဆိုခန်း စသည့် အပိုခန်း များများပါသော ပေရှည် ဗမာရုပ်ရှင်ကားကို ကြည့်ရသလိုပင်။

ကိုညဏ်ညွန့်ကတော့ စကားဝိုင်းတွင် အတို့အထောင် အကော်အကတ်၌ စံထားရသည်။ သူများပြောစကားကို သေသေချာချာ နားထောင်ပြီးမှ ချက်ကောင်း တွေ့လျှင် အပိုင်ကိုင်၍ ထိုစကားနှင့်ပင် ပြောသူကို ကသိကအောက်ဖြစ်အောင် မေးခွန်းထုတ်လေ့ရှိသည်။ လူကလည်း ပန္နင်းလူထွက် တောင်သူလယ်သမားပောင်း၊ ရပ်ကွက်လူကြီး အငြိမ်းစား၊ ယခု ရက်ကန်းထောင်ဆိုတော့ ဘဝစုံထားသည်။ ဘက်ပေါင်းစုံနေ

ပြီး အကော်အကတ်တွေနှင့် ဆင့်ကဲဆင့်ကဲ မွေပေလိမ့်မည်။ သူ ကလိလိုက်၊ ရိလိုက်သောကြောင့် ကိုစိန်လွင်ကြီး မခံချိမခံသာဖြစ်ပြီး နှုတ်ခမ်းမွေးများ ထောင်ထောင်လာသည်ကို ကြည့်ရသည်မှာ ရယ်စရာ ကောင်းလှသည်။

ကိုထင်ပေါ်ကတော့ တစ်မျိုး။ သူ ယူလာသော အရက်နှစ်ပုလင်းကို သူသာ အများဆုံးသောက်သည်။ နဂိုကမှ စကားပြော သန်ရသည့်အထဲ အရက်ရှိန်လေး ရလာသောအခါ သူဆွေးနွေးချင်သည်တို့က ဆွဲထုတ်၍ မကုန်တော့။ ဆွေးနွေးချင်သည်ကလည်း နိုင်ငံရေးစကားထက်တစ်လက်မလေးမှ မလျှော့ချင်။ သူ စိတ်ပါလက်ပါ ဆွေးနွေးနေပြီဆိုလျှင် ဘေးမှ လေး ငါးအိမ် ကြားအောင် အသံမြင့်လာလေ့ရှိသည်။ ယှဉ်ပြိုင်ပြီး ငြင်းကြရပြီဆိုလျှင်တော့ မည်မျှ အသံကျယ်လာမည်ဆိုသည်ကို စဉ်းစားသာ ကြည့်ကြပေရော့။

ကိုထင်ပေါ်နှင့် အနီးကပ်ဆုံးလိုက်၍ အရက်သောက်နိုင်သူမှာ ရှမ်းစုသမဆိုင်မှ ညွန့်ဆွေ ဖြစ်သည့်။ လူကသာ သေးသေးကွေးကွေးဖြစ်သော်လည်း သောက်လိုက်လျှင် ရေ ဘယ်တော့မှ မရော။

ကျွန်တော်တို့ ဝိုင်းထဲ၌ ရွှေဘိုသားများ၏ တောက်ပြောင်သော အစဉ်အလာကို မှေးမှိန်အောင် ရွှံ့သုတ်နေသူမှာ တိုင်းရင်းသားစာပေမှ ကိုကျော်စိန်ပင် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူသည် အရက် လက်တစ်လုံးကို ရေတစ်ဖန်ခွက်ရောပြီး အမဲခြောက်ဖုတ်ကိုသာ အများဆုံး နှိုက်၍ စားနေသောကြောင့် ဖြစ်သည်။ မိုးကောင်းမှလာသော ကိုကျော်မြင့်ကတော့ စကားဝင်မပြော။ ပြောသူတို့၏ မျက်နှာကိုသာ မော့်ကြည့်ရင်း သူပြောနေရသကဲ့သို့ ပီတိလေးဖြစ်လျက် နားထောင်နေလေသည်။ သူနှင့်ပြိုင်၍ တောမိ လုပ်နေသူမှာ ကိုထင်ပေါ်နှင့် အတူပါလာသည့် ဆောက်လုပ်ရေးရုံးမှ အောက်တန်းစာရေး ကိုသာမောင်ပင်

ဖြစ်ပါသည်။

ကျွန်တော်တို့၏ ဗိုက်ထဲတွင် တစ်စတစ်စဖြင့် ရေများ ပြည့်လာသောကြောင့် တင်းမာမှုကို လျော့ပါးသွားစေရန် အပြင်သို့ ထွက်ပြီး အောက်ရေများ ထုတ်ကြရသည်။ အေးမြသောလေက ကျီစယ်လိုက်သောကြောင့် ကျွန်တော်တို့မှာ တွန့်ခနဲ ဖြစ်ကုန်ကြသည်။ ကောင်းကင်တွင် လကလည်း ဝင်းဝင်းပပ သာနေသည်။ နှင်းများ ကျနေသောကြောင့် ညသည် ပို၍ လှနေသည်။

ကုံကော်လေနှင့် ကင်းလွတ်ခဲ့ရသည်မှာ မကြာလှသေးသော ကျွန်တော်၏ညီ ခင်မောင်တင့်က လူငယ်တစ်ဦးပီပီ စိတ်ကူးယဉ်ဆန်ဆန် ပွင့်အန်ထွက်လာသည်။

"လှလိုက်တဲ့ ဆောင်းညဗျာ၊ ဒီလိုညမျိုးမှာ အိပ်ပျော်သွားမယ်ဆိုရင် လှပတဲ့ညဟာ အလဟဿကုန်သွားမှာ နမြောစရာကြီးဗျာ၊ အိပ်ချင်စိတ်တောင် မရှိတော့ဘူး"

လူပျိုကြီးတစ်ဦးဖြစ်သော ကိုကျော်စိန်ကလည်း ထောက်ခံသည်။

"အေးဗျာ၊ သဘောချင်း တိုက်လိုက်တာ၊ ကျွန်တော်လည်း ဒီလို လသာတဲ့ ညဆိုရင် တယော ထိုင်ထိုးချင်နေတာဗျ၊ သိလား"

ကိုထင်ပေါ်ကတော့ ဝင်၍ ကလိလိုက်သည်။

"တယောထိုးရအောင် နင်က သီချင်းဘယ်နှပုဒ်များ ဖြစ်မြောက်အောင် ထိုးတတ်လို့လဲ၊ ငါကတော့ ဒီလို လသာတဲ့ အေးတဲ့ ညဆိုရင် အရက်မူးအောင် သောက်ပြီး တစ်မြို့လုံးအနှံ့ လျှောက်သွားချင်တာပဲ၊ ခွေးတစီစီနဲ့ ပျော်စရာကြီး နေမှာ"

သည်လိုနှင့်ပင် မီးဖိုဘေး၌ ပြန်ထိုင်ကြသောအခါ၌လည်း ဆောင်းည၏အတွေ့အကြုံများကို ပြောကြပြန်ပါသည်။ ကိုညဏ်ညွန့်ကမူ မီးပုံကြီးများ ဖိုပြီး စပါးနယ်ရသော ညများကို တမ်းတမ်းတတ

ပြောနေသည်။ ကိုစိန်လွင်ကလည်း သူ၏ တပ်မတော်သားဘဝက ဆင်နွှဲခဲ့ရသော ဆောင်းည၏ တိုက်ပွဲတစ်ပွဲကို တင်ပြသည်။ ကျွန်တော်ကတော့ စက်မှုသိပ္ပံကျောင်းသားဘဝက အငြိမ့်ကြည့်ပြီး ပြန်ခဲ့ကြရသော မန္တလေး၏ဆောင်းညများကို ပြောမိသည်။ ပြီးတော့ ရယ်စရာလေး ပြောမိပါသည်။

"အမှန်ကတော့ ဒီလောက်အေးတဲ့ ဆောင်းညမှာ စောင်ခြုံပြီး ကွေးအိပ်တာ အကောင်းဆုံးပေါ့ဗျာ၊ အခုလို အချမ်းခံပြီး စကားပြောနေကြတာလည်း စောင် မလုံလောက်လို့"

ကျွန်တော်၏စကား ဆုံးသွားသောအခါ တစ်ချိန်လုံး ငြိမ်သက်နေသော ကိုသာမောင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး-

"အခု မိတ်ဆွေတို့က ဆောင်းညနဲ့ ပတ်သက်ပြီး အမြင်တွေ၊ ကိုယ်တွေ့လေးတွေ ပြောကြတော့ ကျွန်တော်လည်း ပြောချင်တယ်ဗျာ။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရဖူးတဲ့ ဆောင်းညတစ်ညကို ပြောခွင့်ပြုကြပါ"ဟု ခွင့်တောင်း အစချီပြီးနောက် ...

*

ဆောင်းရာသီရောက်တိုင်း ကျွန်တော်တို့ ပြောကြတာက ဒီနှစ်ဆောင်းက ပိုချမ်းတယ်လို့။ အဲသလို နှစ်တိုင်းပြောကြတာပါပဲ။ တကယ်တော့ မနှစ်ဆောင်းတုန်းကလည်း တော်တော်ကြီးကို ချမ်းခဲ့တာပါပဲ။

ပြောလို့သာ ပြောရတာပါလေ။ မြစ်ကြီးနားရဲ့ ဆောင်းခါ ဆိုတာ ဘယ်တုန်းကများ မချမ်းခဲ့တာ ရှိခဲ့လို့တုံး။ ချမ်းလိုက်သမှ တုန်နေအောင် ချမ်းတဲ့ ဧရာမ အချမ်းနဲ့ ဆောင်းချည်းပဲ။

မနှစ် ဆောင်းတုန်းကပေါ့ဗျာ။ ခုလိုပဲ ဒီဇင်ဘာ ကုန်ခါနီးပေါ့။ မရန်းမှာ နေတဲ့ ကျွန်တော့်သားလေး တူးတူး မြစ်ကြီးနားကို ရောက်

လာတယ်။ တူးတူး ဆိုတာက ကျွန်တော်ရဲ့ ပဌမမြောက်သားပါ။ အိမ်မှာ က ကလေးများလွန်းတာနဲ့ မိန်းမရဲ့ အစ်မကခေါ်ပြီး မွေးထားတဲ့ ကလေး လေ။ ကျွန်တော့်ရဲ့မိန်းမကလည်း တစ်နှစ်ခွဲကို တစ်ယောက်နှုန်း မွေးနေ ကျမို့ အိမ်ထောင်သက် ဆယ့်သုံးနှစ်အရောက်မှာ ကလေးကလည်း ရှစ်ယောက် မွေးပြီးပြီ။ သားအကြီးဆုံးက ဆယ့်နှစ်နှစ်သား၊ အငယ်ဆုံးက တစ်နှစ်သမီး။ အခု ဗိုက်ထဲမှာ လေး ငါးလတောင် ရောက်နေပြန်ပြီ။ အဲ တစ်ခုတော်သေးတာက ကြားထဲမှာ နှစ်ယောက်က သုံး လေးလနဲ့ပဲ ဆုံးသွားကြလို့။

ကျွန်တော့်ရဲ့ လခလေးနဲ့ ပါးစပ်ပေါက်တွေအားလုံး ဇေ့ငဖို့ ဆိုတာ ဘယ်ကလာပြီး လွယ်ပါ့မလဲ။ တော်တော်လေး ကသီလင်တ နိုင်တာပဲ ပေါ့ဗျာ။ အခုလည်း မိဘနဲ့ တကွဲတပြား နေရရှာတဲ့ သားလေးနဲ့ ပြန် တွေ့ရပေမဲ့ ဝမ်းမသာနိုင်ပါဘူး။ တူးတူး ရောက်လာတာဟာ ကောင်း သော လာခြင်းမှ မဟုတ်ဘဲ။ ပုံကိုလည်း ကြည့်ဦးလေ။ မျက်နှာလေးက ဖောရောင်လို့၊ ခြေသလုံးနဲ့ ဒူးခေါင်းထွေ့က အကြီးကြီး။ ပေါင်ကျတော့ အရိုးပေါ် အရေတင်။ ရင်ဘတ်ကျတော့ ပြားကပ်နေပြန်ရော။ နေမကောင်း လို့ ရောက်လာတာပဲ။ သူ့ကို မြင်ရတော့ စိတ်ထဲမှာ ထိခိုက်လိုက်တာ ဗျာ။ ကလေးများ နေမကောင်းပြီဆိုရင် သိပ်ပြီး သိသာတာပဲ။ အဲဒီတုန်း က တူးတူးက ငါးနှစ်သားအရွယ်ပေါ့။ ပူပင်သောကဆိုတာ ဘာမှ မရှိနိုင် သေးတဲ့ ကစားလို့ ကောင်းတုန်းအရွယ်။ ခုတော့လည်း ရွှင်လန်းကြည် လင်နေတာဆိုလို့ ဘာတစ်ခုမှ ရှာမတွေ့နိုင်တော့ဘူး။ လူကလည်း ပျော့ခွေလို့၊ မျက်နှာလေးကလည်း ငေးငိုင်လို့။

ဒီလိုနဲ့ပဲ တူးတူးကို ဆေးရုံတင်လိုက်ရတယ်။ ကျွန်တော်ကလည်း ရုံးသမား၊ သူ့အမေကလည်း အဲဒီတုန်းက ကလေးမွေးပြီးခါစဆိုတော့ လူနာစောင့်တာဝန်ကို ကိုးနှစ်ကျော် သမီးကြီးက ယူရပါတယ်။ တူးတူးရဲ့

ရောဂါက ဘာမှန်းတော့ သေသေချာချာမသိပါဘူး။ ဆရာဝန်တွေကိုလည်း မမေးရဲဘူးလေ။ တော်ကြာ ရောဂါကိုသိတော့ ခင်ဗျားက ဘာတတ်နိုင်မှာလဲလို့ ဘုတောရင် တောနေမှာ။

ဆေးရုံတက်ပြီး သုံးရက်လောက်ကြာတော့ ဆရာဝန်က စာရွက်လေးတစ်ရွက် လာပေးတယ်။ တူးတူးရဲ့ရောဂါနဲ့ သင့်တဲ့ဆေးက မရှိဘူးတဲ့။ ဒီစာရွက်ပေါ် ရေးထားတဲ့ ထိုးဆေးကို အပြင်က ဝယ်ပေးပါတဲ့။

ကျွန်တော်လည်း ပြည်သူ့ဆေးဆိုင်ကို သွားဝယ်တာပေါ့။ အထူးကုဆရာဝန်ရဲ့ ထောက်ခံချက်ကြီးကို ပြလို့။ ဒါပေမဲ့ ဆေးမရှိဘူးလည်း ပြောရော ရင်ကို မောသွားတော့တာပဲ။ တိုင်းဆေးရုံကြီးမှာလည်း ဆေးမရှိ၊ ပြည်သူ့ဆေးဆိုင်မှာလည်း မရှိနဲ့ဆိုတော့ ရုတ်တရက် ကြားလိုက်ရတယ်ဆိုရင် အံ့အားသင့်စရာကြီး မဟုတ်လားဗျာ။ ဒါနဲ့ပဲ ငွေကလေးဘာလေး အတိုးနဲ့ ချေးပြီးတော့ မှောင်ခိုဆေးတန်းကို မွှေရပြန်ရော။ အဲဒီမှာလည်း မတွေ့ပြန်ဘူး။ ဆေးရုံကိုရောက်တိုင်းလည်း ခုတင်ပေါ်မှာ ပက်လက်ကလေးနဲ့ အားကိုးတကြီး ကြည့်နေရှာတဲ့ သားလေးရဲ့မျက်နှာကို မကြည့်ရက်တော့ဘူး။ ဆေးပါမသွားဘဲနဲ့ ဆေးရုံကို သွားရမှာကိုလည်း ကျွန်တော် ကြောက်နေတယ်။

နောက်တော့ ဟောဒီက လမ်းဗိုလ်ကြီးကို ကျွန်တော့်အခက်အခဲတင်ပြပြီး အပူကပ်ရတော့တာပေါ့။ သူပါ ဝိုင်းရှာပေးတော့မှ သူ့အသိဆရာဝန်တစ်ယောက်ရဲ့ ပြင်ပဆေးခန်း တစ်ခန်းကနေ ထိုးဆေးငါးလုံးကို တောင်းတောင်းပန်ပန်နဲ့ ဝယ်လို့ ရလာပါတော့တယ်။ ဆေးရှာလိုက်ရတာ သုံး လေးရက်လုံးလုံး ဒေါင်ချာစိုင်းသွားတာပဲ။ ဆေးရလျှင်ရချင်းပဲ ဆေးရုံကို ပြေးပြီး သွားပို့လိုက်ရော။

ဒါပေမဲ့ဗျာ ဆေးရုံသွားပို့ပြီး နောက်တစ်နေ့၊ ဆေးရုံတက်လို့ ကိုးရက်မြောက်တဲ့နေ့မှာ တူးတူး ဆုံးသွားပါတယ်။

သား ဆုံးတဲ့မနက်က နှင်းတွေလည်း ပိန်းပိတ်အောင် ကျနေတာပေါ့။ ဒီကောင် အသက်ရှူ ရပ်သွားတာက မနက် သုံးနာရီလောက်ကတဲ့ဗျ။ စောင့်တဲ့သမီးကြီးက အိမ်ကိုပြန်မလာရဲလို့သာ ကျွန်တော် မသိရတာကိုး။ မနက်မိုးစင်စင်လင်းတော့မှပဲ သမီးကြီးက အိမ်ကို လာပြောတယ်။

အဲဒီသတင်းကိုကြားရတော့ မိန်းမအတွက် စိတ်ပူသွားသေးတယ်။ သူက သွေးနုသားနုကြီး။ တစ်ခု တော်သေးတာက သူ့အဖို့လည်း သားသမီး သေတယ်ဆိုတာ အသစ်အဆန်းမှ မဟုတ်တော့ဘဲ။ အရင်ကလည်း နှစ်ယောက် ဆုံးခဲ့ဖူးပြီ။ အခုလည်း တူးတူးတော့ ဆုံးသွားရှာပြီကွာလို့ အသိပေးလိုက်တော့ ဩော်လို့ အသံတိုးတိုးနဲ့ အသိအမှတ်ပြုပြီး ခေါင်းညိတ်ပြရုံပါပဲ။ ပြီးတော့ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်တာကို တွေ့ရတယ်။ ကျွန်တော်တို့မှာ ဝမ်းနည်း ငိုကြွေးစရာတွေက ကြုံဖန်များလာတော့လည်း ထုံလာဟန်တူပါရဲ့။ တော်ရုံတန်ရုံနဲ့တော့ မျက်ရည်က တယ်ပြီး မထွက်လာတတ်တော့ဘူး။

ဒီတော့လည်း သား သေသွားလို့ ဝမ်းနည်းတာလည်း ဝမ်းနည်းတာပေါ့။ ဒါပေမဲ့ ဖြေသာတာက ဒီကလေးဟာ တောကြီးမျက်မည်းကျေးလက်တောရွာမှာ မသေသင့်ဘဲနဲ့ ပစ်စလက်ခတ် သေရတာ မဟုတ်တာကိုပါပဲ။ ဆေးရုံတက်ရတာမှ သာမန် မြို့နယ်ဆေးရုံတောင် မဟုတ်ဘူး။ နိုင်ငံခြားပြန် သမားတော်တွေရှိတဲ့၊ ခေတ်မီကိရိယာတွေရှိတဲ့ တိုင်းဆေးရုံမှာ ကုရင်းနဲ့ သေရတာဆိုတော့ ဖြေသာပါတယ်။ သားလေးရဲ့ ဘဝ အထုံကိုက နည်းလွန်းလို့ မဟုတ်လား။ တိုင်းဆေးရုံကြီးတစ်ခုလုံး ဖြစ်လျက်နဲ့ ထိုးဆေး မရှိလို့ လူနာကို အပြင်က ဝယ်ခိုင်းတဲ့ အဖြစ်ကိုတော့ ရှိပါစေတော့လေ။ ကျွန်တော် ထည့်တွက်မနေချင်တော့ပါဘူး။ ရောဂါကိုက ကျွမ်းနေမှတော့ ဘယ်တတ်နိုင်မလဲလို့ပဲ နားလည်လက်ခံ

လိုက်ပါတယ်။

စိတ်မကောင်းစရာလေးတစ်ခုကိုတော့ ခံစားမိတယ်။ ကျွန်တော် ခက်ခက်ခဲခဲ ရှာဖွေပြီးထားရတဲ့ ထိုးဆေးငါးလုံးဟာ ကျွန်တော့်သားလေးရဲ့ ကိုယ်ထဲကို တစ်စက်ကလေးမှ မထိုးလိုက်ရပါဘူး။ ပင်ပန်းရကျိုး မနပ်လိုက်တာဗျာ။

တိုတိုပြောရရင်တော့ တူးတူးကို သေတဲ့နေ့မှာပဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်။ ဆင်းရဲသားရဲ့ သားသမီးပဲဗျာ၊ အကျယ်ချဲ့ မနေအားတော့ပါဘူး။ ချဲ့ချင်လို့လည်း မချဲ့နိုင်တာလည်း ပါတာပေါ့။ အရပ်ထဲက မနေတတ်တဲ့ လူတချို့က သစ်သားခေါင်းလေးတစ်လုံး ဝိုင်းစပ်ပေးကြတယ်။ အလောင်းကို အိမ်ပြန်မယူတော့ပါဘူး။ ရင်ခွဲရုံကနေ တစ်ခါတည်း သုသာန်ယူသွား၊ သုသာန်မှာရှိတဲ့ ဘုန်းကြီးကိုပဲ ပင့်ပြီး သရဏဂုံတင်ပြီး လူ လေး ငါးဆယ်ယောက်နဲ့ပဲ ဝိုင်းဝန်းပြီး မြေမြှုပ်လိုက်ပါတယ်။

တူးတူးရဲ့ ခေါင်းကို မြေမဖို့ခင် အဖုံး ဖွင့်ရသေးတာကိုး။ သားရဲ့ မျက်နှာကို နောက်ဆုံး ကြည့်ခြင်းအနေနဲ့ ကျွန်တော် ကြည့်လိုက်သေးတယ်။ ကိုယ့်ကိုယ်ကိုယ် တာဝန်မကျေခဲ့ဘူးလို့ ထင်နေတော့ မကြည့်ဝံ့ဝံ့နဲ့ပေါ့။ သေနေတဲ့ ကလေးရဲ့ မျက်နှာလေးဟာ အပြစ်ကင်းစင်လိုက်တာ။ သူ့မှာ ဘာအပြစ်ရှိလို့ ငယ်ငယ်လေးနဲ့ သေရတာလဲဗျာလို့ မေးနေသလိုပဲ ကျွန်တော် ခံစားနေမိတယ်။ ဒီကလေးဟာ ကျွန်တော် မွေးခဲ့တာဖြစ်ပေမဲ့ ကျွေးမွေးမပျက် ဆောင်ရွက်စီမံဆိုတဲ့ မိဘတာဝန် ဘာများ ကျေပွန်ခဲ့သလဲ။ ဒီကလေးဟာ ကျွန်တော့်ဆီက ဘာများ ရသွားလို့လဲ။ အံကြိတ်ထားတဲ့ ကြားထဲက ဘယ်ကနေ ဘယ်လို ကျလာမှန်းမသိတဲ့ မျက်ရည်က ကျလာသေးတယ်။ နောင် တမလွန်ဆိုတာ ရှိခဲ့ရင် ရောက်ရာဘဝက ခွင့်လွှတ်ပါ သားရယ်လို့ ကျိတ်ပြီး တိုးတိုးလေး

တောင်းပန်နေမိတယ်။

အဲဒီနေ့ညက ကျွန်တော် အရက်ကို သတိလက်လွတ် မူးအောင် သောက်ပြီးမှ အိပ်လို့ ရတော့တာပဲ။

နောက်တစ်နေ့ညကျတော့ အိမ်ကို စောစော ပြန်ဖြစ်ပါတယ်။ အိပ်ရာဝင်ကြတော့ ကလေးတွေဟာ စောင်လုရင်း ပူညံပူညံ လုပ်ကြပါလေရော။ ညကျရင် ဘယ်သူက စောင်ဆွဲသွားလို့ ဘယ်သူတော့ မလုံဘူး ဘာညာနဲ့ပေါ့ဗျာ။ ဆောင်းရာသီ ရောက်ပြီဆိုရင် တော်တော် ဦးနှောက်ခြောက်စရာ ကောင်းသဗျ။ အိမ်မှာက ကလေးများတော့ စောင်ကိစ္စကိုက ပြဿနာကြီးတစ်ခု ဖြစ်နေတယ်။ ဘယ်တုန်းကမှလည်း ပြည့်စုံအောင် မဖြေရှင်းနိုင်ခဲ့ဘူး။ ရှိသမျှ စောင်စုတ်တွေကို ရသမျှ ပုဆိုးစုတ်တွေနဲ့ ဆက်စပ်ဖာထေးပြီး ပြင်ဆင်နေရတာကိုက နှစ်စဉ် လုပ်နေရတဲ့ စီမံကိန်းပေါ့ဗျာ။

ကလေးတွေလည်း တကယ်ချမ်းလာတော့ မေတ္တာမခြံနိုင်ကြတော့ဘူး ထင်ပါရဲ့။ သုံးနှစ်ခွဲ သမီးလေး ပူတူးမက ကျွန်တော့်နားလာပြီး မပီကလာ ပီကလာနဲ့ ညညကျရင် ချမ်းလိုက်တာ ဖေဖေကြီးရယ်လို့ အသနားခံဟန်လေးနဲ့ ပြောနေတာကို ရင်နာနာနဲ့ပဲ နားထောင်နေရတယ်။ သမီးလေးက ချမ်းတယ်ဆိုတော့ ဆောင်းဝင်ခါစက ဝယ်ထားတဲ့ စောင်အသစ် နှစ်ထည်ကို ရုတ်တရက် သတိရလိုက်မိတာပေါ့။

စောင်တစ်ထည်က ရပ်ကွက် သမဆိုင်ကနေပြီး ကံကောင်းလွန်းလို့ ရှားရှားပါးပါး မဲပေါက်ထားတာ။ ဘာဘူစောင် ဆိုတာထက် နည်းနည်းလေးပဲ သာတဲ့ မွေးပွစောင် အညံ့စားလေးပါ။ နောက်တစ်ထည်ကတော့ မထုတ်ချင်တဲ့ သူဆီက ငါးကျပ် အမြတ်ပေးပြီး ဝယ်ထားရတာ။ မနည်းကြီးကို စွန့်စားပြီး ဝယ်တာလို့ ဆိုနိုင်ပါရဲ့။

တူးတူး ဆေးရုံတက်လာတော့ စောင်က ပါမလာဘူး။ သူ့ကို

ခေါ်ထားတဲ့ မရီးကလည်း ချမ်းသာလွန်းလို့မှ မဟုတ်တာ။ ဘယ်ကလာ စောင်ပေးလိုက်နိုင်မလဲ။ ဒီတော့လည်း အိမ်မှာဆိုတာက သူများမြင်တာမှ မဟုတ်တာ။ ဆေးရုံမှာဆိုတော့ ညစ်ပတ် နွမ်းရိနေတဲ့ စောင်နဲ့ဆိုရင် အများမြင်လို့ မကောင်းဘူး။ နှာခေါင်းရှုံ့ချင် ရှုံ့ကြမှာဆိုတဲ့ အတွေးနဲ့ စောင်သစ် နှစ်ထည်ကို တူးတူး ခြုံရအောင်ဆိုပြီး ကျွန်တော့်မိန်းမက ဆေးရုံကို ထည့်ပေးလိုက်တယ်။

တူးတူး သေတော့ သမီးကြီးကလည်း စောင်နှစ်ထည်ကို ဘယ်ကလာ အရေးစိုက်အားမလဲ။ တူးတူး ဆုံးတဲ့ အကြောင်းကို အိမ်ပြန်လာပြီး ပြောနေတုန်း ဆေးရုံအမှုထမ်းတွေက တူးတူးအလောင်းကို စောင်နှစ်ထည် ရစ်ပတ်ဖုံးအုပ်ပြီး ရင်ခွဲရုံထဲ ယူသွားပါလေရော။ အဲဒီထိအောင်လည်း စောင်နှစ်ထည်ကို သတိမရကြသေးဘူး။ ရင်ခွဲရုံထဲကနေ အလောင်းကို ခေါင်းထဲ ထည့်ကြတာလည်း ကျွန်တော့်မိတ်ဆွေတွေပါ။ သူတို့ကလည်း ဒီစောင်နှစ်ထည်ဟာ ကျွန်တော့်အတွက် ဘယ်လောက် အရေးပါတယ်ဆိုတာ ဘယ်လိုလုပ်ပြီး စေ့စေ့စပ်စပ် တွေးနေအားကြပါ့မလဲ။ ဒီတော့ စောင်တွေပါ အခေါင်းထဲ ရောထည့်လိုက်ကြတာပေါ့။ ကျွန်တော်ကလည်း ရင်ခွဲရုံကို လိုက်မသွားမိဘူး။

အလောင်း မြေချတော့လည်း စောင်နှစ်ထည်ကို မြင်တော့ မြင်ရတာပေါ့။ ဒါပေမဲ့ အခေါင်းထဲ ရောက်နေပြီလေ။ လူတွေရဲ့ ရှေ့မှာဆိုတော့ ဘာသိဘာသာပဲ နေလိုက်ရတယ်။

ဟော အခု ကလေးတွေ ချမ်းပြီဆိုမှ အဲဒီစောင်နှစ်ထည်ကို မျက်စိထဲမှာ တရေးရေးနဲ့ မြင်လာမိတာပဲ။ နှမြောလည်း နှမြောလာမိတယ်။ သူများတွေကတော့ ထင်ကြမှာ။ သားတစ်ယောက်လုံးတောင် လက်လွှတ်ရသေးတဲ့ဟာ၊ စောင်လေးကို စကားထဲ ထည့်ပြောနေတာကတော့ သက်သက် ကပ်ပြောတာပဲလို့။

ဒါကတော့ ဒီလို ရှိနေတာကိုး။ သားက ရောဂါကျွမ်းနေပြီ။ ဆေးရုံလာတင်တာ နောက်ကျနေပြီဆိုတာ ဆရာဝန်က တိုက်ရိုက်ဖွင့် မပြောပေမဲ့ သူတို့ရဲ့အမူအရာတွေ၊ ထွက်လာတဲ့ စကားတွေကို ထောက်ပြီးတော့ ကျွန်တော်က နားလည်ထားပါတယ်။ ကိုယ်လက်ဖောရောင်တဲ့ ရောဂါက တော်တော်ခက်သားပဲ။ ကျွန်တော် တွေ့ရသမျှတော့ တဖြည်းဖြည်းနဲ့ ရောဂါခံစားပြီး သေတာချည်းပါပဲ။ ဟို တစ်မြန်နှစ်က သေသွားတဲ့ လမ်းဝန်ထောက် ကိုတင်ထွန်းအေးကိုပဲ ကြည့်။ လူငယ်ငယ်ပဲ ရှိသေးတာ။ အောက်လက်ကို တော်တော်ကြည့်တတ်တဲ့လူ၊ စိတ်ကောင်း တော်တော်ရှိတဲ့လူလေ။ သူလည်း ဒီလိုပဲ ကိုယ်လက် ဖောရောင်ရင်း ဆုံးသွားတာပဲ။ သူဆို ရန်ကုန်၊ မန္တလေး ဆေးရုံပေါင်းကို စုံရော။ ဒီတော့ တူးတူးလေးကိုလည်း ကုသိုလ်ကံလေး ကောင်းရင် ရှင်ကောင်းရဲ့ လို့သာ သဘောထားပြီး ကုနေရတာဖြစ်ပေမဲ့ ရောဂါဟာ လူနဲ့ မမျှတော့ မှန်း တွေးထားပြီးသားပါ။ ဒီတော့ သားဆုံးရတာက သေသင့်လို့ သေရတာကိုး။ စောင်နှစ်ထည်ကတော့ မပါသင့်ဘဲ ပါသွားရတာ မဟုတ်လား။ အမှန်ကတော့ ကျွန်တော်တို့က မရှက်သင့်တဲ့နေရာမှာ သွားပြီး ရှက်နေမိတာကိုး။ လူသေကိုပတ်တဲ့ စောင်ကို လူတွေရှေ့မှာ ဖြုတ်မယူရဲလိုက်တာကိုက ကျွန်တော်တို့ သတ္တိမရှိလို့ပေါ့။ သူများ မေးငေါ့မှာကို ကြောက်နေမိတာနဲ့ ဟော အခု အသက်ရှင်နေရစ်တဲ့လူတွေ ချမ်းနေကြပြန်ရော။ တကယ်ကတော့ သေတဲ့လူအတွက် စောင်မှမလိုတာပဲ။

ညဥ့်နက်လာလေ မြစ်ကြီးနား ဆောင်းရဲ့ အချမ်းကလည်း အစွမ်းပြလေပေါ့ဗျာ။ နှင်းတွေကျတာကလည်း အိမ်အမိုးပေါ်ကို တဒေါက်ဒေါက်နဲ့ မိုးပေါက်တွေ တစ်ချက်ချင်း ကျနေတဲ့အတိုင်းပဲ။ ကျွန်တော်ကလည်း ခါတိုင်းနေ့ဆိုရင် အရက်ကလေး တော်တော်ထွေမှ အိမ်ပြန်လာလေ့ရှိတယ်။ အဲဒီနေ့ညကတော့ အရက်ရဲ့ တေဇောအရှိန်ကလေး

လည်း ဝမ်းထဲမှာ ခံမထားလေတော့ သိသိသာသာကြီး ချမ်းလာပါရော။ ခြေဖျား လက်ဖျားလေးတွေ အေးစက်ပြီး ထုံကျဉ်လာတဲ့ထိပါပဲ။

ဒါလောက် ချမ်းအေးနေမှတော့ ကလေးတွေလည်း ဘယ်လိုလုပ်ပြီး အိပ်ပျော်နိုင်ကြတော့မလဲ။ ကိုယ်ငွေ့လေး ရအောင် တစ်ယောက်နဲ့ တစ်ယောက် တိုးဖွဲ့ပူးကပ် အိပ်ကြရင်းက ခဏခဏ လန့်နိုးနေကြတာပါပဲ။ အိမ်က ဝါးထရံကာဆိုတော့ အပေါက်ကလေးတွေကနေ လေစိမ့်ဝင်နေတာကလည်း ပိုဆိုးတယ်။

အဲဒီလို ကလေးတွေ ချမ်းလွန်းလို့ ကောင်းကောင်း အိပ်မပျော်နိုင်တာကို ကြည့်ရင်း ကြည့်ရင်းက စောင်သစ်နှစ်ထည်ကို ပိုပြီး ပိုပြီး သတိရနေမိတယ်။ ဩော် စောင်သစ်ကလေး နှစ်ထည် ကောင်းကောင်း တောင် မခြုံရဘဲနဲ့ မြေကြီးထဲမှာ အလဟဿ ဖြစ်ရတော့မယ်။

ကျွန်တော် ဒီလိုတွေးနေတယ်ဆိုတာကို သိရရင် မွေ့ရာတွေ၊ စောင်တွေ အထပ်ထပ်နဲ့ လုံလုံခြုံခြုံ အိပ်နိုင်တဲ့ သူတွေကတော့ ရယ်ကြမလားပဲ။ ကျွန်တော့်အတွက်ကတော့ အဲဒီ စောင်လေးနှစ်ထည်ဟာ တော်တော် အရာရောက်တာပါ။

နောက်ဆုံးတော့ တွေဝေငေးမှိုင်ပြီး ချမ်းတာကို ကုပ်ကုပ်ကလေး ငုံ့ခံနေမယ့်အစား ဘာလုပ်သင့်တယ်ဆိုတာကို ကျွန်တော် ရွေးချယ်လိုက်ပါတယ်။ တခြားနည်းတော့ မရှိပါဘူး။ ရက်လည်ဆွမ်း မကျွေးခင် အတွင်း အိမ်မှာ လာကူအိပ်ပေးတဲ့ ယောက်ဖကို ခေါ်ပြီး အပြင်ဘက် ထွက်ခဲ့ကြတယ်။ အိမ်က ထွက်မလာခင်လေးမှာပဲ နာရီသံချောင်း ဆယ်ချက် ခေါက်တာ ကြားရသဗျ။ ဆောင်းခါဆိုတော့ လူတွေလည်း ချမ်းလွန်းလို့ တံခါးပိတ်ပြီး ကွေးနေကြပြီ ထင်ပါ့ဗျာ။ လမ်းပေါ်မှာလည်း အသွားအလာ လူရိပ်လူယောင်တောင် မတွေ့ရဘူး။ အဲဒီညတုန်းကတော့ စောင်ခြုံလာတဲ့ လူတစ်ယောက်ကိုသာ တွေ့ကြည့်။ ရိုက်ပြီး စောင်

လုယူဖြစ်မှာ သေချာတယ်။ ယောက်ဖဆိုတဲ့ ကောင်ကလည်း ခပ်ရွတ်ရွတ် ခပ်ပေပေရယ်။ ကျွန်တော်ကသာ လုပ်ရင် နောက်က အကုန်လိုက်လုပ်မယ့်အကောင်။ နည်းနည်းမှ လျှော့မယ်မထင်နဲ့။ ဒီလိုနဲ့ပဲ ကျွန်တော်တို့ သုသာန်ဘက် ရောက်လာတယ်။

လပြည့်ခါနီးရက် ဖြစ်ပေမဲ့ နှင်းတွေက ထူထူထဲထဲကြီး ကျနေလေတော့ လရောင်က သိပ်ပြီး မလင်းနိုင်ဘူး။ သုသာန်ဆိုပေမဲ့လည်း မြို့ကြီးသုသာန်ဆိုတော့ လူနေအိမ်တွေနဲ့ ကပ်လျက်မို့ သိပ်ပြီးတော့ ကြောက်စရာ မကောင်းလှပါဘူး။ နှင်းတွေကြားက ဝိုးတဝါး လရောင်အောက်မှာ ဂူဖွေးဖွေးလေးတွေ၊ မြေပုံမို့မို့ကလေးတွေက ကြည့်လို့တောင်ကောင်းသလိုလိုဗျ။ ကျွန်တော်တို့လည်း လူရိပ်လူခြည် အကဲခတ်ရင်းတူးတူးကို မြှုပ်ထားတဲ့နေရာကို တရွေ့ရွေ့ ကပ်သွားကြတယ်။ မြေပုံလေးကို တွေ့တော့ အသင့်ပါလာတဲ့ ပေါက်ပြားနဲ့ အသံမကြားအောင် အသာလေး ဖွပြီး မြေစာတွေကို ဖယ်ကြပါတယ်။ ကလေးကို မြှုပ်ထားတာဆိုတော့ ကျင်းကလည်း တိမ်တယ်မဟုတ်လား။ မြေကလည်း မွနေလေတော့ ခဏလေး ဖော်လိုက်ရင်ပဲ သစ်သားခေါင်းဟာ ပြန်ပေါ်လာပါတယ်။ ဆောင်းခါဆိုတော့ တော်ရုံနဲ့ အနံ့မထွက်သေးဘူးဆိုတာတော့ကြိုတင်တွက်ထားပြီးသား။ အောင်မယ် တွက်ကိန်းမှန်သမှ။ ဘာနံ့မှ မထွက်သေးဘူး။ ဒီလိုဆို စောင်တွေကို လျှော်စရာတောင် မလိုဘူး။ ပြန်ယူသွားရင် တစ်ခါတည်း ခြုံကြရုံပဲ။ မသတီစရာလည်း မရှိပါဘူး။ သေတာက သားအရင်း ခေါက်ခေါက်ပဲဟာ။

ဒီလိုတွေးရင်းနဲ့ အပေါ်က ခပ်ဟဟလေး ဖုံးထားတဲ့ ပျဉ်ပြားကို ဘေးဖယ်ချပြီး ငုံ့ကြည့်လိုက်တယ်။ ဟ ခေါင်းထဲမှာ စောင်လည်း မရှိပါလား။ လရောင် ဝိုးတဝါးမို့လားလို့ အနားကပ်ပြီး သေသေချာချာကြည့်လည်း မထူးပေါင်ဗျာ။ အောက်များ ရောက်နေသလားလို့ လက်နဲ့

နိုက်ကြည့်လို့လည်း အောက်ခံပျဉ်ချပ်က လွဲလို့ ဘာမှမရှိ။ တော်တော်တော့ ထူးဆန်းတာပဲ။ မြေမြှုပ်တုန်းက စောင်တွေ ပါသွားတာ ငါ့မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတာကွလို့ ယောက်ဖကို တီးတိုးပြောလိုက်တော့ ယောက်ဖဟာ သူများတွေ ယူသွားပြီ နေမှာပေါ့ဗျလို့ ပြန်ဖြေပါလေရော။ အဲဒီတော့မှ ကိုယ့်နဖူးကို ကိုယ့်လက်ဝါးနဲ့ ရိုက်ပြီး သဘောပေါက်လိုက်ရတယ်။

ပြီးတော့ ခံလည်း ခံပြင်း၊ ဒေါလည်း ပွသွားတယ်။ ဘယ်လိုကောင်တွေကများ သူများရဲ့ ကလေးအလောင်းကို ဖော်ပြီး စောင်ခွာယူသွားကြပါလိမ့်။ စော်စော်ကားကားကွာလို့ မအေ နှမ ကိုင်တုတ်ရင်းဆဲဆိုမိတယ်။

နောက်တော့ မြေပြန်ဖို့ပြီး လာလမ်းအတိုင်း ပြန်ခဲ့ကြရုံပဲ ရှိတော့တာပေါ့။ လမ်းကျတော့လည်း စောင်ဖော်ယူသွားတဲ့ လူတွေကို သိများသိရင်တော့လားကွာ ဘာညာနဲ့ ကြိမ်းမောင်းလာမိသဗျ။ ကြာတော့ယောက်ဖက နားကြားပြင်းကတ်လာဟန် တူပါရဲ့။ သိပ်ပြီး ဆဲမနေနဲ့ဗျာ၊ ဘယ်လို ကောင်တွေကမှ တူးတာ မဟုတ်ဘူး။ ကျုပ်တို့လို ကောင်တွေက တူးတာနေမှာပဲတဲ့။ ကျွန်တော်လည်း သေသေချာချာ စဉ်းစားကြည့်တော့ သူပြောတာ ဟုတ်တာပဲဗျ။ အဲဒီကျမှ ဒေါသတွေ ပျောက်သွားပြီး ကိုယ့်အဖြစ်ကို ကိုယ်တွေးပြီး ရယ်ချင်လာပြန်ရော။ အကောင်းရယ်လား၊ အဆိုးရယ်လားတော့ မပြောတတ်ဘူး။ မချိမဆံ့ရယ်ဆိုရင် သင့်လေမလားပဲ။

*

ကိုသာမောင်၏စကား ဆုံးသွားသောအခါ မီးဖိုမှ ထင်းမီးတောက်များသည်ပင် ငြိမ်းသွားပြီဖြစ်သောကြောင့် အခန်းထဲတွင် မီးကျီးခဲများ၏

အရောင်သာ ကျန်တော့သည်။ မီးခဲရဲရဲများ၏ ရောင်ပြန်ဟပ်မှုကြောင့် လူတို့၏ မျက်နှာကို ဝိုးတဝါးမြင်နေရသည်။ ကျွန်တော်အပါအဝင် စကားဝိုင်းရှိ လူအားလုံးသည် ကိုသာမောင်၏ အဖြစ်နှင့်ပတ်သက်ပြီး ဘာပြောကြရမှန်း မသိကြတော့။ စာနာစိတ်အပြည့်ဖြင့် ငေးငိုင် နှုတ်ဆိတ် နေလိုက်ကြသည်မှာ အသက်ရှူထုတ်သံတို့မှတစ်ပါး ဘာသံမှ မကြားရ။

နောက်ဆုံးတွင်မှ ကိုဉာဏ်ညွှန့်က လေးလေးတွဲ့တွဲ့ကြီး ပြော လိုက်သည်။

"အေးဗျာ၊ ကျုပ် တကယ်ပဲ ရင်နာတယ်ဗျာ၊ ခု ခင်ဗျား ပြောနေ တာတွေဟာ ဟောဒီက မာန်မြင့်ကြီး ဝတ္ထုမရေးတာ ကြာလို့ ရေးဖြစ် အောင်များ ဝတ္ထုတစ်ပုဒ်ရဖို့ စိတ်ကူးနဲ့ ပြောနေတာတွေပဲ ဖြစ်ပါစေတော့ ဗျာ။ ဒီလိုပဲ ကျုပ် ဆုတောင်းပါတယ်"

❑

## မျှော်လက်စ မဆုံး

■ မာန်မြင့်

ပူတာအိုမြို့သို့ ပြောင်းရွှေ့လာခဲ့ရပြီးနောက် မောင်လူမြင့်တွင် သေနတ်တစ်လက် ကိုယ်ပိုင် ကိုင်ဆောင်လိုသော ရောဂါက တစ်နေ့တခြား ကြီးထွားလာသည်။

သေနတ် လိုချင်သည်ဆို၍ ကမ္ဘာကျော် လက်နက်ကုန်သည်ကြီး ခါရှော့ဂီနှင့် ဆက်သွယ်ပါလားဟု နိုင်ငံတကာ သတင်းမဂ္ဂဇင်းများတွင် ဖတ်ဖူးသူများမှ အကြံပေးလာလျှင်လည်း မဖွံ့ဖြိုးသေးသည့် နိုင်ငံသားလေးမို့ လျှော့ဈေးနှင့် ရောင်းပေးမည် ဆိုသည့်တိုင် မောင်လူမြင့်မှာ ပေးချေစရာ ဒေါ်လာမရှိ။ သူကလည်း မောင်လူမြင့် ပေးနိုင်သည့် ကျပ်ငွေကို လက်ခံမည် မဟုတ်၍ အလုပ်မဖြစ်မည့် အတူတူ စောစီးစွာပင် ခေါင်းယမ်း၍ ငြင်းဆန်မိပါသည်။

သေနတ် အလွန်ကိုင်ချင်သော မောင်လူမြင့်အား မတတ်နိုင်ရှာသူလေးတစ်ဦးမို့ သနားကြည့်ရှုသောအားဖြင့် စွန့်ကြဲလိုပါသောကြောင့် သူ့ထံတွင်ရှိသည့် နိုင်ငံတကာတွင် အသုံးမပြုတော့သော ခေတ်နောက်ကျ လက်နက်ပုံထဲမှ တစ်လက်ကို အလကား (အခမဲ့) ယူသွားပါဟု ဆိုသည့်တိုင် ငြိမ်းချမ်းရေးကို အလွန်အရေးထားသော နိုင်ငံတွင် နေရသူ

လေး မောင်လူမြင့်မှာ ကျေးဇူးတင်ပါကြောင်း သိုင်းကျူး အခွန်း တစ်သောင်းပေး၍ လက်ကာပြရပါမည်။

မောင်လူမြင့်သည် ငယ်စဉ်မှစ၍ သူတစ်ပါးကို ထိခိုက်နာကျင်စေသည့် တုတ်၊ ဓား၊ လက်နက်တို့ကို ကိုင်ဆောင်ရန် ဝါသနာမပါ၊ အကျင့်မလုပ်ခဲ့ရာ မြန်မာလူမျိုး ကလေးအတော်များများ ကိုင်ခဲ့ဖူးသည့် လေးခွကိုပင် ကောင်းကောင်း မပစ်တတ်ခဲ့။ သူတစ်ပါးအား တွန်းထိုးတိုက်ခိုက်ယှဉ်ပြိုင်ပြီး အလုအယက် အနိုင်ယူရမည်ဆိုလျှင် လက်ဗွေနပန်း မဆိုထားနှင့်၊ ဘောလုံး ဘက်စကက်ဘောပင် မကစားခဲ့။ သူတစ်ပါးကိုလည်း မထိခိုက်စေချင်။ ကိုယ်လည်း အနာမခံရဲ။

ပူတာအိုသို့ မြို့နယ်အင်ဂျင်နီယာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခါမှ သူနှင့် လုံးဝမအပ်စပ်သော သေနတ်တစ်လက်ကို အပိုင်ကိုင်ချင်စိတ်ပေါ်လာရခြင်းမှာ ခေါင်ဘူဒဲလမ်းဗိုလ် 'ဦးသိန်း' ကြောင့်ဟု ဆိုရပါမည်။ ဦးသိန်းသည် မောင်လူမြင့်ထက် အသက် ၁၀ နှစ်ကျော်ကြီးပြီး ဂျီတီအိုင်မှလည်း ၁၀ နှစ်ကျော် စော၍ ကျောင်းပြီးခဲ့သည့် လုပ်သက်ရင့် အင်ဂျင်နီယာတစ်ဦး ဖြစ်ပါသည်။ လောလောဆယ်တွင် ခေါင်ဘူဒဲမြို့နယ် အင်ဂျင်နီယာအဖြစ် တာဝန်ယူထားရာ ပြင်ဆင် ထိန်းသိမ်းစရာ ကားလမ်းမရှိသည့် ထူးခြား ရှားပါးမြို့နယ်တွင် အင်ဂျင်နီယာလုပ်ခဲ့ရဖူးသည်ဟု ဦးသိန်းအတွက် ဂုဏ်ယူမှတ်တမ်းတင်စရာ ဖြစ်ပါသည်။

ခေါင်ဘူဒဲမြို့နယ်အတွင်း၌ တောင်ပေါ် ကားလမ်းများသာ ရှိရာ ပူတာအိုမှ ခေါင်ဘူဒဲသို့ ၁၄ ရက်ကြာ သွားရသော တောင်ပေါ်ခရီးတွင် ဦးသိန်းခမျာ လမ်းအင်ဂျင်နီယာ ရင့်မကြီး ဖြစ်ခါမှ မော်တော်ယာဉ်စီး၍ မသွားနိုင်ဘဲ အသုံးပြုနိုင်သည့် ယာဉ်ကိုလည်း စီးခဲ့သည်ဟု အပြောမခံရဲသောကြောင့် ခြေကျင်လျှောက်၍သာ သွားရပါသည်။

ဦးသိန်း အလုပ်ဝင်ခါစအခါက ကချင်ပြည်နယ် လမ်းဌာန အင်ဂျင်နီယာများဖြစ်ကြသော လမ်းဗိုလ်၊ လမ်းဝန်ထောက်များသည် သေနတ်ကို အဆောင်အယောင်တစ်ခုအနေဖြင့် ကိုင်ကြခြင်း ခေတ်စား ခဲ့သည် ဆိုပါသည်။ ထိုစဉ်က တောင်ပေါ်ဒေသတွင် သေနတ်ကိုင်နိုင် ကြသောသူများ ယခုကဲ့သို့ မပေါများသေးဘဲ အစိုးရဝန်ထမ်း အရာရှိ များသာ သေနတ်ကိုင်လေရာ၊ တောလမ်းခရီးတွင် ငွေကြေးကိုင်၍ ခရီး သွားရင်း လုပ်ငန်းဆောင်ရွက်ရသော လမ်းဗိုလ်တို့မှာ သေနတ်ဆောင် ထားရန် လိုအပ်လာသည်။

ဦးသိန်းသည်လည်း ထိုခေတ်က လမ်းဗိုလ်ဖြစ်ခဲ့သူပီပီ လိုင်စင် နှင့်ကိုင်သော သေနတ် သုံးလက်ရှိသည်။ သူသည် ခေါ်ဘူဒဲသို့ သွားရန် မြစ်ကြီးနားမှ ပူတာအိုသို့ ဒါကိုတာလေယာဉ် စီး၍ လာရသည်။ ပူတာအို လမ်းရုံး ဗိုလ်တဲကြီးတွင် လေး ငါးရက်ခန့် ရပ်နားပြီး ရိက္ခာနှင့် အထမ်း သမား စီစဉ်ပြီးမှသာ ခေါ်ဘူဒဲသို့ ခြေကျင်ဆက်ရသည်။ ပူတာအို၌ ရပ်နားရသော ရက်များ၌ ညနေများတွင် ဗိုလ်တဲ ဝရန်တာ၌ မောင်လူမြင့် နှင့် ဆန်ပေါင်းရည် ဝိုင်းဖွဲ့ပြီး သူ၏ အတွေ့အကြုံများကို ပြောပြလေ့ ရှိသည်။

ခေါ်ဘူဒဲသို့ ခြေကျင်ခရီး ထွက်ပြီဆိုလျှင် လမ်းဗိုလ်ကြီး ဦးသိန်း ၏ ထွက်တော်မူ အခမ်းအနားမှာ ထည်ဝါလှသည်ဟု မောင်လူမြင့် ထင်မိသည်။ ရုံးစာရွက်စာတမ်းနှင့် ရိက္ခာများကို ပလိုင်းများတွင် ထည့်ပိုး လွယ်သိုင်းထားသည့် တောင်ပေါ်သူ အထမ်းသမ အယောက်သုံးဆယ် ခန့် ကြားတွင် ၃၈ ဘို့ စပါယ်ရှယ် ခြောက်လုံးပြူးကို ခါးပတ်အိတ်နှင့် ချိတ်ဆွဲထားပြီး ပွိုင့် ၂၂ ရိုင်ဖယ်ကို ထမ်းထားသော ဦးသိန်းအား နှစ်လုံး ပြူးနှင့် လေသေနတ်များကို ကိုင်ထားသည့် အလုပ်ကြပ် နှစ်ဦးက ရှေ့ နောက်ရံထားသော မြင်ကွင်းမှာ မောင်လူမြင့်သာ ကလေးအရွယ်ဆိုလျှင်

ဒါမှ ငါတို့ လမ်းဗိုလ်ကွဟု လက်ခုပ်တီး၍ ဩဘာပေးမိမည် ဖြစ်ပါသည်။

တောင်ပေါ်လမ်းဗိုလ် ဖြစ်လျှင် သေနတ်တစ်လက် ကိုင်ထားရန် လိုသည်ဟု ဦးသိန်းက မကြာခဏ တိုက်တွန်းလေသောကြောင့် မောင်လူမြင့်မှာ သေနတ်ချင်ခြင်းတပ်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သို့သော် မောင်လူမြင့် လိုချင်သည်မှာ လေသေနတ်လေး တစ်လက်မျှသာ ဖြစ်ပါသည်။ လေသေနတ်လေးတစ်လက် ရဖို့များ စာဖွဲ့ပြောနေရအောင် ဘယ်လောက်ခက်လို့လဲ။ မြစ်ကြီးနား၊ ဗန်းမော်ဈေးတွင် တစ်လက်မှ လေးငါး ခြောက်ရာ၊ ကြိုက်ရာ ရွေးယူနိုင်သည်ဟု ပြောလိုက ပြောနိုင်ပါသည်။ တရုတ်ပြည်ထွက် လေသေနတ်များ ရလိုပါက ဆိုင်လော် ဆဒ့်ဘက် သွားလာနေသော အသိ ကားဆရာများကို မှာလိုက်ပါက ပို၍ပင် ဈေးချိုဦးမည်ကို ဗိုင်းမော်မြို့တွင် နှစ်နှစ်ကျော် လမ်းဗိုလ်အဖြစ် တာဝန်ယူခဲ့ဖူးသည့် မောင်လူမြင့် အသိပင်။ သူ ရချင်နေသည်မှာ ထိုလေသေနတ်မျိုးများ မဟုတ်။

တရုတ်ပြည်ဖြစ် လေသေနတ်များမှာ မောင်းတင်ရန် သေနတ်၏ အောက်မှာဖြစ်စေ၊ ဘေးမှာဖြစ်စေ တပ်ထားသည့် မောင်းတံကို ဆွဲချိုးပြီးမှ ပေါ်လာသည့် ပြောင်းရင်းအပေါက်တွင် ခဲခွက်ကျည်ဆန်လေးကို လက်မနှင့် ဖိသွင်းရသည်။ အခန့်မသင့်ပါက ကျည်ထည့်နေစဉ် မောင်းပြုတ်ပြီး ကျည်ရိုက်တုံးက ပြောင်းရင်းရှိ လက်မကို ရိုက်ညှပ်လေ့ရှိရာ လက်မကို ပတ်တီးလေးများ စည်းထားရသည့် အသိတချို့ကို မကြာခဏ မြင်ဖူးနေသောကြောင့် မောင်းဆွဲကျည်ထည့် လေသေနတ်ဆို မောင်လူမြင့် လန့်သည်။ ပြောင်းတံချိုး၍ မောင်းတင်ရသော လေသေနတ်များ မတွေ့၍ မဟုတ်။ တွေ့ရသော်လည်း လေသေနတ်ဆိုသည်မှာ အကြာကြီး မောင်းတင်ထားလျှင် စပရင်ညှောင်းပြီး ကန်အား ပျော့

သွားတတ်သဖြင့် ပစ်မှတ်တွေ့၍ ပစ်ရန် အရေးပေါ်လာမှသာ မောင်းတင်ရသည်ဖြစ်ရာ ညင်သာစွာ လှုပ်ရှားရမည့် အချိန်ရောက်မှ သေနတ်ပြောင်းရှည်ကြီးကို တစ်ကွေ့ကြီး ချိုးပြီး မောင်းတင်နေသည်နှင့် ပစ်မှတ်သားကောင်ရိပ်မိသွားပြီး ထွက်ပြေးသည်နှင့် ပစ်ချိန်ရလိုက်မည် မဟုတ်။

ထို့ပြင် ပြောင်းကို ဆွဲချိုး၍ မောင်းတင်ရဖန် များလာလျှင် ပြောင်းရင်းအဆက် ချောင်လာပြီး ချိန်သားမကိုက် ဖြစ်လာတတ်ရာ နဂိုကမှ လက်မဖြောင့်ခြင်း၌ စံချိန်ချိုးထားသော မောင်လူမြင့်နှင့် လုံးဝ မသင့်လျော်။

ထို့ကြောင့် ပြောင်းတံချိုး လေသေနတ်ကို မောင်လူမြင့် ရလိုသည့် စာရင်းမှ ပယ်ဖျက်ထားသည်။

မောင်လူမြင့် ရချင်နေသည့် လေသေနတ်မှာ အမေရိကန်လုပ် လေသေနတ်လေး ဖြစ်ပါသည်။ အမေရိကန်ဖြစ်မှ လိုချင်သည်ဆို၍ အရှေ့တိုင်းဖြစ်ကို ပစ်ပယ်ပြီး အနောက်တိုင်းဖြစ်ကိုမှ အထင်ကြီးရကောင်းလော၊ အမေကျော် ဒွေးတော့်လွမ်းသည်ဟု စွဲချက်ကြီးကြီးနှင့် အပြစ်တင် မစောစေလိုပါ။ အရည်အသွေးချင်းတူလျှင် သွေးပါနီးသော အာရှတိုက်သား အချင်းချင်းကို အားပေးရမည်ဖြစ်သော်လည်း အလကားရခြင်း မဟုတ်သည့်အတူတူ သူ့အတွက် ပိုမိုစိတ်ချ အဆင်ပြေမည့် ပစ္စည်းကိုသာ ရွေးချယ်ရမည် ဖြစ်ပါသည်။

ထိုအမေရိကန်လုပ် လေသေနတ်လေးမှာ ကိုင်ဆောင်သူအား တရုတ်လေသေနတ်လောက် အန္တရာယ်ပေးမည် မဟုတ်။ သတ္တုသားမှာလည်း မှိုင်းလဲ့လဲ့လေး တောက်ပြောင်နေသည်။ အပေါ်ယံ အမြင်ချင်း ယှဉ်ကြည့်လိုက်လျှင်ပင် တခြား လေသေနတ်များထက် ပုံစံလေးက ကြွနေပြီး လှပခမ်းနားမှုက သိသိသာသာ ရှိနေသည်။ မောင်းတင်လိုလျှင်လည်း တစ်ပေခန့်သာရှိသော ဘေးဆွဲ မောင်းတံလေးကို အသာ

ဆွဲတင်လိုက်ရုံပင်။ ပြောင်းရင်းရှိ ခလုတ်ကလေးကို လှည့်လိုက်လျှင် ကျည်ဆန်ထည့်ရန် အပေါက်လေးက ဆုံလည်အိမ် လည်၍ ပွင့်လာရာ လွယ်ကူစွာ ကျည်ဆန်ထည့်နိုင်သည်။

ထိုလေသေနတ်လေးမှာ ဝေးဝေးသွား၍ မရှာရပါ။ ဦးသိန်းထံ၌ ရှိသော လေသေနတ်ပင် ဖြစ်ပါသည်။ ဦးသိန်းအား ထိုလေသေနတ်ကို ရလိုကြောင်းနှင့် သင့်လျော်သော တန်ဖိုးဖြင့် ရောင်းပေးရန် ပြောသော အခါ ဦးသိန်းမှာ ပထမတွင် အင်တင်တင် ဖြစ်နေသော်လည်း သူ့ထံတွင် သေနတ်လေးလက် ရှိနေသည်က တစ်ကြောင်း၊ သေနတ်ကိုင်ရန် စတင် လမ်းပြ အကြံပြု တိုက်တွန်းသည့် သူ့စကားများကြောင့် လည်းကောင်း ကြာကြာငြင်းမနေနိုင်တော့ဘဲ တဂျီဂျီ ပူဆာနေသည့် မောင်လူမြင့်အား ခေါ်ဘူဒဲမှ ပြန်ဆင်းလာပါက လေသေနတ်ကို ယူစေသတည်းဟု ကတိ ပြုသွားရှာသည်။

ဦးသိန်း ခေါ်ဘူဒဲသို့ တစ်ကြိမ် တက်သွားလျှင် သုံးလေးလ ကြာမှ ပူတာအိုသို့ လုပ်သား လစာငွေများနှင့် ရိက္ခာများယူရန် ပြန်လာ လေ့ ရှိပါသည်။

သေနတ်လိုချင်နေသော မောင်လူမြင့်အတွက် ဒီတစ်ခေါက် ဦးသိန်း ခရီးထွက်သည်မှာ အတော်ကြီး ကြာသည်ဟု ထင်နေမိသည်။ ခေါ်ဘူဒဲမှ ဦးသိန်း ပြန်ဆင်းလာသောအခါ၌လည်း မောင်လူမြင့်မှာ ပူတာအိုတွင် ရှိမနေဘဲ ဒီဇယ်ဆီ ရရှိရေးအတွက် မြစ်ကြီးနားသို့ ရောက် နေပါသည်။ ရုံးလုပ်ငန်းများ ဆောင်ရွက်ပြီး ပူတာအို ပြန်တက်ရန် တိုင်းရုံးသို့ သတင်းပို့အသွားတွင် ထင်မှတ်မထားဘဲ ဦးသိန်းကို တွေ့ လိုက်ရသောအခါ အတော် အံ့အားသင့်သွားမိသည်။

"ကဲ ကိုယ်တော့ ဧရာဝတီတိုင်းကို ပြောင်းရွှေ့မိန့် ရလို့ တစ်ခါ တည်း အပြီးဆင်းချလာခဲ့ပြီ။ နောက်လူ စောင့်နေရရင်လည်း တောင်ပေါ်

တက်လာရမယ့်သူက ထုံးစံအတိုင်း ဟိုအကြောင်း ဒီအကြောင်းပြပြီး ကြာနေမှာမို့ နောင်မွန်းက ဦးဂလောကြီးကိုပဲ ချော့ပြီး ခေါ်ဘူဒဲပါ တွဲကိုင်ဖို့ အလုပ်လွှဲပေးခဲ့တယ်။ ကဲ ကိုယ်တော့ ကျွတ်လွတ်ပြီ။ နင်သာ ကချင်မယောကျာ်းဆိုတော့ တောင်ပေါ်မှာ နေခဲ့ပေဦးတော့။ ဟဲ ဟဲ"

ဦးသိန်းမှာ အတော်ပျော်နေဟန် ရှိသည်။

"နင် လိုချင်တယ်ဆိုတဲ့ လေသေနတ်လည်း ပူတာအိုမှာ ထားခဲ့တယ်။ ယန္တရားကျော်ဝဆီမှာ တောင်းယူပေတော့။ ဒီကောင်က သူ့ကို ရောင်းပါလို့ ကပ်ပြောနေသေးတယ်။ ကိုယ်က ဟ ဒါတော့ မဖြစ်ဘူး၊ မောင်လူမြင့်ကိုတောင် ပေးမယ်လို့ ကတိပေးပြီးထားမို့သာ ငါ့စကားနဲ့ ငါ ပိနေလို့ ထားခဲ့ရတာ။ တခြားလူဆို ဘယ်သူ့မှ ရောင်းမပေးနိုင်ဘူးလို့ သေသေချာချာ ရှင်းပြခဲ့ရတယ်။ အဲ ကိုယ်လည်း ခွဲခွာရမယ်ဆိုတော့ ခင်မင်တဲ့ ညီမလေးတွေကို မိတ်ကပ်၊ ရေမွှေးလေးတွေ ဝယ်ပေးရတာနဲ့ ငွေအကုန်အကျ များသွားလို့ ကျော်ဝဆီက ငွေ ၁၀၀၀ တော့ ဆွဲလာခဲ့တယ်။ ပူတာအို ရောက်လို့ ကျော်ဝဆီ သေနတ် သွားယူရင် အဲဒီငွေကို နင်ပဲ ပြန်ဆပ်ပေးလိုက်ပါ။ လေသေနတ်ဖိုးလို့ သဘောထားပေါ့ဟာ"

ပူတာအိုသို့ ပြန်ရောက်သည်နှင့် မောင်လူမြင့် ဦးစွာ ဆောင်ရွက်သော လုပ်ငန်းမှာ မောင်ကျော်ဝနှင့် တွေ့ခြင်းပင် ဖြစ်ပါသည်။ မောင်ကျော်ဝမှာ မြို့နယ်ဆောက်လုပ်ရေးရုံးတွင် တွဲဖက်ထားရှိသော စက်ယန္တရားအဖွဲ့မှ စက်ပြင်တစ်ဦးဖြစ်သည်။ အသားဖြူနီစပ်၊ အရပ် ထောင်ထောင်မောင်းမောင်း၊ အသားအရေ ပြည့်ပြည့်ဖြိုးဖြိုးနှင့် အသက် ၃၀ ခန့်ရှိပြီး စကားပြော အလွန်ချိုသာ ပါးနပ်သူ ဖြစ်သည်။

မောင်ကျော်ဝမှာ မြို့နားဝန်းကျင်ရှိ ကျေးရွာများမှ ဝက်များဝယ်ကာ တစ်ပတ်တစ်ခါခန့် အသားပေါ်ပြီး ရောင်းလေ့ရှိသောကြောင့် အမဲသားငါး နေ့စဉ် ပုံမှန် ရောင်းသည့်ဆိုင် မရှိသော ပူတာအိုတွင် မောင်လူ

မြင့်တို့မှာ သူ့ကိုသာ အားထားနေရပါသည်။

မောင်ကျော်ဝမှာ သူ့ခန္ဓာကိုယ်နှင့် လိုက်အောင် အစားအသောက် ခံ့မင်သူ တစ်ဦးပီပီ ငါးရှာ၊ ငှက်ပစ် ဝါသနာ ကြီးလှသည်။ ငါးရှာသည် ဆိုရာ၌လည်း ပိုက်တန်း ကွန်ပစ်၊ ညအခါ မီးထိုး၍ ငါးခုတ်ခြင်း စသည် တို့အပြင် အစုအပြုံလိုက် ရလေ့ရှိသော ငါးမိုင်းခွဲခြင်းဖြင့်လည်း အပို ဝင်ငွေ ရှာလေ့ရှိသည်။ သူ၏ ဇနီးဖြစ်သူ ကချင်အမျိုးသမီးကလည်း ဆန်ချက် အရက် ခေါင်ရည်တို့ ရောင်းသော အိမ်ဆိုင်လေးကို မသိမသာ ဖွင့်ထားရာ အခြားမိသားစုများနှင့်စာလျှင် မောင်ကျော်ဝတို့မှာ ချောင် ချောင်လည်လည် ရှိပုံရသည်။

"ဦးသိန်းက သူ့သေနတ် မင်းကို အပ်ထားခဲ့တယ်လို့ ပြောတယ်"

မောင်ကျော်ဝက မပြောချင် ပြောချင်ဟန်ဖြင့်–

"ဟုတ်ကဲ့၊ ဆရာ မရှိတာနဲ့ ကျွန်တော်ယူထားလိုက်တာ။ သူ ငွေလိုတယ်ဆိုတာနဲ့ ငွေတစ်ထောင် ရှာပေးလိုက်ရတယ်"

"အဲဒီ လေသေနတ်က ငါ့ကိုပေးခဲ့တဲ့ လေသေနတ်ပဲ။ သူ မြစ်ကြီး နားကို ဆင်းသွားတော့ ငါနဲ့ မတွေ့လိုက်ရလို့ ယူမထားလိုက်ရတာ"

"အဲဒီအကြောင်းကိုလည်း ဦးသိန်းက ပြောပါတယ်"

"ဒါဖြင့် အဲဒီ လေသေနတ်ကို ငါယူမယ်။ မင်းမှာလည်း လေ သေနတ်တစ်လက် ရှိနေသားပဲ"

"အခု လေသေနတ်နဲ့က လမိုင်းသိပ်ကပ်နေတယ် ဆရာရဲ့။ တစ်နေ့ဆို ချိုး လေး ငါး ဆယ်ကောင်တော့ ခဏလေးပဲ။ အရင်ရှိတဲ့ သေနတ်က ကိုင်လာတာကြာတော့ ချောင်တောင်တောင်နဲ့ သိပ်မစူးတော့ ဘူး"

"ဒီလိုလုပ်ကွာ၊ မင်းလည်း မနစ်နာရအောင် ၁၂၀၀ ပေးမယ်"

"ဆရာနဲ့ တပည့်ပဲဥစ္စာ အတိုး အမြတ် ယူလို့ ဘယ်ကောင်းပါ့

မလဲ။ ဒီသေနတ်က ဆရာ ပြောဆိုထားတဲ့ သေနတ်ပဲဟာ၊ ဆရာ့ကိုပဲ ပြန်ပေးရမှာပါ။ ကျွန်တော်က ဆရာ မရှိတုန်း ခဏ ထိန်းသိမ်းပေးရတဲ့ သဘောပါ"

"ဒါဖြင့် အခုပဲ ကောင်လေးတစ်ယောက်နဲ့ လိုက်ယူခိုင်းလိုက်မယ်"

"အခုချက်ချင်းကြီးတော့ မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော်က ပစ်စရာ မရှိရင် နေတတ်တာ မဟုတ်ဘူး။ ကျွန်တော် လေသေနတ် ကောင်းကောင်း တစ်လက် ရှာခိုင်းထားပါတယ်။ အဲဒါရရင် ဆရာ့သေနတ် ဆရာ့ကို ပြန်ပေးပါ့မယ်။ အခုတော့ ကျွန်တော့်ကို ခဏငှား ပေးထားတယ်လို့ သဘောထားပါ ဆရာရယ်"

မောင်လူမြင့်မှာ မောင်ကျော်ဝက မပေးနိုင်ဟု အပြတ်ငြင်းလျှင် လေသေနတ်ကို လွှဲပြောင်းလက်ခံ ရသင့်သူ အစစ်မှာ သူသာဖြစ်ကြောင်း၊ မောင်ကျော်ဝက ကြားဖြတ်၍ အခွင့်ကောင်းစောင့်ပြီး မလိမ့်တပတ်ဖြင့် အပိုင်စီးသွားခြင်းသည် ရိုးသားသူတို့ လုပ်ရမည့်အလုပ် မဟုတ်ကြောင်း စသည်ဖြင့် အကြောင်းပြ သက်သေများနှင့် ချည်တုပ် မလှုပ်သာအောင် နားချရန် အားခဲထားသော်လည်း မောင်ကျော်ဝက ပေးပါမည်ဆိုသော အခါ ဘာမျှ မပြောသာတော့ပါ။ မောင်ကျော်ဝမှာ သေနတ်လွှဲပေးရမည့် အစား အမေးများပင် ထုတ်လိုက်ချေသေးသည်။

"ဆရာ အရင်က သေနတ်ကိုင် ဝါသနာ မပါပါဘူး။ ခုမှ ဘာ စိတ်ကူးများ ရလို့လဲ"

အမှန်ကတော့ မောင်လူမြင့်မှာ ပေးစရာ အဖြေကောင်းကောင်း မရှိ။ ထို့ကြောင့် ပါးစပ်မှ တွေ့ရာ ဖြေလိုက်ရသည်။

"ညရေးညတာ ဘေးဆီးရန်ကာပေါ့ကွာ"

"အမယ်လေး ဆရာရယ်၊ လေသေနတ်က ဘယ်လိုလုပ် အားကိုး

ရမှာလဲ။ ဓားကောင်းကောင်းတစ်လက် ကိုင်ထားတာမှ ရေးတေးတေး ရှိသေးတယ်။ ခြောက်လုံးပြူး ကိုင်ပါလား၊ ဆရာတို့ဆို လိုင်စင်ရဖို့ လွယ်ပါတယ်"

"ငါက အရက်သောက်တတ်တော့ မဖြစ်ပါဘူး။ သေနတ်အစစ် ကိုင်ဖို့က တာဝန် သိပ်ကြီးတယ်။ အရက်သမားဆိုတာ သတိမထိန်းနိုင်အောင် မူးတဲ့အခါလည်း ရှိနိုင်တာပဲ။ ထိန်းထိန်းသိမ်းသိမ်း မကိုင်တတ်တဲ့ လူရဲ့ လက်ထဲမှာ သေနတ်ရှိထားရင် အန္တရာယ် သိပ်များတယ်"

"လေသေနတ်ကတော့ရောဗျာ"

"ညနေ လမ်းလျှောက်ထွက်ရင်းနဲ့ ချိုးလေး ဘာလေး တွေ့ရင် ပစ်ဖို့ပေါ့ကွာ။ ညနေကျ အရက်မြည်း လိုတယ်မို့လား"

"အမယ်လေး အမြည်းများ ဆရာရယ်၊ ဆရာကိုယ်တိုင် ထွက်ပစ်ဖို့ မလိုပါဘူး။ တပည့်ကြီးတာဝန် ထားလိုက်စမ်းပါ။ ကျွန်တော် ပစ်ပြီး လာပို့ပေးပါ့မယ်။ ဆရာ ပစ်လို့လည်း ငှက်ရဖို့က မသေချာပါဘူး။ သေနတ်ရှိတိုင်း ငှက်ပစ်လို့ ရတာမှ မဟုတ်တာ။ ငှက်လည်း တွေ့ဦးမှ၊ ချောင်းတတ်ဦးမှ၊ မှန်အောင်လည်း ပစ်နိုင်ဦးမှ။ အဲဒါတွေက ပစ်နေကျ အလေ့အကျင့်ရနေတဲ့သူမှ ဖြစ်နိုင်တာ။ ကဲပါ ဆရာရယ်၊ အပိုတွေ အပင်ပန်းခံမနေပါနဲ့။ ဆရာတို့က ရုံးမှာ တစ်နေကုန် အလုပ်တွေပိပြီး ပင်ပန်းနေတာ၊ အချိန်က တန်ဖိုးရှိပါတယ်။ အိမ်ကပဲ စာဖတ်ရင်းနဲ့ စောင့်သာနေ၊ အမြည်းရှာပေးဖို့က တပည့်ကြီး တာဝန်ထား"

မောင်လူမြင့် ဘာပြန်ပြောရတော့မည်နည်း။ လေသေနတ်က သူ့လက်ထဲမှာ။ အတင်းအကျပ် တောင်းယူရအောင်ကလည်း လူကြီးမဆန်ရာ ကျတော့မည်။ ငိုယို ပူဆာ၍ နားပူနားဆာ လုပ်ရအောင်ကလည်း ကလေးအရွယ် မဟုတ်တော့။ သည်တော့ လေသေနတ် ပြန်ပေးမည့် အချိန်ကို စိတ်ရှည်ရှည်ထားပြီး စောင့်ရုံသာ ရှိတော့သည်။

မောင်ကျော်ဝကလည်း လေသေနတ်ကို လက်လွှဲ ပြန်မပေးသည် ကလွဲ၍ ပြောစကား တည်ရှာပါသည်။ ညနေ ၅ နာရီကျော်လျှင် မြို့၏ အရှေ့ဘက် မကျော့ဝါရွာ လယ်ကွင်း တောစပ် ဝါးရုံတောမှ ပစ်၍ရလာ သော ချိုး လေး ငါးကောင်ကို နေ့တိုင်း မပျက်မကွက် လာပို့ပေးရုံမျှမက ငှက်အမွေး နုတ်၍ ကြော်ပေးသည်အထိ လုပ်ပေးရှာသည်။

ပြီးတော့ မောင်လူမြင့် ရေချိန်လွန်မသွားစေရန် ဆန်ချက်အရက် ကို ဝင်ရောက် ကူညီသောက်ပေးသည်။ မောင်လူမြင့်မှာ အရက်ခွဲတမ်း နာရသည့်ကြားမှ မောင်ကျော်ဝ၏ သေနတ်ငှီကာ အမဲပစ် သဘော တရားတို့ကိုလည်း သည်းခံ၍ နားထောင်ရသေးသည်။ မောင်လူမြင့် ခမျာ အရက်မသောက်မီတွင် မိမိ တစ်နေ့တွင် ပိုင်ရမည့် လေသေနတ် ကလေးကို တစိမ့်စိမ့်ကြည့်ပြီး တစ်ခါတစ်ရံ နို့ဆီခွက်ထောင်၍ လက် တည့်စမ်း ပစ်ကြည့်ရုံဖြင့်သာ အာသာကို ဖြေနေရသည်။ စိတ်ရှည်ရှည် မထား၍လည်း မဖြစ်။ ကိုင်ရမည့် လေသေနတ်လေးကို မပေးဘဲ အချိန် ဆွဲထားမှာလည်း စိုးရသေးသည်။ ထို့အပြင် မောင်ကျော်ဝ စိတ်ကွက် သဒ္ဓါပျက်ပြီး တစ်ပါးသူကို လက်သိပ်ထိုး ရောင်းလိုက်မှဖြင့် အခက်။

တစ်ရက်တွင် ပူတာအိုမှ ၁၄ မိုင် ဝေးသော မချမ်းဘောမြို့လေး သို့ ဂူဘား ဧည့်ရိပ်သာအား အကြီးစား ပြုပြင်မွမ်းမံရန် အရေးတကြီး အကြောင်းပေါ်လာသောကြောင့် မောင်လူမြင့် နေ့ချင်းပြန်ခရီး ထွက်ရ သည်။ ဂူဘားရိပ်သာမှာ မလိခမြစ်ကမ်း နံဘေးတွင် တည်ထားသော အလျား ၆၈ ပေ၊ အနံ ၃၀ ပေခန့်သာ ကျယ်ဝန်းသော သွပ်မိုး ပျဉ်ကာ နှစ်ထပ် အဆောက်အအုံလေးသာ ဖြစ်ပါသည်။

သို့သော် သူ့နယ်နှင့်သူတော့ သူ့ထက်သာသူ မရှိသဖြင့် မောင်လူ မြင့်တို့အတွက်မူ နိုင်ငံတကာ ကြယ်ငါးပွင့်ဟိုတယ်ဟု တင်စားရပါ မည်။ သည်လိုနှင့် ရှိတာလေးကို ကြံဖန် အမွမ်းတင်ကြသောကြောင့်

နာမည်ကြီးနေသော ဧည့်ရိပ်သာအား ကြည့်၍ ပြင်ဆင်ရန် လိုအပ်သည်များကို တိုင်းတာပြီး ပြန်လာခဲ့ရာ ပူတာအိုရောက်သောအခါ ကျော်ဝ၏ သတင်းဆိုးကို ကြားလိုက်ရသည်။ ငါးခွဲသွားရင်း ဒဏ်ရာရသွား၍ ဆေးရုံပို့လိုက်ရသည်တဲ့။ မောင်ကျော်ဝနှင့် လိုက်ပါသွားသော ကားနောက်လိုက် လုပ်သားလေး အဒီးအား မေးကြည့်ရသည်။

"နမ့်ထုံချောင်းဖျား ငါးခွဲသွားကြတာ ဆရာကြီး။ ပထမ ယမ်းတစ်လုံးခွဲတော့ ငါးတစ်ကောင်မှ မရဘူး။ နောက်တစ်နေရာမှာ ခွဲတော့ ငါးက ဒီလောက် သုံးကောင်ပဲ ရတယ်"

သူ့လက်နှင့် တိုင်းပြသည်ကို ကြည့်တော့ တစ်ပေခန့်သာ ရှိမည့် ငါးဟု သိရသည်။

"သွားတဲ့လူနဲ့ ငါးက ဝေမရတော့ မပျော်ကြဘူး ဆရာကြီး။ ယမ်းက တစ်လုံးစာ ကျန်တယ်။ မီးကြိုးက ခွဲတဲ့ နှစ်လုံးမှာ နည်းနည်းများသွားတော့ မရှိတော့ဘူး။ ပြန်လာကြတော့ လမ်းတစ်နေရာမှာ ငါးတွေအများကြီး ရေကူးနေတာ တွေ့ရတော့ မနေနိုင်ကြတော့ဘူး။ ဆေးလိပ်ဘူးခွံထဲက ဟိုပြောင်ပြောင် စက္ကူပြားလေးကို လိပ်၊ မီးခြစ်ဆံယမ်းတွေထည့်သိပ်ပြီး မီးကြိုး လုပ်တယ်။ ယမ်းထုပ်ကို ဆင်တန်က ကိုင်ပေးတယ်။ ဆရာကျော်ဝက ဆေးလိပ်မီးမှုတ်ပြီး ယမ်းကြိုးကို တို့တုန်းလက်ထဲ ကွဲသွားတာပဲ ဆရာကြီး။ ဝုန်းခနဲ အသံကြီး ထွက်လာပြီး မီးခိုးတွေ ဖုံးသွားတာပဲ။ ကျွန်တော်တို့နဲ့က နည်းနည်းဝေးတယ်။ တော်တော်လေးကြာတော့မှ ဆရာကျော်ဝနဲ့ ဆင်တန်မြေကြီးပေါ် လဲနေတာတွေ့ရတယ်။ သွေးတွေကလည်း အများကြီးပဲ။ ဒါနဲ့ ဆေးရုံကို ထမ်းပို့ပေးခဲ့တယ်"

"သူတို့ ဘာဖြစ်သွားကြသေးလဲ"

"ဆင်တန်က ညာဘက်လက် ပြတ်သွားတယ်။ ဆရာကျော်ဝက

မျက်လုံးထိတယ်။ တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေ အများကြီးပဲ"

"မင်းတို့ ခွဲတဲ့ ယမ်းဘူးက ဘယ်လောက်ကြီးလဲ"

"ပရုတ်ဆီပုလင်းခွံထဲ ထည့်ခွဲတာ ဆရာကြီး"

ပူတာအို ပြည်သူ့ဆေးရုံသို့ မောင်လူမြင့် ရောက်သွားသောအခါ မောင်ကျော်ဝနှင့် ဆင်တန်ကို အတွင်းလူနာဆောင် ခုတင်များပေါ်၌ ပတ်တီးအထပ်ထပ်နှင့် မကြည့်ရက်စရာ တွေ့လိုက်ရသည်။

ဆင်တန်မှာ ညာလက်ကောက်ဝတ်မှ ပြတ်သွားပြီး ကျန်တစ်ဖက်မှာလည်း လက်ချောင်း သုံးချောင်းသာ ကျန်တော့သည်။ တစ်ကိုယ်လုံးမှာလည်း အစအနများ မှန်ထားသဖြင့် ဒဏ်ချက်တွေက ဗရပွဖြစ်ကာ စကားပင် မပြောနိုင်ဘဲ မှိန်းနေရှာသည်။

သူ၏မိန်းကလေးမှာ အသက် ၁၈၊ ၁၉ ခန့်သာ ရှိဦးမည်။ ဖြူဖြူပုပု ကလေးမ အသွင်လေးသာ ရှိသည်။ လွန်ခဲ့သော လေး ငါးလကမှ သူတို့ မင်္ဂလာဆောင်တွင် မောင်လူမြင့် သွားရောက်၍ စားသောက်ခဲ့ရသေးသည်။ ငယ်ငယ်ရွယ်ရွယ် ပျော်စရာကောင်းသည့် အိမ်ထောင်သည်ဘဝ အစလေးတွင် ရယ်မောရမည့်အစား မျက်ရည်သုတ်နေရပြီကော။

ဆင်တန်၏ အဖေနှင့်အမေမှာ ခုတင်ဘေးတွင်ထိုင်ရင်း တရှုပ်ရှုပ်နှင့် ကျိတ်ငိုနေကြသည်။ သူတို့မှာ မြင်သည်နှင့်ပင် ဆင်းရဲနွမ်းပါးကြမှန်း သိသာသော အဝတ်အစားတို့ကို ဝတ်ထားကြသည်။ သူတို့သည် မောင်လူမြင့် ဝင်လာသည်ကို မြင်သော် "သားလေးကို ကြည့်ရက်သေးလား ဆရာရယ်။ ကျွန်မတို့မှာ ဒီသားက လုပ်ကျွေးနေတာ၊ ခုတော့ ဘယ်လိုဖြေရတော့မလဲ"ဟု ပြောချင်ကြမည်ဖြစ်သော်လည်း ဗမာစကားရေလည်စွာ မပြောတတ်ကြသောကြောင့် သူတို့ ရင်ထဲမှ ခံစားချက်များကို အကြည့်များမှပင် မောင်လူမြင့် နားလည်ခံစားမိပါသည်။

မောင်လူမြင့်သည် ပါလာသော နို့ဆီဘူးနှင့် ဘီစကွတ်မုန့်ထုပ်များကို ပေးရင်း–

"အသက်မသေတာကိုပဲ ဘုရားသခင်ကို ကျေးဇူးတင်ကြရမှာ ပဲ။ ဆရာဝန်ကြီးကိုလည်း မေးပြီးပါပြီ။ အသက်အန္တရာယ် မစိုးရိမ်ရတော့ပါဘူး။ မနက်ဖြန် လေယာဉ်နဲ့ မြစ်ကြီးနားပို့ပြီး ဆရာဝန်အကြီးကြီးတွေနဲ့ ဆက်ကုရင် အမြန်ကောင်းသွားမှာပါ။ ဆေးကုဖို့ ကူညီထောက်ပံ့ငွေလည်း ဝန်ထမ်းတွေ စုထည့်ကြတာ တော်တော်များများရနေပြီ"ဟု အားပေးစကားများကို ပြောပြချင်သော်လည်း မောင်လူမြင့်မှာ ရဝမ်စကား မတတ်သောကြောင့် သူတို့နားလည်အောင် ကြိုးစားပြီး ပြောပြပေးပါဟု အလုပ်ကြပ် ဆန်ဒေါင်းဒီးကို ပြောပြရတော့သည်။

မောင်ကျော်ဝ၏ ဇနီး ဂျိန်းဖောအမျိုးသမီး၏ မျက်နှာပေါ်၌လည်း ညှိုးငယ်နေမှုများကို အထင်းသား တွေ့နေရသည်။ မောင်ကျော်ဝမှာ ဆင်တန်နှင့်စာလျှင် တော်သေးသည်ဟု ဆိုရပါမည်။ ပေါင်နှင့်လက်တို့တွင် အပေါ်ယံထိခိုက်မှုလေးများသာ ရှိသဖြင့် မောင်လူမြင့်ကို စကားပြောနိုင်သေးသည်။ သူ၏ ဒဏ်ရာများထဲတွင် အပြင်းထန်ဆုံးမှာ မျက်လုံးတစ်ဖက်ကို ထိသွားခြင်းဖြစ်သည်။

ဆေးရုံမှ မောင်လူမြင့် ပြန်ခါနီးတွင် မောင်ကျော်ဝက "ကျွန်တော် အိမ်မှာ အရက်ချက်၊ ဝက်ဝယ်ပြီး ပေါ်ရောင်းနဲ့ အကုသိုလ် အလုပ်တွေလုပ်လာတာ ရပ်ဖို့ ကောင်းပြီလို့ နတ်တွေက သတိပေးလိုက်တာပဲ ဆရာ။ နောင်များတော့ သူများအသက် သတ်ဖို့ဆို လန့်သွားပြီ ဆရာ"

ဝမ်းနည်းကြေကွဲနေသော မောင်ကျော်ဝအား မောင်လူမြင့်က ဖြေသိမ့် အားပေးစကား ဆိုရပြန်သည်။

"ဖြစ်လာပြီးမှတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီး နောင်တတရား အထားမလွန်ပါနဲ့ ကျော်ဝရယ်။ ကိုယ့်စိတ်ကို ပြန်ညှဉ်းဆဲနေ

ရင် နှစ်ခါနာတယ်။ ဖြစ်လာသမျှကို အလိုက်သင့်ကလေး လက်ခံရဲတာ ကမှ သတ္တိရှိတာ"

ဆေးရုံမှ အိမ်သို့အပြန်ခရီးတွင် မောင်လူမြင့်၏ ခြေလှမ်းတို့သည် နှေးလေးလွန်းလှသည်။ မျက်မြင်တွေ့ခဲ့ရသော မောင်ကျော်ဝတို့အကြောင်းကို ပြန်တွေးရင်း ထင်မှတ် မျှော်မှန်းမထားသော လူ့ဘဝ၏ အချိုးအကွေ့များသည် မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို လမ်းထက်ပင်များပြီး ပို၍ အန္တရာယ်ကြီးလှပါလားဟု သံဝေဂ ရနေမိသည်။

သို့သော် မောင်လူမြင့်သည် သူ၏ အိမ်အနီး ရောက်သောအခါ ဆေးရုံတွင် မောင်ကျော်ဝ ပြောလိုက်သည့် စကားကို အမှတ်ရလိုက်သည်။

"နောင်များတော့ သူများအသက် သတ်တဲ့ အကုသိုလ်အလုပ် မလုပ်တော့..."

မောင်လူမြင့် ခေါင်းကို တဆတ်ဆတ် ညိတ်မိသည်။ ဒါဆို မောင်ကျော်ဝအတွက် လေသေနတ်`မလိုတော့။

နောက်တစ်နေ့သည် လေယာဉ်လာရက် ဖြစ်သောကြောင့် မောင်ကျော်ဝနှင့် ဆင်တန်ကို မြစ်ကြီးနား ဆေးရုံကြီးသို့ပို့ရန် အဆင်ပြေသွားသည်။ နောက်ရက်များတွင် မောင်လူမြင့်မှာ ဖော်ကာ ဂျက်လေယာဉ်များ ဆင်းနိုင်ရန် လေယာဉ်ကွင်း တိုးချဲ့ကတ္တရာပြေးလမ်းအတွက် မူလာရှီဒီးချောင်းမှ ကျောက်တုံးကြီးများ စု၍ သယ်ဆောင်ရခြင်း၊ ဆွမ်ပရာဘွမ်လမ်းပေါ် ရောက်နေသော လမ်းဖောက်အဖွဲ့သို့ ရိက္ခာနှင့် သစ်ခွဲသားရိက်သံတို့ ပို့ပေးရင်း လမ်းအခြေအနေကို ကိုယ်တိုင် မျက်မြင်သွားရောက်ကြည့်ရှုပြီး လိုအပ်သည်တို့ကို စီစဉ်ပေးရခြင်း စသည့် မြို့နယ် အင်ဂျင်နီယာ အလုပ်များဖြင့် နပန်းလုံးနေရသောကြောင့် မောင်ကျော်ဝတို့ကိုပင် သတိမရအားတော့ပေ။

သို့သော် ဆွမ်ပရာဘွမ် ကားလမ်းဖောက်အဖွဲ့ ခေတ္တ စခန်းချနေသော တန်ဂျာချောင်း သဲပြင်မှ ငှက်ပျောရွက်မိုးတဲတွင် ညအိပ်ရပ်နားရသော ညဥ့်လုံခြုံရေးအဖွဲ့မှ တပ်ကြပ်ကြီး ပစ်ကျွေးသော တောကြောင်သား ကောင်လုံးကင်ကို ဒေသထွက် ဆန်အရက်နှင့် မြည်းရသောအခါ ကျော်ဝ၏ လေသေနတ်ကို မဆီမဆိုင် မြင်ယောင်မိသည်။ အပြန်ခရီးတွင် လမ်းပေါ်မှ ဖြတ်ပြေးသွားသော တောကြက်အုပ်ကို တွေ့ရပြန်လျှင် အိစုဇူကားကြီး စီးလာသော မောင်လူမြင့်မှာ လေသေနတ် ပါမလာမိသည့်အတွက် မချင့်မရဲဖြစ်ကာ မောင်ကျော်ဝနှင့် လေသေနတ်ကို မကျေမနပ် ဖြစ်လာသည်။

"လေသေနတ်သာ ပါလာလို့ကတော့ ဒီတောကြက်တွေ ဘယ်အလွတ်ပေးမလဲ၊ ခုတော့ ဒီကောင်တွေ ကံကောင်းသွားတယ်။ နေနှင့်ကြဦးပေါ့ကွာ၊ နောက်တစ်ခေါက် တွေ့ကြသေးတာပေါ့"

ကားမောင်းနေသော ဒရိုင်ဘာစူကေးက ဆရာဖြစ်သူ မောင်လူမြင့်၏ လက်စွမ်းလက်စကို တော်တော်လေး စိတ်ချယုံကြည်ဟန် ရှိပါသည်။

"တောကြက်က သိပ်ပါးတယ် ဆရာ၊ လူရိပ်မြင်တာနဲ့ကို ပျံပြေးတာ။ အကပ်မခံဘူး။ ဆရာဆို ချောင်းနေရတာနဲ့ ပြီးသွားမှာ၊ မောရုံပဲ ရှိမယ်"

"ငါတော့ ဘယ်အပင်ပန်းခံပါ့မလဲကွ၊ အဒီး ပစ်ခိုင်းမှာပေါ့။ ဒီကောင်က တောထဲမှာ ဆယ်နှစ်ကျော် လှုပ်ရှားလာတော့ တောပစ်ကျွမ်းတယ်"

"ကြက်သား စားချင်ရင် ရှေ့က လုံ့ရှာယန်ရွာ ရောက်ရင် ရှာပေးပါ့မယ်"

"မင်းဟာက ဝယ်လို့လည်း ရောင်းမှာ မဟုတ်ပါဘူး"

"ဒီဇယ်ဆီနဲ့ လဲမယ်ဆိုရင် အလုအယက် လာလဲကြမှာ ဆရာရဲ့။ တစ်ပုလင်းဆို ကြက်နှစ်ကောင် ရမယ်"

"ကားထဲက ဆီနဲ့တော့ မလုပ်လိုက်ပါနဲ့ မောင်စုကေးရယ်။ ဒီဇယ်ဆီ တစ်ဂါလန် ပူတာအို ရောက်ဖို့ ဘယ်လောက် ခက်သလဲ။ လုပ်ငန်းအတွက်မို့သာ ကားသုံးနေရတာ။ ဖြစ်နိုင်ရင် ခြေကျင်ပဲ လျှောက်လိုက်ချင်သေးရဲ့"

နေနှင့်ကြဦးပေါ့လေ။ လေသေနတ် ပါလာလျှင် ကြက်ကို ဒီဇယ်နှင့် လဲရန် မလိုတော့။ သို့သော် လောလောဆယ်တွင် ကျော်ဝ အိမ်မှရှိ လေသေနတ်ကို သွားယူရန်ကလည်း ကျော်ဝနှင့် သူ့ဇနီးမှာ အိမ်တွင် ရှိမနေချိန်မို့ မသင့်လျော်။ မိဘနှစ်ပါး ကျန်းမာပါစေဟု မှန်မှန်ဆုတောင်းရန် ပျက်ကွက်လေ့ရှိသော မောင်လူမြင့်မှာ ထိုရက်များတွင် မောင်ကျော်ဝ တစ်ယောက် ဒဏ်ရာများ အမြန်ပျောက်ကင်းပြီး ဆေးရုံမှ ဆင်းနိုင်ပါစေဟု ဆုတောင်းမေတ္တာကို နေ့စဉ်ပို့ရှာသည် ဟူ၏။

မောင်လူမြင့်တို့ လူသားများကသာ မိမိတို့၏ အလိုဆန္ဒနှင့် တိုင်းတာပြီး နှေးသည်၊ မြန်သည်ဟု ထင်နေကြသော်လည်း အချိန်ဆိုသော ကိုယ်ပျောက်သတ္တဝါကြီးမှာ ခြေလှမ်းမှန်မှန်ကြီးဖြင့် ခရီးဆက်နေရာ သုံး လေးလဟူသော ကာလသည်လည်း သူ့စံနှုန်းနှင့်သူ ရောက်ရှိ၍ ကျော်လွန်သွားပါသည်။

မြစ်ကြီးနားမှ ဆေးရုံဆင်းပြီး ပူတာအိုသို့ ကျော်ဝတို့ ပြန်ရောက်လာသောအခါ နှစ်ဦးစလုံးကို အသားအရေ ကောင်းကောင်း၊ ပြည့်ပြည့်ဖြိုးဖြိုး ပြန်လည်တွေ့ရသဖြင့် မောင်လူမြင့်မှာ ဝမ်းသာမိသည်။

ဆင်တန်မှာ လက်တစ်ဖက် မရှိသည်မှလွဲ၍ အကြားအမြင်နှင့် ကိုယ်ကာယ လှုပ်ရှားမှုမှာ ကောင်းမွန်နေသဖြင့် သူတို့ရွာအနီးရှိ လမ်းအလုပ်သမား စခန်းတွင် နေ့စောင့်အဖြစ် တာဝန်ချပေးလိုက်သောအခါ၊

သူ့ကို ဌာနမှ မပစ်ပယ်သေးပါလားဟု ဝမ်းသာ ဝမ်းနည်းဖြစ်ပြီး မျက်ရည်များပင် ကျလာသည်။

မောင်ကျော်ဝမှာ ပျက်သွားသော မျက်လုံးတစ်ဖက်တွင် ကျောက်မျက်လုံးအတု ထည့်ထားရသော်လည်း နေကာမျက်မှန် တပ်ထားလျှင် မသိသာနိုင်။

မောင်ကျော်ဝကို မြင်တိုင်း မောင်လှမြင့်မှာ လေသေနတ်ယူရန် သတိရနေသော်လည်း လူတစ်ဖက်သား ဒုက္ခရောက်နေတာတောင် မထောက်ထားဘဲ ကိုယ်လိုချင်တဲ့ အခွင့်အရေးကိုသာ စောင့်နေတတ်တဲ့ လူသားမျိုးပါလားဟု အထင်ခံရမည်စိုး၍ သေနတ်အကြောင်း အစပင် မပြောမိအောင် သတိထားနေရသည်။ ပေးပါမည်ဟု ကတိပေးထားသော လေသေနတ်ကလေးကို မောင်ကျော်ဝ အနေဖြင့် ဆက်လက်ကိုင်ရန် မသင့်လျော်တော့သည့်အချိန် ရောက်လာပြီဖြစ်ရာ အလိုက်တသိ လက်လွှဲပေးမည့်ရက်တွင် လက်ခံယူခြင်းသာလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု မောင်လှမြင့်မှာ ကိုယ့်ဘာသာကိုယ် သတိပေးနေရသည်။

မောင်ကျော်ဝကလည်း သေနတ်ကိုင်ရန် တော်တော် စိတ်ကုန်သွား၍လား မသိ၊ လေသေနတ်အကြောင်းကို ယောင်မှား၍ပင် ခွန်းမဟ။ အကုသိုလ်အလုပ်မို့ စိတ်နာနာနှင့် မေ့များ မေ့ထားလေသည်လား မသိ။ ကောင်းသည်၊ သူ စိတ်ကုန်လေ မောင်လှမြင့်အတွက် လေသေနတ် ပြန်ရရန် နီးစပ်လေမဟုတ်လား။ စိတ်ရှည် သည်းခံခြင်းသည် ပညာရှိ လူကြီး လူကောင်းတို့၏ အရည်အချင်းတစ်ရပ်ဟု မှတ်သားဖူး၍ အများအပြောမှ ကဲ့ရဲ့လွတ်စေရန် အောင့်အည်း၍ စောင့်လာခဲ့ရာ မောင်ကျော်ဝ ဆေးရုံဆင်းလာပြီး နောက်ထပ် တစ်လခန့် ကြာပြန်ပြီ။ သို့သော် အခြေအနေက မထူးသေး။ ဇနီးဖြစ်သူကို တိုင်ပင်ကြည့်ရာ–

"ရချင်လွန်းရင်လည်း သွားယူလိုက်ပေါ့။ တော်ကြာ ဈေးပိုပေးတဲ့

သူများကို ပေးလိုက်ရင် ဘယ်လိုလုပ်မလဲ။ ကိုယ်ကလည်း အနိုင်ကျင့်ပြီး အလကားယူတာမှ မဟုတ်တာ”

“ဒီလိုတော့ လုပ်မယ် မထင်ပါဘူးကွယ်၊ ကိုယ့်ဥစ္စာမှန်း သူသိထားတာပဲဟာ”

“အမယ်လေး အရက်ကပ်သောက်လို့ ကောင်းအောင် ပေးတဲ့ကတိကိုများ ယုံလို့။ အစကတည်းက ဝင်ပြောရရင် ယောကျ်ားတွေကိစ္စကို ဝင်ရှုပ်တယ် ထင်မှာစိုးလို့ မပြောတာ”

“သူ အခု အကုသိုလ်အလုပ်ကို ကြောက်သွားပြီလို့ ပြောတာပဲ။ သူ သေနတ် မကိုင်တော့တာ ကြာပြီ မဟုတ်လား”

“သူတော့ မကိုင်ဘူးလေ။ ဟိုနေ့က သူတို့အိမ်နား ရောက်သွားတော့ သူ့ယောက်ဖနဲ့ သူ့မိန်းမဘက်က ပါတဲ့သား သေနတ်ကိုင်သွားတာတော့ တွေ့တာပဲ။ သူကိုယ်တိုင်ကတော့ ဒုက္ခိတဘဝ ရောက်နေတာတောင် ကြက်ငှက်တွေ ပစ်တုန်းပါလားလို့ လူတွေ ကဲ့ရဲ့မှာကြောက်လို့ ပြောင်ပြောင်တင်းတင်း မကိုင်ရဲတာနေမှာပေါ့။ တော်ကြာ ဆေးကုထားရလို့ ငွေလိုနေလို့၊ ယောက်ဖက ငွေပေးပြီး အတင်းယူသွားလို့နဲ့ ဘာညာကွိကွ အကြောင်းပြပြီး ပေးလိုက်တော့ အစ်ကို ဘာတတ်နိုင်မှာလဲ”

“အေး ဒါလည်း ဟုတ်တာပဲ။ သူများလက်ထဲ မရောက်ခင် လေသေနတ်ကို သွားယူထားလိုက်တာပဲ အေးပါတယ်”

မောင်လူမြင့်သည် ပညာရှိ ပီသစွာပင် အသေးအဖွဲ့ကိစ္စကို ဇနီးက ရှင်းပြမှ ကွက်ကွက်ကွင်းကွင်း သဘောပေါက်သွားပြီး မောင်ကျော်ဝတို့ အိမ်ဘက်သို့ ရောက်သွားရတော့သည်။ အဆင်သင့်ချင်တော့ မောင်ကျော်ဝကို သူ့အိမ်၌ပင် တွေ့ရသည်။

“ဟာ ဝင်ပါ ဆရာ၊ အထူးအထွေကိစ္စ ပေါ်လို့လား။ ကျွန်တော်တောင် ဆရာတို့အိမ်ဘက် လာတော့မလို့။ ဆရာ ရောက်လာတော့

အတော်ဖြစ်သွားတယ်"

"သန်ဘက်ခါ ဆွန်ပရာဘွမ်လမ်းဘက်ကို ကားသုံးစင်းနဲ့ ပျဉ်ပို့ပေးရမယ်။ အဲဒါ ကားတွေကို ပြန်စစ်ဆေးပြီး ကြည့်ဖို့နဲ့ ဘရိတ်ဆီမရသေးရင်လည်း အာတီစီက ဖြစ်ဖြစ် ခဏချေးထားဖို့ ပြောချင်တာလေး သတိရလာလို့ လာခဲ့တာပဲ"

အမှန်ကတော့ ကားများ အဆင်သင့် ဖြစ်နေကြောင်းကို မောင်လှမြင့် သိပြီးဖြစ်သော်လည်း ကြံဖန်၍ အကြောင်းပြရတော့သည်။ အိမ်နောက်ဖေးရှိ မီးဖိုခန်းထဲသို့ မောင်ကျော်ဝ ဝင်သွားပြီး ပြန်ထွက်လာသောအခါ လက်ထဲမှာ ကိုင်လာသော ပန်းကန်ပြားပေါ်တွင် ငှက်ကြော်များ ပါလာသည်ကို မောင်လှမြင့် တွေ့လိုက်ရသည်။ ပြီးတော့ မောင်ကျော်ဝသည် ကြောင်အိမ်ထဲမှ အရက်ပုလင်းနှင့် ဖန်ခွက်များကို ထုတ်ယူပြီး မောင်လှမြင့်ရှေ့ စားပွဲပေါ်သို့ ချလိုက်သည်။ အရက်ပုလင်းမှာ ပူတာအိုတွင် သောက်ရခဲ့သော ပုလင်းဖုံး အဖြူပတ်နှင့် မန္တလေးရမ်။

"ဆရာ့ဆီလာပြီး ချိုးကြော် ပို့မလို့၊ ကျွန်တော်လည်း ဆရာ့ကို မပြုစုရတာ ကြာပြီ။ နေ့လယ်က ယောက်ဖ လာပေးသွားတဲ့ ရမ်တစ်လုံး ရထားလို့ ဆရာ့ကို သတိရနေတာ။ ဆရာ ရောက်လာတော့ အတော်ပဲ။ ဒီမှာသာ ချသွားပေတော့"

'ယောက်ဖ' ဆိုသော စကား ပါလာသည့်အတွက် မောင်လှမြင့်မှာ ဖနီးဖြစ်သူ၏ သတိပေး စကားများကို ပြန်လည်ကြားယောင်ပြီး စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။ မောင်ကျော်ဝသည် ဖန်ခွက်နှစ်လုံးထဲသို့ ရမ်အရက် လက်နှစ်လုံးခန့်စီ ထည့်၍ တစ်ခွက်အား မောင်လှမြင့်သို့ ကမ်းပေးသည်။

"ချိုးတွေက များလှပါလား။ မင်းယောက်ဖ သွားပစ်တာလား"

"ဒီကောင်တွေ ဒီလောက် အဖြစ်မရှိပါဘူး ဆရာရယ်။ ကျွန်တော်

ညနေက သွားပစ်ခဲ့တာပါ”

“မသိပါဘူးကွာ။ မင်း ဆေးရုံပေါ်တုန်းက အကုသိုလ်အလုပ် တော့ ကြောက်သွားပြီ၊ နောက် မလုပ်ရဲတော့ဘူး ပြောလို့ လေသေနတ် ကို မင်း မကိုင်တော့ဘူး မှတ်နေတာ။ ငါလည်း လမ်းပြင်ခရီးထွက်ရင်း တောကြက် အပစ်ခိုင်းရအောင် လေသေနတ် လိုနေလို့ ယူသွားရရင် ကောင်းမလားလို့”

“ဆေးရုံပေါ်မှာတုန်းကတော့ စိတ်ထဲမှာ ခံစားရတဲ့အတိုင်း ပြော တာပါ ဆရာ၊ ကျွန်တော် ညာတာ မဟုတ်ပါဘူး။ အခု ခေါင်းအေးအေး နဲ့ ပြန်စဉ်းစားကြည့်တော့ ငါးခွဲလို့ ဖြစ်ရတဲ့ကိစ္စက ကျွန်တော်တို့ ပေါ့ပေါ့ ဆဆလုပ်မိလို့ ဖြစ်ရတာပဲ။ ငှက်ပစ်တာနဲ့က ဘာမှမဆိုင်ဘူး မဟုတ် လား ဆရာ။ ဆင်တန်ဆို ကြက်တောင် မသတ်ရဲတဲ့ကောင်ပဲ။ အခု ကျွန်တော် ငှက်ပစ်မထွက်တော့ အိမ်က ကလေးတွေပဲ အသားငတ်တာ။

“တကယ်ဆိုရင် အခုလို အမြင်မှန်ရလိုက်အောင် တွန်းအားပေး တဲ့ ဆရာ့ကို ကျေးဇူးတင်ရမှာပဲ။ ကျွန်တော့်ရဲ့ အားငယ်နေတဲ့စိတ်ကို ဆရာ့ရဲ့ ဆေးရုံပေါ်မှာ ပြောသွားတဲ့ အားပေးစကားက ကျွန်တော့်ဘဝ မှာ သိပ်ကို ထိရောက်ပါတယ်။ ခုထက်ထိ နားထဲကကို မထွက်ဘူး”

မောင်လှမြင့် ကိုယ်တိုင်ပင် ဘာတွေ ပြောခဲ့မိသည်ကို သိပ်သတိ မရချင်တော့။ အားပေးစကား ဆိုသည်မှာ ကိုယ်ဒုက္ခ စိတ်သောက ရောက်နေသူများ ခံသာစေရန် ဖတ်ထား မှတ်ထား သိကြားထားသမျှ လေးများထဲမှ သင့်လျော်ရာကို ရွေးပြောရစမြဲ မဟုတ်လား။

“အဲဒီ ဆရာ့စကားက သိပ်ကို မှန်တယ်။ ကျွန်တော့်ဘဝမှာ လက် တွေ့ အသုံးချရမှာ။ ကျွန်တော့် မျက်လုံးတစ်ဖက် ပျက်သွားလို့ ဒုက္ခိတ ဖြစ်ပြီဆိုပြီး စိတ်လျှော့လိုက်ရင် ကျွန်တော် နစ်ခါရှုံးတာပေါ့။ သေချာ စဉ်းစားပြီး အသုံးချကြည့်တော့မှ မျက်စိတစ်ဖက် မရှိတာကပဲ ကျွန်တော့်

ကို လေသေနတ်ကိုင်ဖို့ ပိုပြီး အဆင်ပြေသွားတယ်"

မောင်ကျော်ဝ၏ စကားများသည် မည်သည့်သို့ ဦးတည်၍ ပြောနေမှန်း လူ့သဘာဝများကို အထူး လေ့လာနေသူ မောင်လူမြင့်မှာ လိုက်၍ မမီသေး။

"ဟိုတုန်းကဆိုရင် သေနတ်ပစ်တော့မယ်ဆို ဘယ်ဘက်မျက်လုံးကို မှိတ်ပြီး ပစ်ကွင်းကို ချိန်ရတာဆိုတော့ ဘာပဲပြောပြော မျက်စိမှိတ်ဖို့တော့ အားစိုက်ရသေးတာပဲ။ အခုတော့ ကျွန်တော့်ပျက်သွားတဲ့ မျက်လုံးက ဘယ်ဘက်မျက်လုံးဆိုတော့ မျက်စိမှိတ် အားစိုက်ဖို့ မလိုတော့ဘဲ အလိုလို ချိန်ပြီးသားဖြစ်နေတော့ ပိုပြီး လက်ငြိမ်လာတာ ကိုယ်တွေ့ပဲ ဆရာရေ။ မျက်လုံးတစ်ဖက် ပျက်တာချင်း အတူတူ ညာဘက် မျက်လုံး မဟုတ်တာကိုပဲ ကြံဖန်ပြီး ကျေးဇူးတင်ရမလို ဖြစ်နေတယ်။ အဲဒါ ဆရာပြောတဲ့ ဖြစ်သမျှကို အလိုက်သင့် လက်ခံတတ်ခြင်း သဘောတရား မဟုတ်လား။ ဒီတော့ နောက်ကို အမြည်းအတွက် ချိုးကြော် စားဖို့လည်း စိတ်ပူမနေနဲ့တော့။ ဒီက တပည့်ကြီးဇာဝန်သာ ထားလိုက်။ သေနတ်ကတော့ ထားလက်စနဲ့ ဆက်ပြီး တပည့်ဆီမှာ ထားပေးပါဦး ဆရာရယ်နော်"

မောင်လူမြင့် အရသာခံ မြုံ့စုပ်နေသည့် မန်း ရမ်အရက်မှာ ဆန်ကိုချက်သော ပုတာအို ဒေသထွက် တူးစော်နံ နောက်ကျိကျိ ချက်အရက်လောက်ပင် အရသာမရှိ ဖြစ်သွားလေသည်။

စာပေဂျာနယ်၊ ၁၉၉၅

❑

## မေလလယ်

■ ဝင်းဖေ

မေလလယ် ...။

မန္တလေးမှာ ပူသလားလို့ မမေးနှင့်။ ကတ္တရာစေးလမ်းတွေ အရည် ပျော်နေပြီ။ နေ့လယ် ၂ နာရီခန့်ဆိုတော့ အဆိုးဆုံး။

ဇောတိကုန်း အေ–လမ်းမကြီးပေါ်မှာ အသွားအလာ မရှိသလောက် ဖြစ်နေတယ်။ ပူလွန်းတော့ အပြင်မထွက်ချင်ကြဘူးပေါ့။ မထွက်ရဲကြ ဘူးပေါ့။ သူသူငါငါ အိမ်ထဲမှာပဲ ယပ်တောင်ကလေးတွေနဲ့၊ ပန်ကာ တတ်နိုင်သူတွေကလည်း ပန်ကာနဲ့ပေါ့။ သင့်သလို အပူသက်သာအောင် လုပ်ပြီး နေကြမှာပေါ့။ လေအေးစက် တတ်နိုင်သူတွေကတော့ ရှားပါ တယ်။

အဲဒီအချိန်မှာ ပန်းအိုးတွေ တင်လာတဲ့ ပက်လက် ကုန်တင်ကား ကြီးတစ်စီး အနောက်မှ အရှေ့ကို မောင်းလာတယ်။ လမ်းက သိပ်ရှင်း နေတော့ အရှိန်လည်း အတော်များတယ်။ တစ်နေရာရောက်တော့ ကား အစွန်မှာ တင်လာတဲ့ ပန်းအိုးတစ်လုံး ရုတ်တရက် ကျကျန်ရစ်တယ်။

မြေပန်းအိုးဟာ ကားလမ်းပေါ်မှာ အစိတ်စိတ်အမြွာမြွာ ကွဲသွား တယ်။ အထဲက မြေကြီးတွေကလည်း ဖွာလန်ကြဲသွားတယ်။

ရွက်လှပင်ပေါက်ကလေးလည်း အမြစ်မှာရှိတဲ့ မြေစိုင် မြေခဲတွေပါ ခါထုတ်ခံလိုက်ရသလို ဖြစ်သွားတယ်။

ပန်းအိုးကျကွဲတဲ့ အသံကြောင့် ကားဒရိုင်ဘာက ဘရိတ်ကို ရုတ်တရက် ဖမ်းအုပ်လိုက်တယ်။ ဘရိတ်အုပ်တဲ့အသံဟာ ပူပြင်းတိတ်ဆိတ်နေတဲ့ ရပ်ကွက်မှာ အာခေါင်ကို ခြစ်ပြီး အော်ဟစ်လိုက်သလို ဖြစ်သွားတယ်။

လမ်းဘေး ဝဲယာမှာရှိတဲ့ အိမ်တွေက လူတချို့ အပြေးအလွှား ထွက်ကြည့်ကြတာပေါ့။

ကားစပယ်ယာ ရှေ့ခန်းက ခုန်ဆင်းပြီး ပန်းအိုးကွဲကို လှမ်းကြည့်တယ်။ ကားကို ချက်ချင်း ဘရိတ်အုပ်တယ် ဆိုပေမဲ့ အရှိန်ကများတော့ ပန်းအိုးကွဲကလေးဟာ ပေ ၅၀၊ ၆၀ လောက်မှာ ကျန်ခဲ့ပြီး ဆိုခဲ့တဲ့အတိုင်း လမ်းပေါ်မှာ တစ်စစီ။ စပယ်ယာက အတော် စိတ်ပျက်သွားတယ်။

သွားမကောက်တော့ဘဲ ဒရိုင်ဘာကို လှမ်းကြည့်တယ်။

“တစ်စစီ ဖြစ်သွားပြီ အာစရိ”

“ဘာပင်လဲကွ၊ အိုးအကြီးလား အသေးလား”

“အသေးပါ၊ ရွက်လှပင် အငယ်လေးပါ”

“ဒါဆို နေပါစေတော့ကွာ၊ ကောက်မနေပါနဲ့တော့၊ လာ တက်၊ သွားစို့”

သူတို့လည်း နေကပူလွန်းတော့ စိတ်သိပ်ရှည်ကြဟန်မတူ။ ကားကို ခပ်ကြမ်းကြမ်းပဲ မောင်းပြီးထွက်သွားကြတယ်။

လမ်းဘေးအိမ်ကလူတွေ အသာငြိမ်ပြီး ကြည့်နေကြတယ်။

လမ်းပေါ်မှာ ပွစာကြဲနေတဲ့ ပန်းအိုးကွဲနဲ့ ရွက်လှပင်ငယ်။

စက်သံပြင်းပြင်းနဲ့ မောင်းထွက်သွားတဲ့ ပက်လက် ကုန်တင်ကားကြီးလည်း လမ်းထိပ်ရောက်လို့ ဘယ်ဘက်ကိုကွေ့ပြီး ပျောက်သွားပြီ။

လမ်းဘေးအိမ်ကလူတွေ အိမ်ထဲပြန်မဝင်ကြသေး။ နေပူပူ ကျောက်လမ်းအလယ်က ရွက်လှပင် အိုးကွဲကို လှမ်းမျှော်ကြည့်နေကြ တယ်။ စက္ကန့်အတော်ကြာလာလို့ မိနစ်ပိုင်းသို့ ရောက်လာတယ်။ ဘယ်သူမှလည်း ထွက်ကောက်မယ့်သူ မရှိ ဖြစ်နေတယ်။

ပန်းအိုး ကျကွဲတဲ့နေရာနဲ့ ကိုညိုမှိုင်း အိမ်နဲ့က အတော်ဝေးတယ်။ မရှိဘူးဆို အနည်းဆုံး ပေ ၈၀၊ ၁၀၀ လောက် ဝေးမယ်။

ကိုညိုမှိုင်းလည်း အများနည်းတူ ရွက်လှပင်ကလေးကို လှမ်းကြည့် တယ်။ ပူပြင်းလှတဲ့ နေရောင်အောက်မှာ ရွက်လှပင်ကလေးဟာ သနား စရာ မြင်ရတယ်။ ထွက်ကောက်မယ့်သူလည်း တစ်ယောက်မျှ မရှိပါ လား။

ကိုညိုမှိုင်း ခြေလှမ်းမှန်မှန်လှမ်းပြီး နေပူထဲကို ထွက်ခဲ့တယ်။ မှန်မှန်ပါပဲ။ ပြေးကောက်တဲ့သဘော လုံးဝ မဟုတ်ပါဘူး။ လမ်းဘေးက လူတွေလည်း လှမ်းကြည့်နေကြမှာပေါ့။

ရွက်လှပင်ကလေးကို ကောက်ယူလိုက်ပြီး မိမိအိမ်ဘက်အပြန် ခြေလှမ်း လေးငါးလှမ်းလောက်ပဲ ရှိဦးမယ်။ ကိုညိုမှိုင်းအတွက် ပြဿနာ စပါတယ်။

"မောင်ညိုမှိုင်း အဲဒီရွက်လှပင်လေး အန်တီ့ ပေးပါလားကွယ်နော်"

ဒီမိန်းမကြီးကို ကိုညိုမှိုင်း ကြည့်မရတာကြာပြီ။ ဘာလို့ ပေးရမှာ လဲ။

"ပေးနိုင်ပါဘူးဗျာ၊ ကျုပ်လိုချင်လို့ ကောက်ခဲ့တာကို"

အန်တီကြီး နှုတ်ခမ်းစူပြီး ကျန်ခဲ့တယ်။ ဒါပေမဲ့ နောက်ထပ် ၁၀ လှမ်းလောက်ပဲ လှမ်းရသေးတယ်။ ဘီလစ်စာရေးကြီး ကိုဝမ်းက ကိုညိုမှိုင်းကို လှမ်းခေါ်တယ်။ ညနေကျရင် အရက်သောက်ဖို့ပြောမလို့နဲ့ တူတယ်။ ကိုညိုမှိုင်း စာရေးကြီးအိမ်ထဲကို ဝင်ခဲ့တယ်။

"ညိုမှိုင်း မင်း ဒီရွက်လှပင်ကို ဘာလုပ်မလို့လဲ"

ကိုညိုမှိုင်းက စာရေးကြီးမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်တယ်။

"ပြုတ်ပြီး သုပ်စားမလို့လေ"

"ဟာ ... မင်းကလည်း၊ ငါက အကောင်းမေးနေတာပါကွ၊ မင်း မလိုချင်ရင် ငါ့ပေးပါလားလို့ ပြောမလို့ဟာကို"

"ဟုတ်တယ် ကျွန်တော် မလိုချင်ပါဘူး၊ ကျွန်တော် မလိုချင်လို့ အပင်ပန်းခံပြီး နေပူထဲ ထွက်ကောက်လာတာပေါ့ဗျာ"

"ကိုဝမ်း အဲဒီ လူ့ခွစာနဲ့ အဖက်လုပ် ပြောမနေနဲ့။ ရွက်လှပင်များ လိုချင်ရင် ကိုယ့်ဘာကိုယ် သွားဝယ်လိုက်ပေါ့၊ ပြည့်လို့"

ကိုဝမ်း မိန်းမကြီးက ထ 'ကော'ပါတယ်။ ကိုညိုမှိုင်းလည်း လှည့် ထွက်ခဲ့ပါတယ်။

ဘီလစ်စာရေးကြီး အိမ်ကထွက်ပြီး စက်ဘီးပြင်ဆိုင်ရှေ့လည်း ရောက်ရော ခေါက်ဆွဲစက် တရုတ်ကြီး ကိုလောစံ ကပျာကယာ လမ်း ဖြတ်ကူးလာပါတယ်။

"ညိုမှိုင်း အဲဒီ ရွက်လှပင်ကလေး ငါ့ပေးကွာ"

ရော ... ခက်နေပါပြီ။ စောစောကတော့ ဘယ်သူမှ ထွက် မကောက်ကြဘူး။ ဒီတိုင်း ကြည့်နေကြတယ်။ သူများထွက်ကောက် တော့မှ ဝိုင်းလိုချင်နေကြပြန်ပြီ။ ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ။ ကိုညိုမှိုင်း က ကိုလောစံကို ဘာမှပြန်မပြောဘဲ ကြည့်ရင်း နှုတ်ခမ်းကို လျှာနဲ့ သပ်တင်လိုက်တယ်။

"ငါ့မှာ ရွက်လှပင်တွေ စုထားတာ အတော်စုံပြီကွ၊ ဒီအမျိုးထဲက မရှိသေးဘူး၊ လုပ်ပါကွာ မင်းအတွက် ဘာထူးမှာလဲ၊ မင်းမှာ ဘာပင် မှလည်း စိုက်ဖူးတာ မဟုတ်ဘူးဆိုတော့"

"အဲဒါပေါ့ဗျ၊ ဘာပင်မှ မစိုက်ဖူးလို့ ခု စိုက်မလို့ ထွက်ကောက်

လာတာလေ"

"လုပ်မနေပါနဲ့ ညီမှိုင်းရာ၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး"

ကိုလောစံကြီးဟာ မြန်မာစကား အတော်တတ်တယ်၊ မလွယ်ဘူး။

"နေစမ်းပါဦး၊ ခင်ဗျား လိုချင်ရင် စောစောက ဘာလို့ ထွက်မကောက်တာလဲ"

"ကောက်မလို့ပဲကွ၊ ထွက်ကောက်ရမှာ နည်းနည်းကြောင်သလား လို့ စဉ်းစားနေတုန်း ... မင်းက"

"ဟုတ်ပါ့ဗျာ၊ ထွက်ကောက်ရတာ အတော်ကြောင်တဲ့ အလုပ်ပါ၊ ဒီလို ခပ်ကြောင်ကြောင်နဲ့ ထွက်ကောက်ပြီးမှတော့ လွယ်လွယ်နဲ့ မပေးနိုင်ဘူးဗျာ၊ အို ... မပေးဘူးဗျာ၊ ကျုပ်ဘာကျုပ်ပဲ စိုက်တော့မယ်"

ကိုလောစံကြီး စကားမရှည်နိုင်အောင် ပြောပြောထွက်ထွက် ထွက်ခဲ့သည်။

ကိုခန့်က သူ့တိုက်ရှေ့မှာရပ်ပြီး ညီမှိုင်းကို စောင့်နေတယ်။ လာပြန်ပြီတစ်ယောက်။ ဒီတစ်ခါတော့ ကိုညီမှိုင်းကပဲ ဦးအောင် စပြော လိုက်တယ်။

"ဘာမှန်းမသိဘူးဗျာ၊ စောစောကတော့ ဘယ်သူမှ ထွက်မကောက် ကြဘဲ ကျွန်တော် ထွက်ကောက်တော့မှ သူ့ပေးပါ၊ ငါ့ပေးပါနဲ့ ဝိုင်း တောင်းနေကြတယ်။ တကယ်ဆို ကျွန်တော်နဲ့က အဝေးဆုံး၊ အစက တည်းက သူတို့ဘာ သူတို့တော့ ထွက်မကောက်ကြဘဲနဲ့"

"ဟုတ်တယ်၊ သူများကောက်လာမှ အလကား တောင်းနေကြတာ ဘယ်ကောင်းမလဲ၊ ကဲ ပြော။ ငါ ဝယ်မယ်။ ငါ့ရောင်းကွာ"

"ဟင်၊ ခင်ဗျားကလည်း တစ်မျိုးပါလား၊ ဒီမယ် အလကားလည်း မပေးဘူး၊ ရောင်းလည်း မရောင်းဘူး၊ ဖွတ်လုမယ် မကြံနဲ့၊ အသက်နဲ့ လဲပြီး ကာကွယ်မယ်၊ ဒီရွက်လှပင်ကို ကျုပ်ဟာကျုပ်ပဲ စိုက်မယ်။ စိုက်ကို

စိုက်မယ်၊ မပေးဘူး၊ မရောင်းဘူး၊ ဘယ့်နှယ်လဲဗျာ”

နေပူပူနဲ့ ညီမြှိုင်း ဘယ်လိုဖြစ်သွားပြီလဲ။ ကိုခန့် လန့်သွားတယ်။ အရာရာကို ပိုက်ဆံနဲ့ ဝယ်ခဲ့ပေါင်း များပါပြီ။ ဒီတစ်ခါ မလွယ်ပါလား။ ကိုခန့် တိုက်ထဲကို ခပ်သွက်သွက်ပင် ဝင်ရောက်ပျောက်ကွယ်သွားတယ်။

ကိုညီမြှိုင်းဟာ သူ့အိမ်ကို ဝင်တော့မယ်ဆိုတော့ လမ်းဟိုဘက်ကနေ မတင်ကြည်တို့သားအမိ လှမ်းကြည့်နေတာကို သတိပြုမိသေးတယ်။ မတင်ကြည်ဆိုတာက အတော်စိတ်ကြီးတဲ့ မိန်းမ။ သူ့သားလေးကလည်း မအေတူပဲ။ စိတ်ကြီးတာကို ပြောတာပါ။ ဘာရှိဦးမှာလဲ။ ရှိလှ ငါးနှစ်၊ ခြောက်နှစ်ပေါ့။

ကိုညီမြှိုင်း သူ့အိမ်ထဲကို မြန်မြန်ဝင်ခဲ့တယ်။ အလုပ်ကို အကြွေးမထားဘူး။ အိမ်နောက်ဖေးကို တောက်လျှောက်ဝင်ခဲ့ပြီး သံပုံးဟောင်းကလေးတစ်ခုထဲမှာ မြေကြီးထည့်ပြီး ရွက်လှပင်ကလေးကို ပြန်စိုက်၊ ရေလောင်း စသည်ဖြင့်ပေါ့လေ။ စိတ်ဝင်တစား လုပ်ပစ်လိုက်တယ်။

အဲဒီလိုလုပ်နေတုန်း မတင်ကြည်တို့ အိမ်နောက်ဖေးဘက်ဆီက မတင်ကြည်ရဲ့သားလေး ဖိုးစံ ငိုသံသဲ့သဲ့ကိုတော့ နည်းနည်းကြားမိသား။

ညနေ လေးနာရီလောက်မှာ ကိုညီမြှိုင်း ရေချိုးပြီး ဆိုင်ကယ်နဲ့ ရုံတော်ကြီးဘက် ထွက်ခဲ့တယ်။ အိမ်ကအထွက် မတင်ကြည်တို့ အိမ်ရှေ့မှာ ဒေါက်တာတင်မောင်ရဲ့ လင့်ရှိဗာကား ရပ်ထားတာကိုလည်း မြင်မိသား။

ညရှစ်နာရီလောက်မှာ ကိုညီမြှိုင်း အိမ်ကို မူးပြီးပြန်ရောက်လာတယ်။ ကိုတင်ထွန်းတို့၊ ကိုစိန်မြင့်တို့နဲ့တွေ့ရင် ဒီလိုပဲ နည်းနည်းတော့ လွန်လွန်သွားတတ်တယ်။ အိမ်ပြန်ရောက်တော့ အိပ်ရာထဲ မြန်မြန်ရောက်ဖို့လောက်ပဲ ကြိုးစားရတော့တယ်။ အတော်မူးနေပြီလေ။ အိပ်ခါနီးမှာ မတင်ကြည်တို့အိမ်ဘက်က ဖိုးစံရဲ့ ငိုသံသဲ့သဲ့တော့ ကြားမိသား။

မနက် ၃ နာရီလောက်မှာ ရင်ပူလွန်းလို့ ကိုညီမှိုင်း လန့်နိုးသွားတယ်။ အိပ်ရာကထပြီး ရေနှစ်ခွက်လောက် ဆင့်သောက်လိုက်ရတယ်။ ဒီတုန်းက မတင်ကြည်တို့အိမ်ဘက်မှာ မီးလင်းနေပြီး ဖိုးစံ ငိုသံသဲ့သဲ့လည်း ကြားမိသေးတယ်။ ဒါပေမဲ့ နောက်ဖေးဘက်ပြေးပြီး အိမ်သာတက်ဖို့က အရေးကြီးနေလို့ သိပ်စဉ်းစားမနေနိုင်ပါဘူး။ အိမ်သာကိစ္စပြီးပြန်တော့လည်း အိပ်ရာထဲ ပြန်ဝင်ပြီး နှပ်ရပြန်တာပဲပေါ့။

မနက် ၇ နာရီကျော်မှ နိုးလာတယ်။

ဖိုးစံ ငိုသံကို ကြားနေရပြန်တဲ့အတွက် ကိုညီမှိုင်း နားစိုက်ထောင်မိတယ်။

"ညီမှိုင်း ... ဟေ့ကောင် ညီမှိုင်း"

စက်ဘီးပြင်ဆိုင်က ကိုပြား အသံပဲ။

"ဗျာ ... ကိုပြား လာပြီ လာပြီ"

အိပ်ရာက ကပျာကယာထပြီး အိမ်ရှေ့တံခါးကို ဖွင့်ပေးလိုက်တယ်ဆိုရင်ပဲ ...

"ဟေ့ကောင် မင်း ကယ်မှ ဖြစ်တော့မှာပဲ"

"ဘာလဲဗျ၊ ဘာဖြစ်လို့လဲ"

"မင်းကလည်းကွာ၊ တစ်ညလုံး ဖိုးစံ အငိုမရပ်တာ မင်း မသိဘူးလား"

"ဟုတ်လား၊ ကြားတော့ ကြားမိသား၊ ဘာဖြစ်လို့လဲ"

"အငို မရပ်ရုံတင်မကဘူး မောင်၊ အဖျားပါ ဝင်လာပြီး ခုတော့ တော်တော့်ကို အခြေအနေ ဆိုးလာပြီ"

"နေစမ်းပါဦး၊ မနေ့ညက ဒေါက်တာ တင်မောင်မောင် လာတာလည်း မြင်ပါတယ်"

"ဟုတ်တယ်လေ၊ သူလည်း ကြိုးစားတာပဲ၊ မရပါဘူးကွာ"

"အိုး အဲဒါ ကျုပ်က ဘယ့်နှယ်လုပ်ရမှာလဲ"

"ဒီမယ် ကလေး ဖျားတာက ရိုးရိုး မဟုတ်ဘူးကွ၊ မနေ့က မင်း လမ်းမှာ ထွက်ကောက်လာခဲ့တဲ့ ရွက်လှပင်ကို လိုချင်တာတဲ့"

"ဗျာ"

"အဲဒါ မတင်ကြည်စိတ်လည်း မင်း သိသားပဲ၊ ကလေးနဲ့ မဆိုင် တာကို ပူဆာရသလားဆိုပြီး ရိုက်လို့တဲ့ကွာ၊ ကလေးက ငိုပါလေရော၊ ဖိုးစံဆိုတာကလည်း မတင်ကြည်သားလို့ မပြောရဘူး၊ သိပ် စိတ်ကြီး တဲ့ကောင်၊ မင့်ဆီက ရွက်လှပင်မှ မရရင် အသေခံ ငိုမယ်ဆိုတဲ့ ကောင်ပဲ"

"အင်း မလွယ်ပါလားကွာ"

"အဲဒါကြောင့် ပြောတာပေါ့၊ မင်း ကယ်မှပါလို့၊ ကလေးက ငိုလွန်း အားကြီးပြီး အဖျားကလည်း တက်လာတယ်၊ ဒီကိစ္စက စိတ်ကွ စိတ်။ ဒီကလေး ရေတိမ်နစ်သွားနိုင်တယ်နော"

ကိုညီမြိုင်း ငိုင်ကျသွားတယ်။ စဉ်းစားနေချိန် သိပ်မရတော့ပါ။ ဖိုးစံရဲ့ ငိုသံက တဖြည်းဖြည်း အားနည်းဖျော့တော့လာတာကို ကြားနေ ရပြီ။

ရွက်လှပင်ကလေးကို ကပျာကယာ ယူပြီး မတင်ကြည်တို့ အိမ် ဘက် ကူးခဲ့ရတယ်။ အိပ်ရာပေါ်မှာ ပက်လက်ကလေး ဖြစ်ပြီး မောနေပြီ ဖြစ်တဲ့ ဖိုးစံရှေ့မှာ ရွက်လှပင်ကလေးကို ချပြလိုက်တယ်။

'ဖိုးစံ သား သားဖို့ ဦးဦး လက်ဆောင်လေကွာ၊ သား လိုချင် တယ်ဆို၊ မငိုနဲ့တော့ ဟုတ်လား၊ သား ... ယူနော်၊ အေး ဒီလိုမှပေါ့ သားရဲ့၊ ကဲ အမောပြေသွားအောင် ရေလေးသောက်လိုက်ဦး၊ အား ဟုတ်ပြီ၊ ကဲ ကျေနပ်ပြီမဟုတ်လား"

ဖိုးစံ အသက်ကို ကယ်နိုင်ပါတယ်။ အရေးထဲမှာ အလွန်စိတ်ကြီး တဲ့ မတင်ကြည်က ကိုညီမြိုင်းကို အားနာစရာ ကောင်းတဲ့အကြောင်း

ဘာညာနဲ့ ပြောနေသေးတယ်။ မလိုပါဘူး။ ဖိုးစံ ရေတိမ်မနစ်ဖို့ အရေးကြီးပါတယ်။

ကိုညီမြိုင်း မတင်ကြည်တို့အိမ်က ပြန်လာပြီး ကိုယ့်အိမ်ကိုယ် ပြန်ရောက်တော့ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါတယ်။

ဒီအတွေ့အကြုံမျိုးဟာ ကိုညီမြိုင်းအတွက် ပထမအကြိမ် မဟုတ်ပါဘူး။

တစ်ချိန်ကလည်း ဒီလိုနဲ့ပဲ ချစ်သူတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရဖူးတယ်။

အတ္တဝါမဂ္ဂဇင်း။ မေ၊ ၁၉၈၈

❑

## ပုံးဟပ်နှစ်ကောင်

■ ဝင်းဖေ

ရုပ်ရှင်ဒါရိုက်တာ ဦးဘာသက် အိမ်ကို ပထမဆုံးနဲ့ နောက်ဆုံး ရောက်ခဲ့တယ်လို့ ပြောရပါမယ်။

တင်ဝင်းမောင် အဲဒီအခေါက် ရောက်ပြီးမှ နောက်တစ်ခေါက် မသွားဖြစ်တော့ဘူးလို့ ပြောတယ်။

ဒါရိုက်တာ ဦးဘာသက်ရဲ့အိမ် ဆိုတာက ခြံကျယ်ကြီးတစ်ခုထဲမှာ ရှိတယ်။ မြို့စွန်ပိုင်းလည်း ကျတယ်။ ခြံဝအဝင်မှာလည်း အလွန် ခံ့ညားတဲ့ သံပန်းတံခါးကြီးနဲ့ ပိတ်ထားတယ်။ အနားရောက်ရင်တော့ 'ခေါင်းလောင်းတီးပါ' ဆိုတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားတာကို တွေ့ရပါတယ်။ သေသေချာချာကြည့်တော့မှ အတွင်းဘက်မှာ အမြင့် လေးလက်မလောက်တောင်ရှိမယ့် ကြေးခေါင်းလောင်းကလေး ရှိနေတာကို တွေ့ရပါတယ်။ သံတိုင်ကြားက လက်လျှိုပြီး ခေါင်းလောင်းကလေးကို လှုပ်ခါဖို့ ကြိုးစားတဲ့အခါမှာ ပထမဆုံး အံ့ဩစရာနဲ့ တွေ့ရပါတယ်။ ကြေးခေါင်းလောင်းကလေးကို ကိုင်လိုက်တဲ့အခါမှာ အလွန် ပေါ့ပါးနေတာကို တွေ့ရပါတယ်။ နောက်ပြီး အသံကတော့ မြည်ပါတယ်။ အသံက လွင်လည်း လွင်ပါတယ်။ ဒါပေမဲ့ ကြေးခေါင်းလောင်း

က ထွက်တဲ့ အသံမျိုးတော့ မဟုတ်ပါဘူး။

ချက်ချင်းဆိုသလိုပဲ လူငယ်တစ်ယောက် အိမ်ကြီးဘက်က ထွက်လာပါတယ်။ ကိစ္စကိုမေးတယ်။ တင်ဝင်းမောင်က ဆရာကြီး ဦးဘသက်နဲ့ အင်တာဗျူးလုပ်ဖို့ လာတဲ့အကြောင်း ပြောပြတဲ့အခါမှာ သံပန်းတံခါးကြီးကို ဖွင့်ပေးဖို့ ကြိုးစားပါတယ်။ တင်ဝင်းမောင်ကလည်း ကူပြီး တံခါးမကြီးတစ်ဖက်ကို တွန်းဖွင့်ပါတယ်။ ဒီအချိန်မှာ ဒုတိယအကြိမ် အံ့သြရပြန်တယ်။ အမြင်အားဖြင့် ထုထုထဲထဲ ခုံခုံညားညားရှိလှတဲ့ သံပန်းတံခါးကြီးဟာ အလွန်ပေါ့ပါးနေတာ တွေ့ရပါတယ်။ တင်ဝင်းမောင်ဟာ အတော်အံ့သြသွားတယ်။ ဒါဟာ ပတ္တာတွေ ကောင်းလွန်းလို့ ဖြစ်ရမယ်လို့ တွက်လိုက်တယ်။ ဘောလ်ဘယ်ရင်တွေများ ထည့်သလားလို့ ထုတ်ပြီး မေးမိတယ်။ ဒီတော့မှ လူငယ်ကလေးက ပြောတယ်၊ မဟုတ်ပါဘူးတဲ့။ ဒီသံပန်းတံခါးကြီး တစ်ခုလုံးကို ပလတ်စတစ်နဲ့ လုပ်ထားတာပါတဲ့။ ဒါကြောင့် ပေါ့ပါးနေတာ ဖြစ်ပါတယ်။ အလားတူပဲ ခေါင်းလောင်းလည်း ပလတ်စတစ်ပါဖဲ့တဲ့။ ခတ်ထားတဲ့ သော့ကြီးတွေကလည်း ပလတ်စတစ်တွေပါပဲတဲ့။ တင်ဝင်းမောင် ကောင်းကောင်း သဘောပေါက်သွားတယ်။ ပစ္စည်းကသာ ပလတ်စတစ်ကိုး။ သဏ္ဌာန်ကတော့ သတ္တု၊ သံ၊ ကြေး၊ အင်္ဂတေ ဘာညာပေါ့လေ။ အဲဒါတွေနဲ့ တူအောင် လုပ်ထားတာတွေပဲ။

အား ... ဟုတ်ပြီ၊ ရုပ်ရှင်ဒါရိုက်တာကြီးအိမ်ပဲ။ ရုပ်ရှင်မှာက ဆက်တင်ပညာတွေ ထွန်းကားတယ်လေ။ အမြင်ပဲ အရေးကြီးတယ်။ ဟုတ်တာပေါ့၊ ခုဟာကတော့ ဆက်တင်ထက်တော့ သာတယ်။ ပလတ်စတစ်တွေ။ ထားပါလေ၊ ဒါလည်း ဆက်တင်ပဲ ဆိုပါတော့။

တင်ဝင်းမောင် လူငယ်လေးနဲ့အတူ အိမ်ကြီးဆီကို လိုက်ခဲ့တယ်။ ဆင်ဝင်အောက်က စကျင်ကျောက် လှေကားထစ်တွေကို တစ်ထစ်ချင်း

တက်ခဲ့တယ်။ အင်း– ဒါတွေလည်း ပလတ်စတစ်ပဲနေမှာပဲ။ တယ်ကောင်းတာပဲလို့ ပြောမိပြန်တယ်။ ဒါပေမဲ့ တင်ဝင်းမောင် မှားသွားပြန်တယ်။ လူငယ်ကလေးက ပြောတယ်။ လှေကားထစ်တွေကတော့ စကျင်ကျောက်အစစ်တွေပါပဲတဲ့။ ဟုတ်သားပဲ။ ရုပ်ရှင်မှာ အားလုံး အတုတွေချည်းတော့ ဘယ်ဟုတ်ပါ့မလဲ။ အစစ်တွေလည်း ပါတာပေါ့။ အစစ်ထက် စစ်တာတွေတောင် ပါသေးတယ်။

အလယ်ခန်းမကြီးထဲ ဝင်မိတော့ လူငယ်ကလေးက တင်ဝင်းမောင်ကို ဆေးခန်းတစ်ခုကို ညွှန်ပြရင်း အဲဒီအခန်းထဲမှာ ဆရာကြီးဦးဘသက်ရှိပါတယ်တဲ့။ ဝင်သာ ဝင်သွားပါတဲ့။ တင်ဝင်းမောင် တော်တော် ခွကျသွားတယ်။ ဒါပေမဲ့ သူ တစ်စုံတစ်ခု မပြောနိုင်ခင်မှာပဲ လူငယ်ကလေးက နောက်ဖေးခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားတယ်။ တင်ဝင်းမောင် ခဏရပ်ပြီး စဉ်းစားနေသေးတယ်။ ဒါပေမဲ့ ချက်ချင်းပဲ စိတ်ထဲမှာရှင်းသွားတယ်။ သူ့မှာ မရိုးမသားကိစ္စ ဘာမှမှမရှိဘဲ။ ဆရာကြီးဘသက်ကို အင်တာဗျူးလာလုပ်တဲ့ကိစ္စပဲ။ ဘာမှ မှားသွားနိုင်စရာ မရှိပါဘူး။ ဒါနဲ့ ဆေးခန်းတံခါးကို တွန်းဖွင့်ကြည့်ပါတယ်။ တံခါးက စေ့ရုံ စေ့ထားတာပဲ။ ညင်ညင်သာသာပဲ ပွင့်သွားပါတယ်။ ပြီးတော့ ကျွန်းသားတံခါးအစစ်ပါပဲ။ အထဲကို ကြည့်လိုက်တော့ ဆရာကြီး ဦးဘသက်က သူ့ကိုကျောပေးလျက် စားပွဲခုံကြီးတစ်ခုမှာထိုင်ပြီး တစ်စုံတစ်ခုကို စိတ်ဝင်စားနေတာ တွေ့ရတယ်။

တင်ဝင်းမောင် အခန်းထဲကို ညင်သာစွာပဲ ဝင်လိုက်တယ်။ တံခါးကိုလည်း သတိနဲ့ ညင်ညင်သာသာပဲ ပြန်စေ့လိုက်တယ်။ ပြီးတော့မှ "ဆရာကြီးခင်ဗျား" လို့ ချိုသာလေးစားတဲ့အသံ ပြုလိုက်တယ်။

"နားမျက်စိ ဂျာနယ်က ကိုတင်ဝင်းမောင် ထင်တယ်၊ လာပါ၊ လာပါ၊ ဝင်ခဲ့ပါဗျာ"

ဆရာကြီးက တင်ဝင်းမောင်ကို လုံးဝလှည့်မကြည့်ဘဲ ပြောတယ်။ ဆရာကြီး အနီးမှာလည်း မတ်ရပ်ကုလားထိုင် အပိုတစ်လုံး အဆင်သင့် ရှိနေတယ်။ တင်ဝင်းမောင်လည်း ခြေကို ဖွပြီး ဆရာကြီး အနီးကို ဖြည်း ဖြည်းပဲ ချဉ်းကပ်ခဲ့ပါတယ်။ ဆရာကြီးကလည်း ဘာလုပ်နေမှန်းတော့ မသိဘူး။ တော်တော်တော့ စိတ်ဝင်စားနေပုံရတယ်။ တင်ဝင်းမောင်ကို နည်းနည်းမှ လှည့်မကြည့်ဘူး။ တင်ဝင်းမောင် ဆရာကြီးနား ရောက်လာ တော့ အတော်ကို အံ့သြသွားတယ်။

ဆရာကြီးရှေ့ စားပွဲပေါ်မှာ လျှပ်စစ်မီးဖို သေးသေးလေးတစ်လုံး ရှိတယ်။ အဲဒီမီးဖိုပေါ်မှာ ငါးသေတ္တာဘူးခွံလို ခပ်ပြားပြား သတ္တုအိုးလေး တစ်ခုတင်ထားတယ်။ အဲဒီ အိုးပြားကလေးထဲမှာ ပိုးဟပ်ဖြူဖြူနှစ်ကောင် ရှိနေတယ်။ အဲဒီသတ္တုအိုးပြားလေးပေါ်မှာတော့ မှန်ချပ်နဲ့ပိတ်ပြီး ဖုံးထား တယ်။ အဓိပ္ပာယ်ကတော့ အထဲမှာရှိတဲ့ ပိုးဟပ်ကလေးတွေ ဘယ်လိုဖြစ် နေတယ်ဆိုတာ ကြည့်လို့ရအောင်နဲ့ ထွက်ပြေးလို့လည်းမရအောင် ပိတ် ထားတာပဲ။ ဆရာကြီးအနီးကို တင်ဝင်းမောင် ရောက်တဲ့ထိ ဆရာကြီးက တင်ဝင်းမောင်ကို လုံးဝ လှည့်မကြည့်ပါဘူး။ 'ထိုင်' လို့တော့ ဘေးက ကုလားထိုင်ကို လက်နဲ့ပြရင်း ပြောပါတယ်။ ဒါပေမဲ့ တင်ဝင်းမောင် ရုတ်တရက် မထိုင်ဖြစ်ပါဘူး။ ဆရာကြီး ဘာဆက်လုပ်မယ်ဆိုတာကို သာ ကြည့်နေမိတယ်။

ပိုးဟပ်ကလေးနှစ်ကောင်ဟာ သတ္တုအိုးထဲမှာ မှန်ချပ်နဲ့ ပိတ်ထား တဲ့အတွက် အပြင်ထွက်လို့မရဘူးဆိုပေမဲ့ အထိတ်တလန့် ဖြစ်နေကြတဲ့ ပုံတော့ မပေါက်ပါဘူး။ သာမန်ပါပဲ။ တလှုပ်လှုပ်နဲ့ ရှိနေကြတယ်။ တစ်ကောင်နဲ့တစ်ကောင် ရန်ရှာတဲ့သဘောလည်း မရှိပါဘူး။

အဲဒီအချိန်မှာပဲ ဆရာကြီး ဦးဘသက်က လျှပ်စစ်မီးဖိုလေးရဲ့ မီးခလုတ်ကို ဖွင့်လိုက်ပါတယ်။ မီးဖိုလေးရဲ့ ကွိုင်ဝိုင်ယာခွေတွေဟာ

အပူဒဏ်နဲ့ နီရဲတက်လာပါတယ်။ ဒီအချိန်မှာ မီးဖိုပေါ်က သတ္တုအိုး ကလေးလည်း စပြီး ပူလာတယ်နဲ့ တူပါတယ်။ အထဲမှာရှိတဲ့ ပိုးဟပ်ဖြူ ကလေးတွေလည်း အတော်လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။ ဆရာကြီး ဦးဘသက်က မီးရှိန်မြှင့် ခလုတ်တစ်ခုကို ထပ်ဖွင့်လိုက်ပြန်ပါတယ်။ တင်ဝင်းမောင်ရဲ့ ရင်ထဲမှာလည်း ခလုတ်သံနဲ့အတူ ဒိတ်ခနဲ ခံစားလိုက် ရပါတယ်။ ဒီတစ်ခါတော့ သတ္တုအိုးကလေးဟာ အပူရှိန် အတော်ရလာ ပြီနဲ့ တူပါတယ်။ အထဲမှာရှိတဲ့ ပိုးဟပ်ဖြူကလေး နှစ်ကောင်ဟာ ဆောက် တည်ရာမရ ပြေးလွှားရင်း ထွက်ပေါက်ရှာနေကြပါတယ်။ ဆရာကြီး ဦးဘသက်ကတော့ ဘာမှမဖြစ်သလိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ကြည့် နေပါတယ်။

တင်ဝင်းမောင်မှာတော့ အတော်ကြီးကို ဒုက္ခရောက်နေပါတယ်။ မီးဖိုပေါ်က သတ္တုအိုးကလေးကို ပုတ်ချပစ်လိုက်ရမလားလို့တောင် စိတ်ကူးစပြုတယ်။ စိတ်တွေ တအားလှုပ်ရှားလာတယ်။ ဆရာကြီးကို ဒီလိုဆက်မလုပ်ဖို့ တားမြစ်ဖို့ ပါးစပ်အပြင်လိုက်မှာ ဆရာကြီးက လျှပ်စစ် မီးဖိုခလုတ်တွေကို တစ်ခုပြီးတစ်ခု ဆက်တိုက် ပိတ်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ သိပ်နောက်ကျသွားပြီလို့ တင်ဝင်းမောင် ခံစားရပါတယ်။ ဘာလို့ လဲဆိုတော့ ပိုးဟပ်ဖြူလေးနှစ်ကောင်ဟာ ငြိမ်သက်သွားရုံတင်မကဘဲ ကွေးကောက်တွန့်လိမ်သွားကြပြီ ဖြစ်ပါတယ်။

တင်ဝင်းမောင် လာရင်းကိစ္စကို မေ့ပစ်လိုက်ပြီး အဲဒီ အခန်းကြီး ထဲက ချက်ချင်း ထွက်သွားချင်စိတ် ပေါက်လာပါတယ်။ ဆရာကြီး ဦးဘသက်ကတော့ တင်ဝင်းမောင်ရဲ့စိတ်ကို သိနေသလိုပဲ။

"ကဲ- မောင်တင်ဝင်းမောင်၊ ထိုင်လေကွယ်" တဲ့။

တင်ဝင်းမောင်ရဲ့လက်ကို တရင်းတနှီး ကိုင်ပြီး ထိုင်ခိုင်းတယ်။ ဒီတော့လည်း တင်ဝင်းမောင် ထိုင်လိုက်ရတာပေါ့။ ရင်ထဲမှာတော့

မပြတ်မသားပဲ။

“ကျုပ်ကို တော်တော် ရက်စက်တဲ့လူလို့ ခင်ဗျား ထင်မှာပဲ”

တင်ဝင်းမောင် ဘာမှ မပြောနိုင် မရယ်နိုင်၊ မပြုံးနိုင် ဖြစ်နေလို့ စီးကရက်တစ်လိပ် ထုတ်ပြီး အချိန်ယူရတယ်။

ဆရာကြီးက မီးဖိုပေါ်က သတ္တုအိုးကလေးကို လက်မပူအောင် လက်ကိုင်ပဝါကလေးနဲ့ကိုင်ပြီး ဘေးကို ချလိုက်တယ်။ အပေါ်က မှန်ဖုံးကလေးကိုဖွင့်ပြီး အထဲက ကွေးကောက်နေတဲ့ ပိုးဟပ်ကလေး နှစ်ကောင်ကို ထုတ်လိုက်တယ်။ ပြီးတော့မှ သူ့ညာလက်ဝါးပေါ်မှာ သေသေချာချာတင်ပြီး တင်ဝင်းမောင်ကို ပြတယ်။

“ကဲ–သေသေချာချာကြည့်၊ ဒါ ပိုးဟပ်အစစ်ကလေးတွေ မဟုတ်ဘူးဗျ၊ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ပိုးဟပ်ကလေးတွေလေ၊ အထဲမှာ ဓာတုဗေဒ ဆေးရည်တစ်မျိုးထည့်ပြီး ဖန်တီးထားတာပါ၊ အပူဓာတ်ရရင် လှုပ်ရှားမှုရှိအောင် ဆိုပါတော့”

တင်ဝင်းမောင်က ဆရာကြီးလက်ထဲက ပိုးဟပ်နှစ်ကောင်ကို သေသေချာချာကြည့်တယ်။ တကယ်ပဲ ပလတ်စတစ်ရုပ် ဖြစ်ပါတယ်။ ဒါပေမဲ့ စောစောက သူ ခံစားရတဲ့ ခံစားချက်ကြီးကိုတော့ သူ မကျေနပ်ဘူး ဖြစ်နေတယ်။

“ဒါပေမဲ့ ဆရာကြီးရယ် ပလတ်စတစ်နဲ့ပဲလုပ်လုပ်၊ ရွှံ့နဲ့ပဲလုပ်လုပ် သူတို့ဝေဒနာကို ခံစားရတဲ့အဖြစ်ကို မြင်လို ကြည့်လိုတဲ့ စိတ်၊ ကြည့်ရမြင်ရတဲ့ စိတ်က ပိုအရေးမကြီးဘူးလား ခင်ဗျာ”

ဆရာကြီးကတော့ ဣန္ဒြေမပျက်ပါ။

“ဒါကတော့ ဒီလိုရှိတယ် ကိုတင်ဝင်းမောင်ရဲ့၊ ခင်ဗျားအဖို့က ကျုပ်လုပ်နေတာကို ကြားက ဖြတ်တွေ့ရတာကိုး၊ ပိုးဟပ်ကလေးတွေဟာ အစစ်မဟုတ်ဘူးဆိုတာ ခင်ဗျားမှ မသိခဲ့ဘဲ၊ ကျုပ်ကိစ္စ၊ ကျုပ်

ခံစားချက်ကျတော့ ဒါက တခြားပဲ။ ကျုပ်က အစကတည်းက သိနေတာပဲ။ ဒါ Special Effect တစ်ခု ထွင်တာပဲ"

"ဩော် ... ဟုတ်သားပဲ၊ ဆရာကြီးအဖို့မှာတော့ ဟုတ်တာပေါ့၊ ကျွန်တော် ခံစားလိုက်ရတဲ့ ခံစားချက်မျိုး လုံးဝ မရှိနိုင်ဘူးပေါ့၊ အစကတည်းက ပလတ်စတစ်ရုပ်တွေမှန်း သိနေခဲ့တာပဲ"

"အဲဒီလိုလည်း မဟုတ်သေးဘူးဗျ၊ ပလတ်စတစ်နဲ့ လုပ်တယ်ဆိုပေမယ့် သူတို့ကို အပူပေးတဲ့အခါမှာ အပူဒဏ်ကို ခံနေရတဲ့ပုံ ပေါက်မပေါက်ဆိုတဲ့ ခံစားချက် မိ မမိ ဆိုတာကိုတော့ ခံစားကြည့်ရသေးတာပဲ"

"ဟုတ်ကဲ့၊ ဒါလည်း ဟုတ်တာပဲ"

"ကိုတင်ဝင်းမောင် စဉ်းစားကြည့်လေ၊ ကျုပ်တို့က ရုပ်ရှင်တွေရိုက်ကြတယ်၊ ဇာတ်ညွှန်းတွေ ရေးကြတယ်၊ ဝတ္ထုဇာတ်လမ်းတွေဆင်ကြရတယ်လေ၊ ပလတ်စတစ်တွေလေ၊ ဆက်တင်တွေလေ၊ အစစ်တွေလည်း ပါတယ်လေ၊ အစစ်ထက် စစ်တာတွေလည်း ပါတယ်လေ"

"ဟုတ်ကဲ့ ... ဆရာကြီး ခင်ဗျား၊ အဲဒီတော့ ကျွန်တော်တို့ အင်တာဗျူးကိစ္စလေး စလိုက်ရအောင်"

"ကဲ–ဆို၊ ဘာကိစ္စနဲ့ ဗျူးချင်တာလဲ"

"ဆရာကြီးအနေနဲ့ ခံစားချက်၊ ပြီးတော့မှ ဆရာကြီးရဲ့ ဖန်တီးချက်တွေပေါ်မှာ ကျွန်တော်တို့ရဲ့ ခံစားထင်မြင်ချက်တွေကို ဆွေးနွေးကြည့်ချင်ပါတယ်"

"ဒါဆိုရင်တော့ ကိုတင်ဝင်းမောင်ရေ၊ ကျုပ်နဲ့ ခင်ဗျားနဲ့ ကျုပ်ရဲ့ ပလတ်စတစ် ပိုးဟပ်ကလေးတွေ အကြောင်းသာ ရေးလိုက်ပါတော့"

တစ်လကြာသောအခါ တင်ဝင်းမောင်က အနုပညာသည်များအကြောင်း စောင်းပါးရိပ်ခြည် ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ပါတယ်။

ရတဲ့စာမူခနဲ့ ပလတ်စတစ် အပေါ်စား နာရီတစ်လုံး ဝယ်တယ်လို့ ကြားရပါတယ်။ ။

ရွှေအမြုတေမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၉

❑

## ဗွားဘက်တော်*

■ ဝင်းဖေ

မန္တလေးလေယာဉ်ကွင်း၊ ဧည့်ခန်းမှာ သူတို့နှစ်ယောက် ပထမဆုံးအကြိမ် ဆုံကြတုန်းက မြင်ရတဲ့သူတွေအားလုံး ကြည်ကြည်နူးနူး ဖြစ်ကြရတာ အမှန်ပဲ။

ဒီတုန်းက မောင်အောင်ရော ဝေလွင်ရော ဘွဲ့ရပြီးခါစ၊ အားနဲ့ မာန်နဲ့ နုပျိုခြင်း၊ တက်ကြွဖျတ်လတ်ခြင်းဆိုတာတွေနဲ့ ကျက်သရေရှိနေ ခဲ့ကြတာကိုး။

မောင်အောင်ကလည်း ရန်ကုန်သွားပြီး အလုပ်အင်တာဗျူးတစ်ခု ထိုင်ရမှာ။ ဝေလွင်ကလည်း အပြင်လုပ်ငန်းတစ်ခုမှာ အလုပ်ဝင်ဖို့ သွား ရမှာ။

လေယာဉ်ကွင်းဧည့်ခန်းထဲမှာ ဆုံမိကြတော့ မိတ်ဆက်ဖြစ်ကြတာ ပေါ့။ သူတို့နှစ်ယောက်စလုံးရဲ့ အကြောင်းတရားတွေကလည်း တိုက် ဆိုင်လိုက်ကြတာ။ နှစ်ယောက်စလုံး မိဘများမရှိကြတော့ဘူးတဲ့။ မိဘ အမွေကလေးတွေ နည်းနည်းပါးပါးစီ ရလိုက်တာချင်းလည်း တူနေ တယ်။ အဒေါ်တွေ၊ ဦးလေးတွေဆီမှာ တက္ကသိုလ်ပညာရေးမပြီးမချင်း

* ဖွားဖက်တော်

မှီခိုနေထိုင်ခဲ့ကြတာချင်းလည်း တူနေပြန်ရော။ တစ်ခုပဲရှိတယ်။ ဝေလွင်က မန္တလေးတက္ကသိုလ်၊ မောင်အောင်က ရန်ကုန်တက္ကသိုလ်၊ ဒါပဲ ကွာတယ်။ ဒါတောင် မောင်အောင့်အမျိုးတွေကျတော့ မန္တလေးက ကုန်သည်တွေပဲလေ။

အဲဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ရင်း စကားပြောမိကြတော့ ရယ်စရာမဟုတ်ဘဲနဲ့ နှစ်ယောက်သား ကြည်ကြည်နူးနူး နှစ်နှစ်ကာကာ ရယ်မိကြတယ်။ ကိုယ့်အကြောင်း သူ့အကြောင်းဆိုတာတွေက ခပ်ဆင်ဆင်တွေဖြစ်နေတာ မဟုတ်လား။

အထူးခြားဆုံးက ဘာလဲဆိုတော့ သူတို့နှစ်ယောက်စလုံး ရောက်တတ်ရာရာ ပြောကြရင်းနဲ့ ဂျပန်ရုပ်ရှင်တစ်ခုကို ကြည့်မိ၊ ကြိုက်မိကြတာချင်းလည်း တူနေပြန်တယ်။ တစ်ခါ အံ့သြစရာအကောင်းဆုံးက အဲဒီရုပ်ရှင်ကားထဲက အကြိုက်ဆုံးအခန်းလည်း လာတူနေပြန်တယ်။

အဲဒီအခန်းမှာ မင်းသမီးနဲ့ မင်းသား လက်ထပ်ပြီးတော့ အိမ်ကလေးတစ်လုံးမှာ ပျားရည်ဆမ်းခရီးထွက်ရင်း တည်းခိုကြတယ်။ မင်္ဂလာဦးည လွန်မြောက်လို့ နောက်တစ်နေ့ မိုးလည်းလင်းရော သူတို့နှစ်ယောက်အတူ ပြတင်းပေါက်ကလေးကို ဖွင့်လိုက်တဲ့အခါမှာ အိမ်နဲ့ကပ်လျက်နီးပါးရှိနေတဲ့ ချယ်ရီပန်းအကိုင်းအခက်တွေ၊ ချယ်ရီပန်းတွေပွင့်နေလိုက်တာ၊ ဝေနေတာပဲ။ အဲဒီချစ်သူနှစ်ယောက်မှာလည်း သိပ်ကိုကြည်နူးသွားကြတာပေါ့။ အဲဒီအခန်းလေးကို ရိုက်ထားတာ သိပ်လှတာပဲဆိုပြီး နှစ်ယောက်စလုံး အကြိုက်တူနေကြတယ်။ ဘယ်လိုလှတာ၊ ဘယ်လိုကြည်နူးစရာကောင်းတာဆိုပြီး နှစ်ယောက်သား အလှအယက် ပြောမိကြတာပေါ့။

သူတို့စီးရမယ့် လေယာဉ်ရောက်လာတော့မှ စကားစ ပြတ်သွားကြတယ်။ လေယာဉ်ပေါ်တက်ကြရတော့ နှစ်ယောက်သား အဖော်လုပ်

ပြီး အတူထိုင်ကြဖို့ ကြိုးစားကြပါသေးတယ်။ ဒါပေမဲ့ အဆင်မပြေ ဖြစ်သွားတယ်။ တစ်ယောက်နဲ့တစ်ယောက် သုံးလေးခုံလောက်တောင် ခြားသွားတယ်။

ရန်ကုန်ရောက်တော့လည်း ဝေလွင်ကို သူ့သူငယ်ချင်းတွေက လာကြိုတယ်။ မောင်အောင်ကတော့ တက္ကစီငှားရတာပေါ့။

မောင်အောင် အရာရှိငယ်ဖြစ်ဖို့ အင်တာဗျူးထိုင်တော့ အစစအရာရာ အဆင်ပြေပါတယ်။ ဒါပေမဲ့ အလုပ်ဝင်ကြရဖို့က ရက်တော်တော် စောင့်ရမလို ဖြစ်နေတယ်။

တည်းခိုကြတော့ မောင်အောင်က ရန်ကုန်မြို့ထဲမှာ။ ဝေလွင်က တောင်ဥက္ကလာမှာ။ ဒါပေမဲ့ ဝေလွင့်ဆီကို မောင်အောင် ခဏခဏရောက်ပါတယ်။ ဝေလွင့်သူငယ်ချင်းတွေကလည်း ဝေလွင့်ကို ထုံးစံအတိုင်း ဝိုင်းစကြတာပေါ့။

အဲဒီမှာ အားလုံးဟာ ပိုပြီးအဆင်ပြေကုန်တော့တာပဲ။ သူတို့ချင်းကလည်း ခပ်ငြိငြိ၊ ဘေးကလည်း ဝိုင်းဝိုင်းပြီး ခဏခဏစကြတော့ မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်း ငြိပြီပေါ့။

မောင်အောင်နဲ့ ဝေလွင်က သိပ်ကို ရှေ့သွားနောက်လိုက်ညီကြတာ။ နှစ်ယောက်စလုံးက အလှကြီး အချောကြီးတွေ မဟုတ်ကြပေမဲ့ ငယ်ဂုဏ်၊ နုပျိုဂုဏ်ကလေးတွေ ကိုယ်စီနဲ့ဆိုတော့ ကြည့်ရ မြင်ရတာ တကယ်ကျက်သရေရှိတာပဲ။

ဟုတ်ပါပြီ။ အပ်ကျမပ်ကျရယ်လို့ မဟုတ်ပေမဲ့ သူတို့နှစ်ယောက်စလုံး သိပ်ကြိုက်ကြတဲ့ ဂျပန်ရုပ်ရှင်ကားလေးထဲက အတိုင်းပဲ။ သူတို့နှစ်ယောက် တွေ့ကြ ဆုံကြပုံရော မိတ်ဆွေဖြစ်ကြပုံရော၊ နောက်ပြီး နှစ်ဦးသဘောတူ တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ဖြစ်မိကြပုံ၊ ချစ်မိကြပုံတွေက သိပ်ကိုဆင်တာ။

ကဲ... ဒါဆို ဘာစဉ်းစားနေစရာလိုတော့လို့လဲ။ နှစ်ယောက်စလုံးမှာက ပညာတွေလည်း စုံကြပြီ။ အလုပ်အကိုင်ဆိုတာတွေကလည်း လက်တစ်ကမ်း လက်တစ်လှမ်းမှာရှိနေပြီ။ နှစ်ယောက်စလုံးမှာ မိဘတွေကလည်း ရှိကြတော့တာမဟုတ်။ ဦးလေးတွေ၊ အဒေါ်တွေဆိုတာကလည်း မည်ကာမတ္တ မှီခိုရုံရယ်။ ပြီးတော့ သူတို့လေးရဲ့ အနေအထိုင်အကျင့်စရိုက်၊ ကြိုးစားပုံ၊ တည်ငြိမ်ပုံက စတွေ့နေကြရတာဆိုတော့ ကန့်ကွက်မယ့်သူမရှိ၊ ကြာကြာစဉ်းစားနေစရာမလိုဘဲ လက်ထပ်လိုက်ဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့။

အလုပ်အကိုင်အခြေအနေ၊ နေဖို့ ထိုင်ဖို့ကိစ္စတွေ အားလုံးပြင်ဆင်ပြီးကြတာနဲ့ လက်ထပ်လိုက်ကြရုံပဲ။ အင်တာဗျူးအဖြေအတိအကျမထွက်ခင်မှာ မောင်အောင်နဲ့ ဝေလွင် တတွဲတွဲပေါ့။ သွားလိုက်ကြ၊ လာလိုက်ကြ၊ စားလိုက်ကြ၊ သောက်လိုက်ကြနဲ့ ပျော်လိုက်ကြတာ။ ဘေးကလူတွေတောင် အားကျမိကြတဲ့ထိပဲ။

မှတ်မှတ်ရရ ရန်ကုန်ရောက်၊ အင်တာဗျူးထိုင်ပြီးလို့ ၂၈ ရက်တိတိကြာတဲ့အခါမှာ မောင်အောင့်အတွက် အဖြေထွက်လာတယ်။ အလုပ်က ရမယ်၊ သေချာတယ်။ အလုပ်ဝင်တဲ့နေ့က စခန့်တယ်။ ဒါပေမဲ့ မြေလတ်ပိုင်းက မြို့လေးတစ်မြို့မှာတဲ့။

ပြဿနာကစပြီ။ ဝေလွင်ရဲ့အလုပ်က ရန်ကုန်မှာ လုပ်ရမှာ။ မောင်အောင်က မြေလတ်က မြို့ငယ်လေးတစ်မြို့မှာ။ ဒီကိစ္စ ဝေလွင့်ကို ဖွင့်ပြောရမှာ မောင်အောင် အခက်တွေ့နေတယ်။ ဒါပေမဲ့ ဝေလွင်က သူ့ဟာသူ သိသွားတယ်။ ပြဿနာမကြီးပါဘူး။ သျှောင်နောက်ဆံထုံးပါဆိုတာလို မောင်အောင် အလုပ်ရတဲ့မြို့လေးကိုပဲ ဝေလွင် လိုက်ရမှာပေါ့တဲ့။ ရန်ကုန်ကအလုပ်ကိုတော့ စိတ်လျှော့လိုက်တော့ပေါ့။

တကယ်တမ်းကျတော့ လက်ထပ်ပြီးကြရင် ဝေလွင် အိမ်ရှင်မ

ပိပိပြင်ပြင်လုပ်ပြီး မောင်အောင့်ကို ကောင်းကောင်းကြီး ပြုစုချင်သေးတယ်လေ။ မောင်အောင်က အလုပ်သွားနေတုန်း ဝေလွင်က အိမ်မှာ အိမ်မှုကိစ္စတွေလုပ်၊ မောင်အောင်ပြန်လာတော့ အဆင်သင့် ကျွေးလို့ မွေးလို့ ပြုစုလို့ တစ်ယောက်ကိုတစ်ယောက် ကြင်နာတာတွေ၊ ယုယတာတွေ ရှိရမှာပေါ့။

ဝေလွင် တစ်ဖက်တစ်လမ်းက အလုပ်လုပ်ချင်တယ်ဆိုရင်တော့ နောက်များမှ ဖြည်းဖြည်းမှပဲ စဉ်းစားတော့မယ်။ မောင်အောင် ရောက်လေရာ တာဝန်ကျလေရာအရပ်မှာပဲ ဝေလွင်လည်း ကျောင်းဆရာမ၊ ကျူရှင်ဆရာမလေးဘာလေး လုပ်မယ်ပေါ့။

အင်း... အဲလိုဆိုတော့လည်း ဟန်ကိုကျလို့။ မောင်အောင်နဲ့ ဝေလွင်တို့ အကျဉ်းရုံးပြီး လက်ထပ်လိုက်ကြတယ်။

တာဝန်ကျတဲ့မြို့ကလေးကို ပူပူနွေးနွေး ဇနီးမောင်နှံ ထွက်ခဲ့ကြတယ်။ ပထမ တည်းခိုခန်းမှာ တည်းကြတယ်။ ဟန်းနီးမွန်း ထွက်ကြမယ်။ နောက် အိမ်ခန်းငှားဖို့ ရှာကြမယ်။ အဆင်သင့်လို့ ဌာနဆိုင်ရာက နေဖို့ ကွာတားပေးမယ်ဆိုရင်တော့ သိပ်ကောင်းတာပေါ့။

မြို့ငယ်ကလေးက တည်းခိုရိပ်သာကလေးကလည်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနဲ့ အတော်သာယာတဲ့ နေရာကလေးပါပဲ။ မောင်အောင်တို့ ဇနီးမောင်နှံအဖို့ကတော့ မိုးမမြင် လေမမြင်ပဲပေါ့။ ပျော်တပြုံးပြုံး မော်မဆုံးပဲပေါ့။

"ကိုအောင်"

"ဗျာ"

"လွင်တို့အိမ်ငှားရင် နှစ်ထပ်အိမ်ကလေးရရင် ကောင်းမှာနော်"

"ဘာပြုလို့လဲ"

"ဩော်... ကိုအောင်ကလည်း၊ ဟိုဂျပန်ရုပ်ရှင်ထဲကလိုလေ...

အထက်ထပ် အိပ်ခန်းပြတင်းပေါက်ကလေးကို ဖွင့်လိုက်ရင် ချယ်ရီတွေဝေနေအောင်ပွင့်နေတဲ့ အကိုင်းတွေ၊ အခက်တွေနဲ့ ငှက်ကလေးတွေကို မြင်ရအောင်လေ"

"လွင်ကလည်းကွာ... ကလေးကျနေတာပဲ။ စိတ်ကူးကလည်း ယဉ်လိုက်တာ။ နှစ်ထပ်အိမ်ကလေးရဖို့ဆိုတာက မခက်ဘူးကွ။ ရနိုင်တယ်။ ဒါပေမဲ့ အထက်ထပ် အိပ်ခန်းပြတင်းကို ဖွင့်လိုက်တာနဲ့ ချယ်ရီပန်းတွေမြင်ရဖို့ဆိုတာကတော့ ဒါက ဗမာပြည်လေ ဝေလွင်ရဲ့။ ပြီးတော့ ရှမ်းပြည်ဘက်မှာဆိုလည်း ဟုတ်သေး။ ဘယ်ကလာ ချယ်ရီပန်းတွေ ဝေနိုင်မှာလဲ"

ဝေလွင် သက်ပြင်းမချပါ။ သူ့မှာ သူ့ဟာနဲ့သူ စိတ်ကူးကရှိပြီးသား။

"ကိုအောင်"

"ဗျား..."

"ကိုအောင် ဖွားဘက်တော်ပင်ဆိုတာ သိတယ်မဟုတ်လား"

"ဟင့်အင်း၊ သိချင်လည်းသိမှာပေါ့။ ကြားတော့ကြားဖူးသလိုပဲ။ မြင်ချင်လည်း မြင်ဖူးမှာပေါ့။ သတိမထားမိဘူး။ ဘာပြုလို့လဲ"

"ဖွားဘက်တော်ပင်ဆိုတာ ပွင့်ချိန်တန်လို့ အပွင့်တွေ ပွင့်ပြီဆိုရင် ချယ်ရီပင်လိုပဲ ကိုအောင်ရဲ့။ နီးနီးစပ်စပ်မဟုတ်ပေမဲ့ ပွင့်ပုံချင်းက တော်တော်ဆင်တယ်။ အကိုင်းတွေမှာ ကပ်ပြီး ဝေနေအောင် ပွင့်တတ်တယ်လေ။ အရောင်ကလည်း ပန်းနုရောင်ပဲ"

"ဩော်... အင်း၊ ဟုတ်ပြီ... ဟုတ်ပြီ။ ကိုအောင်လည်း မြင်ဖူးတယ်။ ဟုတ်တာပေါ့။ အဲလိုအပင်မျိုးကတော့ ဒီလိုမြေလတ်ပိုင်းတွေမှာလည်း ရှိတတ်တယ်"

"ဝေလွင်တို့ နှစ်ထပ်အိမ်ကလေးတစ်လုံး ရှာငှားပြီးရင် အိပ်ခန်းပြတင်းပေါက်မှာ ဖွားဘက်တော်ပင် စိုက်ရအောင်နော်"

"အင်း... ကောင်းတယ်။ တစ်ခုတော့ရှိတယ်။ အဲဒီဖွားဘက်တော်ပင်လည်း ကြီးလာရော၊ အထက်ထပ်ပြတင်းကိုလည်း ကိုင်းတွေရောက်ရော တို့လည်း ထရန်စဖာလုပ်ရရောဆိုရင်တော့ ပြဿနာပဲ"

"ဟုတ်တယ်နော်၊ ကိုအောင် ဒီမှာ ဘယ်လောက်ကြာကြာနေရမှာလဲဟင်"

"အဲဒါတော့ ကိုယ်လည်းမပြောတတ်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ဝေလွင်တော့ ဖွားဘက်တော်ပင် စိုက်မှာပဲ"

တကယ်တမ်းကျတော့ သူတို့ ဖွားဘက်တော်ပင် စိုက်စရာမလိုပါ။ မြို့ကလေးရဲ့ တောင်ဘက်ခြမ်းမှာ ခြံငယ်ကလေးနဲ့ နှစ်ထပ်အိမ်ကလေးတစ်လုံး တွေ့ကြပါတယ်။ ပိုင်ရှင်က ဒေါ်အုန်းတဲ့။ တစ်ကိုယ်ရည် တစ်ကာယနေတာ။ ခြံနောက်ပိုင်းမှာ တစ်ထပ်မြေစိုက်အိမ်ကလေးတစ်လုံး ရှိသေးတယ်။ အဲဒီမှာနေမှာတဲ့။

အဲဒီအိမ်ကလေးကို သွားကြည့်ကြတော့ အပေါ်ထပ်မှာ အိပ်ခန်းကလေးလည်းရှိတယ်။ အကျယ်အဝန်း၊ အနေအထားကလည်း ကောင်းတယ်။ ဂျပန်ရုပ်ရှင်ကားထဲကနဲ့ ခပ်ဆင်ဆင်ပဲ။ ဆိုကြပါစို့။ အဲဒီအိပ်ခန်းရဲ့ ပြတင်းကိုလည်း ဖွင့်လိုက်ရော ပြတင်းနဲ့ နှစ်ပေသုံးပေလောက်ပဲလှမ်းမယ်။ သစ်ကိုင်းသစ်ခက်၊ သစ်ရွက်စိမ်း၊ သစ်ရွက်ဝါနုလေးတွေကို လှလှပပ မြင်ကြရတယ်။

ကိုအောင်ရော ဝေလွင်ရော ရုတ်တရက် အံ့သြဝမ်းသာသွားကြတယ်။ ဒါနဲ့ ဒေါ်အုန်းကို မေးမိကြတယ်။ ဘာပင်လဲပေါ့။

ဖွားဘက်တော်ပင်တဲ့။

"ကဲ..."

"အဟုတ်..."

"အဟုတ်ပြောတာပေါ့ တူမလေးရယ်။ အဲဒါဖွားဘက်တော်ပင်

ပေါ့"

မောင်အောင်နဲ့ ဝေလွင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတယ်။ အကြောင်းတရားများ တိုက်ဆိုင်လိုက်တာ။ ကြည့်စမ်း...။ ဒါ နည်းနည်းနောနော တိုက်ဆိုင်မှုမဟုတ်ဘူးနော်။ သိပ်ကို အံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေတယ်လို့ ဆိုရမယ်။

သူတို့အိမ်ငှားဖို့ စပြီး စုံစမ်းကြတော့ ဒီခြံကလေးကို စတွေ့တာမဟုတ်ပါဘူး။ တခြားနှစ်ထပ်အိမ်ကလေးတွေ၊ သုံးလေးလုံး ကြည့်ပြီးပါပြီ။ အနေအထားလေးတွေက သိပ်ပြီး စိတ်တိုင်းမကျကြဘူး။ အတော်အသင့်ကောင်းတာလေးတွေ တွေ့ပြန်တော့လည်း အိမ်ငှားခလခက ညှိမရဖြစ်နေတယ်။

ခု ဒီခြံလေးနဲ့ အိမ်ကလေးကလည်း တောင်းတဲ့ဈေးကတော့ နည်းနည်းများနေတယ်။ ဒါပေမဲ့ ဆစ်လို့ရမယ်မထင်တော့ဘူး။ ဘာလို့လဲ ဆိုတော့ ဒေါ်အုန်းရှေ့မှာ မောင်အောင်ရော ဝေလွင်ပါ ဣန္ဒြေပျက်လောက်အောင် ဝမ်းသာအံ့သြနှစ်ခြိုက်မှုကို ပြမိလျက်သား ဖြစ်သွားပြီ။

ကဲ... မတတ်နိုင်တော့ဘူး။ ဒေါ်အုန်းတောင်းတဲ့ဈေးကို ပေးပြီး ချက်ချင်းပဲ ငှားလိုက်ကြတယ်။ စိတ်ထဲမှာ အားမလိုအားမရ ဖြစ်စရာဆိုလို့ အကြောင်းတစ်ခုပဲရှိတယ်။ ဖွားဘက်တော်ပင်တွေက ဒီလ ဒီရာသီမှာ မပွင့်သေးဘူးတဲ့။ ဘယ်လ ဘယ်ရောက်မှ ပွင့်မှာလဲ။

"ဒီမှာတော့ ဇန်နဝါရီ၊ ဖေဖော်ဝါရီလလောက်မှာ ပွင့်တတ်တာပဲ"

"ဟင်... ခုမှ ဇွန်လရှိသေးတယ်"

"ဝေလွင်ကလည်းကွာ၊ အစက အပင်တောင်စိုက်ပြီး စောင့်ကြည့်ဖို့ စဉ်းစားခဲ့ကြတာပဲဟာကို။ ခု ဘယ်လောက်အဆင်ပြေလဲ။ ခု ဇွန်ဆိုတော့ နောက်ခြောက်လ၊ ခုနစ်လဆိုရင် ပွင့်ပြီပေါ့"

"ဟုတ်တယ်၊ ဒီအပင်က ပွင့်ပြီဆိုရင်လေ သိပ်လှတာ။ ဝေနေ

အောင် ပွင့်တတ်တာ။ မသိတဲ့လူဆိုရင် ချယ်ရီပင်လား အောက်မေ့ရတာ"

"ဟုတ်လား"

"ဟုတ်ပတော်… အမယ်လေး အဲဒီအချိန်ဆိုရင် ငှက်ကလေးတွေကလည်း အဲဒီအကိုင်းတွေပေါ်၊ အရွက်တွေကြား၊ အပွင့်တွေနားမှာ နားကြ၊ ခိုကြ၊ လာကြ၊ သွားကြနဲ့ သိပ်ကြည့်လို့ကောင်းတာကွဲ့"

မောင်အောင်က ဝေလွှင့်မျက်နှာလေးကို ကြည့်မိပြန်တယ်။ ဝေလွှင့်မျက်နှာလေးတစ်ခုလုံးဟာ ကြည်ပြီးဝင်းနေတာပဲ။ မောင်အောင်ကိုယ်တိုင်လည်း ဒီလိုပါပဲ။

သိပ်ကိုဟန်ကျသွားတယ်။ ခြံကလေးနဲ့ နှစ်ထပ်အိမ်ကလေးမှာ ဇနီးမောင်နှံအသစ်စက်စက်စုံတွဲလေးဟာ တက်ညီလက်ညီနဲ့ သိပ်ပြီးပျော်စရာကောင်းခဲ့ကြတာပေါ့။

မောင်အောင်က ရုံးတက်ရုံးဆင်း သိပ်မှန်တယ်။ အလုပ်သွားရင်လည်း သပ်သပ်ရပ်ရပ် ခန့်ခန့်ညားညားရှိတယ်။ ဒီတော့ ဝေလွှင့်ကလည်း အားကျမခံပေါ့။ မနက်မိုးလင်းထာနဲ့ မောင်အောင်ထက် ဦးအောင်အိပ်ရာကထတယ်။ ဇနီးကောင်းတို့ ဝတ္တရားမို့လား။ မောင်အောင် နိုးလာရင် မနက်ခင်းအတွက် အားလုံးအဆင်သင့် စီကာစဉ်ကာ လုပ်ပြီးသား။ သူ့ကိုယ်သူလည်း ဝေပြီးလွှင်နေအောင် သနပ်ခါးရည်ကျဲလေးနဲ့၊ ကိုယ်နဲ့ကလေးတသင်းသင်းဖြစ်အောင် ပြင်ထားဆင်ထားတတ်တယ်။ နေ့လယ်နေ့ခင်း လျှော်ဖို့ဖွပ်ဖို့၊ သိမ်းဖို့ဆည်းဖို့ အကုန်တာဝန်ကျေတယ်။ ညနေဘက်၊ ညဘက် ဘာမှ ငြိုငြင်စရာမရှိအောင် နှစ်ယောက်စလုံးက နေတတ်ကြတာ။

အဲ… တစ်ခုတော့ရှိတယ်။ လင်မယားနှစ်ယောက်စလုံး မကြာခဏဆိုသလို အိပ်ခန်းပြတင်းပေါက်ကို ဖွင့်ဖွင့်ပြီး ဖွားဘက်တော်ပင်ကို ကြည့်ရတာအမော။ ဖူးများဖူးနေပြီလား၊ ပွင့်များ ပွင့်တော့မှာလားရယ်လို့ပေါ့။

အရှုံးထကြတာလေ။

အိမ်ရှင် ဒေါ်အုန်းကြီးကတော့ ဒီလင်မယားနှစ်ယောက် ဖွားဘက်တော်ပွင့်ချိန်ကိုစောင့်ရင်း အရှုံးထထနေကြတာကို တအံ့တဩ ဖြစ်နေတာပေါ့။ ကြာတော့ သူကိုယ်တိုင်တောင် ဒီနှစ် ဖွားဘက်တော်ပင်က စောပြီးများ ပွင့်လာလေမလားလို့ ထင်မိ မျှော်မိရှာတဲ့ထိပဲ။

ဘာကြာလိုက်လို့လဲ။ သူတို့ အဲဒီအိမ်ရောက်လို့ နှစ်လလောက်လည်း ရှိရော ရုံးချိန်၊ နေ့လယ်ကြီး အိမ်မှာ ဝေလွင်တစ်ယောက်တည်း ရှိနေတုန်း စာတွေတစ်ပုံကြီး အထုပ်လိုက် ရောက်လာတယ်။

မောင်အောင်ရဲ့ ရည်းစားဟောင်းဆီက ပို့လိုက်တာလေ။ တစ်ချိန်က မောင်အောင် သည်းခဲ့ ကဲခဲ့တဲ့စာတွေပေါ့။ ဝေလွင် သတိလက်လွတ်မဖြစ်ရအောင် ထိန်းပါတယ်။ စာတွေအားလုံး စေ့အောင် တည်တည်ငြိမ်ငြိမ်နဲ့ ဖတ်နိုင်အောင် ကြိုးစားပါတယ်။ မဆိုးပါဘူး။ စာတွေအားလုံးပြီးအောင် နှစ်နာရီလောက် မရပ်မနား တစ်စောင်ပြီးတစ်စောင် ပြီးအောင်ဖတ်နိုင်ပါတယ်။

ဒါပေမဲ့ မျက်ရည်တွေကတော့ တားမရ ဆီးမရ စီးစီးကျလာတာတော့ မတားနိုင်ဘူးပေါ့။ စာတွေရဲ့အဓိပ္ပာယ်တွေက ရှင်းပါတယ်။ မောင်အောင်က အဲဒီထွေးဆိုတဲ့မိန်းမကို အသေအလဲ ခယခဲ့တာပဲ။ နောက်တော့ စွဲရောဆိုကြပါစို့။ အဲဒီအချိန်မှာ မောင်အောင် ချွဲချွဲပျစ်ပျစ်တွေ ရေးထားတာကတော့ တစ်ဆိတ်လွန်လွန်းတယ်။ နောက်ပိုင်းစာတွေကျတော့ 'ထွေး' က မောင်အောင့်ကို ခါထုတ်လို့ မောင်အောင် ကြွေတဲ့စာတွေ၊ ဝပ်တွားခယတောင်းပန်ရတာတွေ၊ ဒူးထောက်ဦးညွှတ်ရတာတွေပါပဲ။

ဘာဖြစ်လဲ...။ တစ်ချိန်က ကိုအောင့်မှာ ချစ်သူရှိခဲ့ဖူးတာပဲ။ ခုမရှိတော့ဘူး။ ပြတ်သွားပြီ။ ဒါ အရေးအကြီးဆုံးပဲမဟုတ်လား။ ခု

ကိုအောင် 'ထွေး' ဆိုတာကို မေ့လိုက်ပြီမဟုတ်လား။ ဒါဆိုရင်လည်း ပြီးရောပေါ့။ ဝေလွင် ဖြေကြည့်ပါတယ်။ ရပါတယ်။ ဒါပေမဲ့ စီးစီးကျလာတဲ့ မျက်ရည်တွေက ခက်တယ်။

ပြီးတော့ ဒီစာတွေကို ဘာလုပ်ရမှာလဲ။ ကိုအောင့်ကို ပေးပြရမှာလား။ ပြရင် ပြဿနာတွေ ပိုရှုပ်ကုန်နိုင်သလား။ မပြရင်လည်း ကိုယ်က သစ္စာနည်းရာကျနေတာလား။ မရိုးသားရာ ကျနေသလား။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့ညနေ ကိုအောင်ပြန်လာတော့ အဲဒီစာတွေ အားလုံး ပေးပြလိုက်ပါတယ်။

မောင်အောင်က ခဏပဲ ဣန္ဒြေပျက်တာပါ။ ချက်ချင်းဆိုသလိုပါပဲ စာတွေအားလုံးကို ခြံထဲဆင်းပြီး မီးရှို့ပစ်လိုက်တယ်။

ဒီလိုအတိတ်မျိုးဟာ ဒီလိုပဲ မီးရှို့ပစ်ရမှာပဲ။ ပြီးတာပဲပေါ့။

ဘယ်ပြီးလိမ့်မှာလဲ။ အဲဒီနေ့စပြီး ဝေလွင်နဲ့ မောင်အောင်ရဲ့ ဆက်ဆံရေးမှာ ဖျောက်ဖျက်လို့မရတဲ့ အမာရွတ်တစ်ခု၊ ဒါမှမဟုတ် မကြာခဏ မျက်ခနဲ မျက်ခနဲဖြစ်တတ်တဲ့ ဒဏ်ရာဒဏ်ချက်တစ်ခု ရှိသွားပြီပေါ့။

ကိုအောင်နဲ့ အတတ်နိုင်ဆုံး ပုံမှန်နေနိုင်အောင် ဝေလွင် ကြိုးစားပါတယ်။ ဒါပေမဲ့ နဂိုမူလကရှိခဲ့တဲ့အခြေအနေကို ပြန်မရောက်တော့ဘူး ဆိုတာ နှစ်ယောက်စလုံး သိနေကြတာခက်တယ်။

ဝေလွင် ဖြေနိုင်ဖို့ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝေလွင် ကိုယ်တိုင်လည်း အသည်းခိုက်အောင် ချစ်ရသူရှိခဲ့ဖူးတာပဲ မဟုတ်လား။

အဲဒီအကြောင်းကိုရော ကိုအောင် သိသလား။ ကိုအောင်ကလည်း မမေးဖူးဘူး။ ဝေလွင်ကလည်း မပြောဖူးဘူး။

တကယ်တမ်းကျတော့ ကိုအောင်ကလည်း ဝေလွင်ရဲ့အတိတ်ကို ဘယ်ကဘယ်လိုမှန်းမသိရပေမဲ့ အရှိကိုတော့ အရှိအတိုင်း သိလာခဲ့ပြန်

တယ်။

"ကိုထွန်းမြင့်ကလည်း ဝေလွင်ရဲ့စာတွေကို လှမ်းမပို့ဘူးလို့ မပြော နိုင်ဘူးနော်" တဲ့။

သေပြီ။

ကိုအောင် ဘယ်လိုလုပ်သိသွားရတာတဲ့လဲ။

"ဝေလွင် သူ့ဆီကို စာသုံးစောင်ပဲ ရေးဖူးတာပါ"

"အင်း... ဟုတ်မှာပါ။ ဒါပေမဲ့ အချစ်ဦးမို့ ရူးရတယ်ကွယ်ဆိုတဲ့ စာကြောင်းလေးကတော့..."

"ဟင်... ဒီစာကြောင်းကို သူသိနေတယ်။ ဘယ်လိုလုပ်သိနေတာ လဲ"

ဝေလွင် ထုတ်မမေးရဲပါဘူး။ ကိုအောင်ကလည်း ဆက်မပြောပါ ဘူး။ သူ့တို့နှစ်ယောက် ပြီးခဲ့လွန်ခဲ့ပြီဖြစ်တဲ့ အတိတ်နဲ့ပတ်သက်ပြီး သေးသိမ်တဲ့ စကားနာထိုးတာတို့၊ အထအနကောက်တာတို့ မလုပ်မိ အောင် ပြင်းပြင်းထန်ထန် ကြိုးစားကြပါတယ်။

ဒါပေမဲ့ ကြိုးစားနေကြရတာကိုတော့ အချင်းချင်း သိနေကြတာ ခက်တယ်။

ကိုအောင် အသွားအလာ ဖောက်စပြုလာတယ်။

ဝေလွင် ကြိတ်ကြိတ်ပြီး ငိုမိတဲ့အကြိမ်များ များလာတယ်။

ကိုအောင့်မှာ အပေါင်းအသင်းနဲ့ အသောက်အစား များလာတယ်။

ဝေလွင်လည်း အပေါင်းအသင်းရှာစပြုလာတယ်။ ရုပ်ရှင်တွေ၊ ပွဲတွေ ထွက်ကြည့်တတ်လာတယ်။

အိမ်ထဲမှာ အတူနေကြရင်း တစ်ယောက်ကိုတစ်ယောက် ဟန် ဆောင်ပြီး တာဝန်ကျေပြနေကြတာတွေဟာ ပါးစပ်ကထုတ်ပြီး ဆဲရေး ပြစ်တင်နေတာတွေလို ခံစားလာကြရတယ်။

ကြာလာတော့လည်း ဟန်မဆောင်နိုင်ကြတော့ဘူး။ တကျက်ကျက်နဲ့ ကြိတ်ပြီး ရန်ဖြစ်စပြုလာကြတယ်။

အိမ်ရှင် ဒေါ်အုန်းခများလည်း လင်မယားနှစ်ယောက်အကြား ဝင်ရှုပါတယ်။

ဒါပေမဲ့ နောက်ပိုင်းပွဲတွေကျတော့ ဝုန်းဒိုင်းကျဲကုန်ကြတယ်။ ဒေါ်အုန်းလည်း ကြောက်လို့ မဝင်ရဲတော့ဘူး။

မှတ်မှတ်ရရ ဇန်နဝါရီလ ၆ ရက်နေ့ကတော့ အပြင်းထန်ဆုံး ပေါက်ကွဲကြတယ်။

ဝေလွင်က သူ့ပစ္စည်းလေးတွေယူပြီး ဆိုက်ကားနဲ့ သင်္ဘောဆိပ်ကို အပြီးဆင်းသွားတယ်။

မူးနေတဲ့ မောင်အောင်က ပစ္စည်းတွေ တော်တော်များများကို ပေါက်ခွဲဖျက်ဆီးပစ်တယ်။

နောက်တော့ ဒေါ်အုန်းကိုခေါ်ပြီး နောက်ဆုံးကျန်တဲ့ အိမ်လခကို ပေးချေတယ်။ မူးမူးရူးရူးနဲ့ ကန်တော့တယ်။ ပြီးတော့မှ အိမ်ကဆင်းသွားတဲ့ ဝေလွင်ကို ကျိန်ဆဲရင်း သူလည်း အိမ်ပေါ်က ဆင်းသွားတယ်။

ဝေလွင် မီလိုက်တဲ့သင်္ဘောက ညနေသင်္ဘော။

မောင်အောင် လိုက်သွားတဲ့သင်္ဘောက နောက်နေ့မနက်စောစော ထွက်တဲ့သင်္ဘော။

သိသာပါတယ်။ နှစ်ယောက်စလုံး ပြတ်ကြပြီ။ နံနက် ၆ နာရီဆိုတော့ မိုးကလည်း စင်စင်လင်းပြီ။

အိမ်ရှင် ဒေါ်အုန်းက အိမ်ကို ရှင်းရလင်းရဦးမယ်။ အထက်ထပ် အိပ်ခန်းပြတင်းကို တွန်းဖွင့်လိုက်တော့...

ဖွားဘက်တော်ပင်ကြီးတစ်ပင်လုံး ဖွေးဖွေးလှုပ်နေအောင် ပွင့်နေပါပေါ့လား။ ငှက်ကလေးတွေလည်း ကျီကျီကျာကျာနဲ့ လာကြပါပေါ့

လား။

ဖွားဘက်တော်ပင်ကြီး ပွင့်နေမှာကို သတိရကြပြီး သူတို့နှစ်ယောက် ပြန်လာကြတန်ကောင်းပါရဲ့။

ရေကြည်ရေသန့်ဝတ္ထုတိုများ

❑

## ခေါင်းလောင်းများ

■ ဂျူး

ခေါင်းလောင်းသံများကို မကြားရသည်မှာ တော်တော်ကြာခဲ့ပြီ။ များပြားလှစွာသော ခေါင်းလောင်းကလေးများသည် လေထဲတွင် ကြိုးတန်းလန်းဖြင့် ဟိုနေရာတစ်ခု သည်နေရာတစ်ခု ညင်သာစွာ လှုပ်ယမ်းနေကြသည်။ တချို့ခေါင်းလောင်းက မြင့်မြင့်မှာ၊ တချို့ခေါင်းလောင်းက နိမ့်နိမ့်မှာ။ အရွယ်အစားချင်းလည်း မတူညီကြချေ။ အကြီးဆုံးအရွယ်မှာ ကော်ဖီပန်းကန် ခပ်သေးသေးအရွယ်လောက်ရှိပြီး အသေးဆုံးအရွယ်မှာ ကွမ်းသီးလုံးပမာဏလောက် ရှိသည်။ ပိုက်ကွန်သဖွယ် ရှုပ်ယှက်ခတ်စွာ သွယ်တန်းထားသော ပလတ်စတစ်ကြိုးများနှင့် ထိုမှတစ်ဆင့် တွဲလောင်းကျနေသောခေါင်းလောင်းများမှာ အိမ်တစ်အိမ်၏ ဧည့်ခန်းတစ်ခုအတွက် အနည်းငယ် မျက်စိနောက်စရာပစ္စည်းများ ဖြစ်သည်။ ထိုခေါင်းလောင်းကြိုးများသည် အိမ်ပြင်မှ တစ်ခုတည်းသော ကြိုးဖြင့် ထပ်မံ ဆက်သွယ်ထားပြီး ထိုကြိုးသည် ခြံဝင်းတံခါးအထက်မှ တံခါးအပြင်သို့ တွဲလောင်းကျနေအောင် ပြုပြင်ထားသောကြောင့် ခေါင်းလောင်းများသည် နေရာအနှံ့အပြားမှ တစ်ပြိုင်တည်း အသံမြည်ကြတော့သည်။

ထိုခေါင်းလောင်းများ၏အသံသည် ကျွန်မအတွက် တစ်ခါတစ်ရံ

မှာ သာယာသံဖြစ်ပြီး တစ်ခါတစ်ရံမှာ ဆူညံသံဖြစ်ဖြစ်နေသည်။ ကျွန်မ ယောက်ျားအပေါ် ကျွန်မ ထားရှိအပ်သည့် စိတ်အခြေအနေပေါ်မှာ မူတည်ပါသည်။ သူ့ကို ဒေါသစိတ်နှင့် မကျေမချမ်း နာကြည်းမိသည့် အခါ ခေါင်းလောင်းသံသည် မနှစ်မြို့ဖွယ်ရာ၊ မုန်းတီးဖွယ်ရာ ဆူညံ သံများဖြစ်သည်။ သူ့ကို ကျေကျေနပ်နပ် ခင်မင်တွယ်တာမိသည့်အခါ ခေါင်းလောင်းသံသည် ကြည်နူးဖွယ်ရာ ချိုလွင်သည့်အသံ ဖြစ်သည်။ ဤခေါင်းလောင်းများကို စိတ်ရှူးပေါက်စွာ တပ်ဆင်နားထောင်ခဲ့သူမှာ သူ ဖြစ်သည်။

ပထမဆုံး ခေါင်းလောင်းကို တပ်ဆင်သည့်ကိစ္စက အံ့ဩစရာ မဟုတ်ခဲ့။ ဒါဟာ လိုအပ်မှုတစ်ခုဖြစ်သည်။ ခြံတံခါးနှင့် အိမ်အနည်းငယ် ဝေးသောကြောင့် ဤခေါင်းလောင်းသည် လိုအပ်မှုတစ်ခုဖြစ်သည်။ ဒုတိယခေါင်းလောင်းကို ခပ်လှမ်းလှမ်းမှာ ကြိုးဖြင့်ဆက်သွယ်ပြီး တွဲ လောင်းချတော့လည်း အံ့ဩစရာမဟုတ်သေး။ ဒါလည်း လိုအပ်မှု တစ်ခု ဖြစ်နေသေးသည်။ တတိယခေါင်းလောင်းကို တပ်ဆင်သည့် ကိစ္စကျ တော့ လိုအပ်မှု မဟုတ်တော့ပါ။ ထိုခေါင်းလောင်းသည် အပိုပစ္စည်း ဖြစ်သွား၏။ ကျွန်မ အနည်းငယ် မျက်မှောင်ကြုတ်မိခဲ့သည်။ သို့သော် ဒါဟာ လင်မယား အချင်းများစရာကိစ္စမဟုတ်ဟု ကျွန်မကိုယ် ကျွန်မ ဖြေသိမ့်တွေးနိုင်ခဲ့သည်။ စတုတ္ထခေါင်းလောင်းသည် အနှောင့်အယှက် တစ်ခု ဖြစ်သွား၏။ ကျွန်မ နားမလည်နိုင်ပါ။ ပဉ္စမခေါင်းလောင်းသည် ရှုံ့နှမ်းမှုတစ်ခု ဖြစ်သည်။ ကျွန်မ ဒေါသစိတ် နည်းနည်းဝင်လာသည်။ နောက်ထပ် ... နောက်ထပ် ... နောက်ထပ် ... များပြားလှစွာသော ခေါင်းလောင်းများ မျက်နှာကြက်မှ ဟိုနေရာတစ်ခု သည် နေရာတစ်ခု တွဲလောင်းကျလျက် လှုပ်ယမ်း ယိမ်းနွဲ့နေကြသည့်အခါ ကျွန်မ ရယ်မောမိ သွား၏။ ရယ်မောနိုင်သည့်အချိန်တွေတုန်းကပေါ့လေ။

ခေါင်းလောင်းတစ်ခုနှင့်တစ်ခု ဘယ်တော့မှ မတူဘူး။ သူတို့အသံဟာလည်း ဘယ်တော့မှမတူနိုင်ဘူးကွ။ တစ်မျိုးစီပဲ။ ဘယ်လိုမှ မတူဘူး၊ တစ်မျိုးစီပဲ။ မင်း နားထောင်ကြည့်။ ပြီးတော့ ခံစားကြည့်ကွ။

သူက အတည်ပေါက်မျက်နှာပေးဖြင့် ကျွန်မကို ရှင်းပြဖူးသည်။ ခံစားတတ်သူကြီးဟု ကျွန်မ သူ့ကို မကြာခဏ လှောင်ပြောင်ရယ်မောခဲ့ရဖူးသည်။ ရယ်မောနိုင်သည့် အချိန်တွေတုန်းကပေါ့။

*

ယခုတော့ ခြံဝင်းတံခါးမှာ လျှပ်စစ်လူခေါ်ခေါင်းလောင်း တပ်ဆင်လိုက်ပြီဖြစ်သည်။ သားက လျှပ်စစ်ပစ္စည်းများကို စိတ်ဝင်စားသူဖြစ်၏။ လျှပ်စစ်ပစ္စည်းများကို ဆော့ကစားနိုင်သည်အထိ အရွယ်ရောက်လာသည့်အခါ သားသည် အိမ်ထဲမှ လျှပ်စစ်မီးများကို တစ်ခုပြီးတစ်ခု ပြောင်းလဲတော့သည်။ ပထမဆုံး မျက်နှာကြက်မှာ ကပ်သည့် လျှပ်စစ်မီး၊ နောက်တော့ နံရံမှာ ချိတ်သည့် လျှပ်စစ်မီး၊ နောက်တော့ သူ့အခန်း စာကြည့်စားပွဲမှ စာကြည့်မီးတိုင်... အိမ်ထဲမှာ သား၏လက်ရာ လျှပ်စစ်မီးအမျိုးမျိုးဖြင့် ဝေဆာလာသည်။ လျှပ်စစ် လူခေါ်ခေါင်းလောင်းကို တပ်ဆင်ပြီးကတည်းက ဧည့်သည်များသည် ထိုခလုတ်ကိုသာ အသုံးပြုကြသည်။ ခေါင်းလောင်းကြိုးများကိုဖြုတ်ရန် သားက ပြင်ဆင်သောအခါ သူက မျက်နှာထားတည်တည်ဖြင့် တားမြစ်၏။

"ဟော့ ဟော့ ... မင်းခလုတ်ကို မင်းတပ်တာ ငါနဲ့ဘာမှမဆိုင်ဘူး။ ငါ့ကြိုးကိုတော့ မဖြုတ်နဲ့ကွ။ ခေါင်းလောင်းလေးတွေရဲ့အသံကို ခံစားချင်လို့ ငါ ဒီလောက် အပင်ပန်းခံ တပ်ထားရတာ။ မဖြုတ်ရဘူး။ ခလုတ်နှိပ်ချင်တဲ့သူ နှိပ်ပါစေ၊ ကြိုးဆွဲချင်တဲ့သူ ဆွဲပါစေ ... ဟုတ်ပြီနော်"

သို့သော် သူမျှော်လင့်သလို ဖြစ်မလာပါ။ သူ့ကြိုးကို သတိရှိရှိ

ဆွဲသည့်ဧည့်သည် တစ်ယောက်မှမရှိ။ သူ့ကြိုးကို အသုံးပြုသူမှာ သူ တစ်ယောက်တည်းသာ ဖြစ်သည်။ ဧည့်သည်များသည် လျှပ်စစ် ခေါင်းလောင်းခလုတ်ကိုသာ နှိပ်ကြပါသည်။ သူက လျှပ်စစ် အချက်ပေး ခလုတ်သံကို နားကြားပြင်းကတ်သည်ဟု ဆိုသည်။

"ဘယ်လို အသံတုံးကွ ... အောက်ကလိအာသံကြီး၊ မြေငလျင် လှုပ်တော့မယ့်အတိုင်းပဲ၊ မှတ်ထား၊ လျှပ်စစ်ကြောင့် ရလာတဲ့အသံဆို ဘာမှ မစွံဘူး"

ရှေးအဘိုးကြီးတစ်ယောက်၏ လေသံမျိုးဖြင့် သူပြောလျှင် ကျွန်မ က ရယ်မောနေပြီး သားကတော့ မချိုမချဉ်မျက်နှာပေးဖြင့် ထထွက်သွား တတ်ပါသည်။

ခေါင်းလောင်းအသံများ မြည်ပြီဆိုလျှင် သူပြန်ရောက်လာပြီဟု ကျွန်မတို့ ခွဲခြားသိနိုင်၏။ သူကလွဲပြီး ခေါင်းလောင်းကြိုး ဆွဲမည့်သူမှ မရှိဘဲ။ ထို့ကြောင့် ကျွန်မ အပြင်မှ ပြန်လာလျှင် သူအိမ်ထဲမှာ ရှိနိုင်ချိန် များတွင် ကျွန်မလည်း ခေါင်းလောင်းကြိုးကိုသာ ဆွဲပါသည်။ သူ့အပေါ် မှာ လိုက်လျောလိုစိတ်ဖြင့် ပြုမူမိခြင်းသက်သက်သာ ဖြစ်သည်။ သူ ကျေနပ်သွားသည့် မျက်နှာထားကိုကြည့်၍ ကျွန်မ ကြည်နူးခဲ့ရဖူးပါ သည်။

ယခုတော့ ဤခေါင်းလောင်းသံများကို မကြားရသည်မှာ တော် တော်ကြာပြီ။

*

ယောကျ်ားတစ်ယောက်၏ ဘဝတွင် ဖုံးကွယ်ထားသော လျှို့ဝှက် ချက်များ ရှိနိုင်သည်ဟု စာနာစိတ်ရောနှောလျက် စပ်စုလိုစိတ်များပြား ခဲ့စဉ်ကတော့ ကျွန်မယောကျ်ားအကြောင်း ကျွန်မ ဘာမှမသိခဲ့ရပါ။

သူ့ကို အကဲခတ်ရင်း၊ စောင့်ကြည့်ရင်းနှင့် ကျွန်မတို့ အိမ်ထောင်သက် ကြာရှည်လာကာ သားကလေးကို မွေးဖွားလာသည်။ သားကလေး တဖြည်းဖြည်း ကြီးပြင်းလူလားမြောက်လာသည်။ ထိုအချိန်အထိ ကျွန်မ ယောက်ျားတွင် ဘာအတိတ်ခံစားချက်မှ ကျွန်မ မတွေ့မိ၊ မသိရ။ သူက သိပ်လျှို့ဝှက်တတ်သူတော့လည်း မဟုတ်။ ဟန်မဆောင်တတ်လွန်းသောကြောင့် ကျွန်မနှင့် သူ့အကြား ခဏခဏ ပြဿနာတက်ခဲ့ရဖူးသည်။ ကိုယ့်ခင်ပွန်းမှာ အတိတ်က လျှို့ဝှက်ချက်တစ်ခုခု ရှိသည် ဆိုလျှင် ထိုကိစ္စကို ဇနီးသည်က အိမ်ထောင်သက် ငါးနှစ်အတွင်း တစ်နည်းမဟုတ်တစ်နည်း သိနိုင်မည် ဖြစ်သည်။ သား လူပျိုပေါက်အရွယ် ရောက်သည်အထိ မသိရဘူးဆိုတော့ ဘာလျှို့ဝှက်ချက်မှ မရှိခဲ့လို့ပေါ့။ သေချာသည်။ သူ့မှာ ကျွန်မကလွဲ၍ ဘာမျှမရှိခဲ့။ ထိုကဲ့သို့ပင် ကျွန်မ ယုံကြည်စိတ်ချထားလိုက်တော့သည်။ ထိုကဲ့သို့ ယုံကြည်စိတ်ချထားပြီးတော့မှ သူ့လျှို့ဝှက်ချက်များကို ကျွန်မ သိလိုက်ရပါသည်။ ထိုစိတ်ခံစားမှုများကို လျှို့ဝှက်ချက်များဟု စွပ်စွဲလို့ရနိုင်သည် ဆိုလျှင်ပေါ့လေ။ ပြောရလျှင်တော့ တော်တော်ထူးဆန်းပြီး တော်တော်ကြောင်သော မြင်ကွင်းများဖြစ်သည်။ ထိုမြင်ကွင်းများသည် ယောက်ျားတစ်ယောက်၏ စိတ်အာရုံတွင် ပေါ်ပေါက်နေကျမြင်ကွင်းများ ဖြစ်နိုင်ပါသည်။ သို့သော် နှစ်ပေါင်းများစွာ ထိုမြင်ကွင်းများကို စိတ်အာရုံထဲထည့်ထားလျှင်တော့ ထိုယောက်ျားကို အပြစ်ကင်းစင်သူဟု ကျွန်မ မသတ်မှတ်ချင်ပါ။

တစ်ည …။ ထိုတစ်ညသည် ကျွန်မယောက်ျားအပေါ် ကျွန်မ၏ သဘောထားကို ချက်ချင်းပြောင်းလဲပေးနိုင်စွမ်းသော ညဖြစ်သည်။ သဘာဝအားဖြင့်တော့ ဘာမျှထူးခြားသည့်ည မဟုတ်ပါ။ ကျွန်မ စောစောအိပ်ပြီး စောစောတစ်ရေးနိုးသည့် ညတွေထဲမှ တစ်ခုသာ ဖြစ်သည်။

အိပ်ရာမှနိုးနိုးချင်း ကျွန်မအာရုံထဲသို့ ရောက်လာသည်က တိတ်ဆိတ်မှု။ ထို့နောက် အသံသဲ့သဲ့ကလေးများ။ စကားပြောသံလိုလို၊ ရယ်မောသံလိုလို။ ကျွန်မဘေးက ခုတင်တွင် သူမရှိပါ။ သူမရှိခြင်းသည် အထူးအဆန်း မဟုတ်။ သူသည် တစ်ခါတစ်ရံ ညဥ့်နက်သည်အထိ ဘီယာသောက်ရင်း အောက်ထပ်ဧည့်ခန်းမှာ အချိန်ဖြုန်းတတ်သည်။ ထို့ကြောင့် ညတစ်ရေးနိုးအချိန် အခန်းထဲမှာ သူမရှိခြင်းသည် အံ့သြစရာ မဟုတ်ပါ။ စကားသံသဲ့သဲ့ ကြားရခြင်းကတော့ အံ့သြစရာဖြစ်သည်။ ကျွန်မ ခေါင်းအုံးနှင့် နားကပ်၍ နားထောင်ကြည့်တော့ စကားသံတွေမှန်းပို၍ သေချာလာသည်။ အသံသည် အောက်ထပ်မှ လာသည်။ ပျဉ်ခင်းကြမ်းပြင်မှတစ်ဆင့် ကျွန်မထံသို့ တုန်ခါမှုဖြင့် ရောက်လာသည်။ သို့သော် စကားသံ တိုးတိုးမှန်းသာ သိပြီး ဘာမှ မသဲကွဲပါ။ တစ်ခုက သူ့အသံ၊ နောက်တစ်ခုက ... တော်တော် တိုးသည်မို့ ဘယ်သူ့အသံမှန်း မသိနိုင်။

နောက်ထပ် ကျွန်မ ပြုလုပ်မိသည့် အလုပ်မှာ အခန်းထဲမှ ထွက်ပြီး လှေကားမှ ခြေဖျားထောက်၍ ဆင်းသွားမိခြင်းပင် ဖြစ်သည်။ ခိုးကြောင်ခိုးဝှက်အပြုအမူဟု ကျွန်မ ဝန်ခံပါသည်။ သို့သော် သူ ဘယ်သူနှင့် စကားတွေပြောနေပါလိမ့်ဟု စပ်စုချင်စိတ်နှင့် ကျွန်မ ခြေသံကို ကြားသွားပြီး သူ့စကားရပ်သွားမှာကို မဖြစ်စေချင်စိတ် နှစ်မျိုးပေါင်းပြီး ခိုးကြောင်ခိုးဝှက်အပြုအမူကိုပင် ကျွန်မ ပြုမိပါသည်။

လှေကားတစ်ဝက်လောက်ရောက်သောအခါ သူနှင့်အတူ စကားပြောနေသူမှာ သားဖြစ်နေမှန်း မထူးဆန်းစွာပင် သိလိုက်ရသည်။ သားက စကားပြောလျှင် ဖအေလို ကျယ်လောင်ကျယ်လောင် ပြောတတ်သူ မဟုတ်ပေ။ သူနှင့် စကားပြောနေသူသည် သားဖြစ်နေကြောင်း သိလျှင်သိချင်း ကျွန်မ၏ခြေသံကို ထိန်းချုပ်စရာမလိုဘူးဟု ကျွန်မ ဆုံးဖြတ်

လိုက်သည်။ သို့သော် နောက်တစ်ထစ် ခြေလှမ်းမလှမ်းမိသေးမီမှာ သား၏ စကားသံကြောင့် ကျွန်မ ခြေလှမ်းတုံ့သွားပါသည်။

"မိန်းမဟာ မိန်းမပဲပေါ့ ဖေဖေရ၊ အားလုံး အတူတူချည်းပဲ၊ ဘာမှ မကွာပါဘူး"

ကျွန်မသည် ကြားရသောစကားကို မယုံချင်ပေမဲ့ ယုံလိုက်ရသောကြောင့် မိုက်ခနဲ မူးဝေသွား၏။ ကျွန်မ၏ သား၊ ယခုမှ ၁၆ နှစ်ထဲဝင်ခါစ ကျွန်မ၏သားက 'မိန်းမ'ဟူသောစကားလုံးကို ယောကျ်ား ကြီးတစ်ယောက်၏ လေသံမျိုး၊ အသုံးအနှုန်းမျိုးဖြင့် ပြောလိုက်တာပါလား။

"မင်းဟာက မဟုတ်သေးပါဘူးကွာ"

သူ့အသံက ပို၍ကျယ်သည်။ သို့သော် အရက်မူးသူ၏ အသံ မဟုတ်။ သူ ဘီယာလေးလုံးလောက် သောက်ပြီးလျှင် ရလာသည့် အသံမျိုးဖြစ်သည်။

"ဟုတ်ပါတယ် ဖေဖေရ၊ ကျွန်တော့်အတွက်တော့ သူတို့ အားလုံးကို အတူတူ ရင်ခုန်တာချည်းပဲ"

ဘုရား ဘုရား ...။ ညသန်းခေါင်အချိန်မှာ သားအဖနှစ်ယောက် ဆွေးနွေးကြသည့်ခေါင်းစဉ်က မိန်းမ ... တဲ့။ သားအသက်က မိန်းမ တစ်ယောက်ယောက်ကို ရင်ခုန်တတ်ဖို့ ငယ်သေးသည်ဟု ကျွန်မ ထင်သည်။ ကျွန်မ ထင်သလို သူ့အဖေ ထင်ဟန် မတူပါ။

"စင်ဒီကရောဖို့ဒ်ကို ကြည့်ရင်လည်း ကျွန်တော် ဒီလိုအခြေအနေပဲ၊ ကလော်ဒီယာရှက်ဖာလည်း ဒီလိုပဲ၊ ဂျူလီယန်မိုးရ်လည်း ဒီလိုပဲ၊ အားလုံးဟာ တစ်မျိုးတည်းပဲ ဖေဖေရ"

"စင်ဒီကရောဖို့ဒ် ... အဲဒါ ဘယ်သူတွေတုံး"

"ဟာ ... ဖေဖေ တော်တော်ညံ့သေးတာပဲ၊ ဒီလောက်နာမည်ကြီးတဲ့ ကိုယ်ဟန်ပြမယ်ကိုတောင် မသိဘူးလား၊ ရစ်ချတ်ဂီယာရဲ့ ဇနီး

ဟောင်းလေ ဖေဖေရ၊ အပျံစား အပျံစား၊ သူ့ကိုယ်ခန္ဓာကလေ ..."

သူ့ရယ်သံသဲ့သဲ့ ကြားရသည်။

"မင်းပြောတဲ့ ရစ်ချတ် ဘယ်သူ ... ငါမသိပါလား"

သားက စုတ်တစ်ချက် သပ်လိုက်၏။

"ဖေဖေက ဒိတ်အောက်နေပြီပဲ"

သူ အော်ဟစ်ရယ်မောလိုက်သည်။ ကျွန်မ နည်းနည်း စိတ်သက်သာရာရသွားသည်။ စင်ဒီကရောဖို့ဒ်ကို သူမသိတာ ကျွန်မက ဝမ်းသာသင့်သလား၊ သားက သိနေတာရော ကျွန်မ စိတ်မကောင်းဖြစ်သင့်သလား။ ဘာမှမဆိုင်ဘူး ထင်ပါရဲ့လေ။ သူတို့နှစ်ယောက်၏ စကားကို ကျွန်မ ဖြတ်သင့်သလား၊ သို့မဟုတ် သူတို့ဆီ ဆင်းသွားပြီး သူတို့စကားဝိုင်းထဲ ဝင်ပါသင့်သလား၊ သို့မဟုတ် ကျွန်မ မသိမသာ ပြန်တက်သွားပြီး ဆက်အိပ်လိုက်ရမှာလား။

"ထားပါ ထားပါ၊ ဒိတ်အောက်တယ်ပြောပြော၊ ခေတ်နောက်ကျတယ်ပြောပြော ... ဒါပေမဲ့ ငါမညံ့ဘူးကွ၊ မင်းလောက်တော့ မညံ့ဘူး၊ မင်းပြောသလို မိန်းမတွေအားလုံး မတူဘူးကွ၊ အမျိုးမျိုးရှိတယ်၊ သူတို့ကြောင့် ကိုယ်တို့မှာ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုကလည်း အမျိုးမျိုးရှိရမယ်ကွ၊ မသိတဲ့လူအတွက်တော့ အတူတူပေါ့ကွာ၊ အနုပညာစိတ်ရှိတဲ့လူ၊ ဘာမဆို အလေးအနက် အာရုံစိုက်တတ်တဲ့ လူအတွက်တော့ သူတို့ဟာ တစ်မျိုးစီပဲ"

ထိုစကားသံကို ကြားလိုက်ရသည့်အခါ ကျွန်မ၏ဒူးများ ညွတ်ခွေသွားပြီး လှေကားထစ်ပေါ် ထိုင်ချလိုက်ရပါသည်။

"ဟောဟို ခေါင်းလောင်းကလေးတွေ တစ်ခုနဲ့တစ်ခု အသံသာပုံမတူသလို ကွဲပြားသလိုပဲ၊ မိန်းမတွေကပေးတဲ့ စိတ်ခံစားမှုလည်း အမျိုးမျိုးပဲကွ"

ထိုခဏ၌ ကျွန်မသည် လှေကားပွတ်လုံးတိုင်များကြားမှ တစ်ဆင့် ညှိခန်းမျက်နှာကြက်မှာ တွဲလောင်းကျနေသော ခေါင်းလောင်းများကို အထိတ်တလန့် လှမ်းကြည့်မိ၏။ သေးသေးကလေးတွေမို့ ချစ်စရာကောင်းသည်ဟု ကျွန်မ သဘောကျခဲ့သော ခေါင်းလောင်းများ၊ နည်းနည်းကြီးပေမယ့် ပုံစံဆန်းသည်ဟု သတိထားခဲ့မိသော ခေါင်းလောင်းများ၊ ပုပုလုံးလုံးကလေးများ၊ ရှည်ရှည်သွယ်သွယ်ကလေးများ၊ အို ... များပြားလှသည့်ခေါင်းလောင်းတွေ ...။ ကြိုးကို လေတိုးတော့သဖြင့် သူတို့ ယိမ်းနွဲ့နေကြသည်။ တချို့က တောင်မြောက် ယိမ်းနွဲ့လျက်၊ တချို့က အရှေ့အနောက် ယိမ်းနွဲ့လျက်၊ တချို့ကတော့ တွဲလွဲချသည့်ကြိုးကို လှည့်ပတ်၍ ချာလည်လည်နေသည်။ အားလုံးသည် အသံမမြည်ဘဲ သာသာကလေး လှုပ်ယမ်းနေကြသည်။

"ဟာ ... ဒါဖြင့် ဖေဖေက ..."

"ဟေ့ကောင် ... ငါပြောသမျှတွေထဲမှာ အတွေးရိုင်းစရာ စကားလုံး တစ်ခုမှမပါဘူးနော်၊ ငါပြောတာက စိတ်သက်သက်ကို ပြောတာ၊ အမြင်အာရုံနဲ့ ခံစားရတဲ့ စိတ်သက်သက်ကို ပြောတာ"

"ကျွန်တော် နားမလည်ဘူး ဖေဖေ"

"မင်းနားလည်ဖို့ ငါပြောမလို့ပဲကွ၊ မင်းက ဆိုင်ကယ်ကို စိတ်ဝင်စားတဲ့သူဆိုတော့ ဆိုင်ကယ်နဲ့ပဲ ဥပမာပြရအောင်ကွာ၊ ဆိုင်ကယ်တွေ အမျိုးမျိုးရှိတယ်မဟုတ်လား၊ ဘီအက်စ်အေတို့၊ ဟွန်ဒါတို့၊ စူပါကပ်တို့ ဟုတ်လား၊ ငါ ကြားဖူးသလောက်ပေါ့လေ၊ အယ်လ်အေတို့၊ ဒီတီတို့ မင်းပြောပြောနေတာ"

သား၏ ရယ်သံသဲ့သဲ့ကို ကျွန်မ ကြားရ၏။

"ဟုတ်ကဲ့ ... ဟာလေဒေဗစ်ဆန်လည်း ရှိတယ်လေ ဖေဖေ၊ အဲဒီဆိုင်ကယ်ကိုတော့ တစ်ခါမှ စီးမကြည့်ဖူးဘူး"

"ဒါပေမဲ့ သူတို့အားလုံး အတူတူလို့ မင်းပြောမလား၊ စက်သံက အစ တုန်ခါနှုန်းက အစ တူမလား"

"ဒါတော့ ဘယ်တူမလဲ ဖေဖေရဲ့"

"အေး ... အဲဒါပေါ့ကွ၊ မတူဘူး ... ဘယ်လိုမှ မတူနိုင်ဘူး၊ မင်းကို ငါပြောပြမယ်၊ မိန်းမတွေက ပေးတဲ့ အသိစိတ်နဲ့ ခံစားမှုတွေ မတူတဲ့အကြောင်း ငါပြောပြမယ်၊ ဒါတွေအားလုံး ငါကိုယ်တိုင် ကြုံခဲ့တာတွေ"

ဘုရားရေ ...။ သူပြောတော့မည်။ သူ တကယ်ပြောတော့မည်။ ကျွန်မ ဆက်လက်နားထောင်သင့်သလား၊ ကျွန်မ မကြားသင့်သော စကားတွေ ပါလာမှာလား၊ ကျွန်မ သည်နေရာမှ ထထွက်သွားဖို့ တကယ် ကြိုးစားကြည့်ပါသည်။ သို့သော် ကျွန်မ လုံးဝ မတ်တတ်ရပ်၍မရ။ တကယ်တော့ ကျွန်မ ဆက်နားထောင်ချင်သေးသည်။ နားမထောင်သင့်မှန်း သိလျက်နှင့် ဆက်နားထောင်ချင်သေးသည်။

"ဒါတွေအားလုံးဟာ အမြင်သက်သက်ကပေးတဲ့ ခံစားမှုတွေချည်းပဲကွ။ ကိုယ်ထိလက်ရောက် တစ်ခုမှ မပါဘူးနော်။ အားလုံးဟာ မြင်ကွင်းတွေချည်းပဲ။ ဒါပေမဲ့ အဲဒီမြင်ကွင်းတွေကပေးတဲ့ အသိချင်း ကွာခြားပုံကို မင်းသိအောင်လို့ ..."

ကျွန်မ ရောက်နေရာမှ ကြည့်လျှင် သူတို့ထိုင်နေသော ညစ်ခန်း စားပွဲကို တစ်ဝက်တစ်ပျက်သာ မြင်ရသည်။ သူ ထိုင်နေသည့်တစ်ဖက် ခြမ်းကို ကျွန်မ မမြင်ရ။ သားထိုင်နေသည့် တစ်ဖက်ခြမ်းကိုသာ ကျွန်မ မြင်ရသည်။ သားသည် စားပွဲပေါ် တံတောင်ဆစ်ကွေးထောက်လျက် ဖအေရှိရာကို မော့ငေးနားထောင်နေသည်။ စားပွဲပေါ်မှာ ဘီယာဘူးတွေ ရှိနေသည်။ ဖောက်သောက်ပြီးသားတွေ ဖြစ်နိုင်ပါသည်။ သားရှေ့မှာ ဖန်ခွက်မရှိပါ။ အာလူးကြော် ဖောက်လက်စ အထုပ်များ ရှိနေသည်။

"ငါ ကိုးတန်းနှစ် ရောက်တဲ့အထိ မိန်းမတွေရဲ့ မျက်နှာတို့၊ ကိုယ်ခန္ဓာတို့ကို သိပ်မသိသေးဘူးကွ၊ ငါတို့ကျောင်းက ယောကျ်ားလေးကျောင်းလေ၊ ငါသိတဲ့ မိန်းမဆိုတာ မေမေရယ်၊ ငါ့အဒေါ်တွေရယ်၊ နောက်ပြီး ငါတို့ဆရာမတွေရယ် ... ဒါပဲ၊ ဖြတ်သွားဖြတ်လာ တွေ့မိတဲ့ မိန်းမတွေတော့ ရှိတာပေါ့၊ အဲဒါတွေကို မိန်းမရယ်လို့ သိပ်မတွေးမိပါဘူး။ လူတွေပဲ ... ငါ့အမြင်မှာ ဘာမှ မထူးဆန်းခဲ့ဘူး။ အဲ တစ်ရက်မှာပေါ့ကွာ။ တစ်ရက်မှာ ... ငါတို့ကျောင်းရှေ့နားမှာ ရုပ်ရှင်အဖွဲ့တစ်ဖွဲ့ ရုပ်ရှင်လာရိုက်တယ်ကွ။ ရုပ်ရှင်ရိုက်တယ်ဆိုတော့ တို့မန္တလေးအတွက်တော့ အထူးအဆန်းပေါ့ကွာ။ ကျောင်းသားတွေ အုံခဲနေအောင် ကြည့်ကြတိုးကြတာပေါ့။ ထွန်းဝေနဲ့ တင်တင်အေးကွ။ တင်တင်အေးတွေ ဘာတွေ သိလို့မဟုတ်ဘဲ ရုပ်ရှင်ရိုက်တဲ့မြင်ကွင်းကို မြင်ဖူးချင်တာနဲ့ ငါလည်း တိုးကြည့်တာပေါ့ကွာ။ အဲဒီမှာ မင်းသမီးက လမ်းလျှောက်လာတာ။ ငါရပ်နေတဲ့ နေရာနဲ့ တော်တော်နီးနီးကနေ လမ်းလျှောက်လာတာ။ ဟား ... လှလိုက်တဲ့ မြင်ကွင်းကွာ။ မျက်နှာကလည်း လှလိုက်တာ၊ ကိုယ်ခန္ဓာဆိုတာကလည်း သူက မယ်ဘွဲ့ရထားတာကွ။ ဖျာပုံမယ်လေ ... ဖျာပုံမယ် တင်တင်အေးဆိုတဲ့ နာမည်နဲ့ ငါ သူ့ကို မြင်လိုက်ရတာပေါ့။ ငါ တော်တော်ကို အံ့ဩပြီး ငေးကြည့်မိသွားတယ်။ သူက ဖဲလုံချည်လေးနဲ့ကွ။ လက်စက ရင်ဖုံးအကျႌနဲ့။ ဩော် ... မိန်းမဆိုတာ ဒီလိုပါလားပေါ့။ မိန်းမတစ်ယောက်ရဲ့ ရုပ်ရည်အလှနဲ့ပတ်သက်ပြီး ငါ ပထမဦးဆုံးအကြိမ် ခံစားလိုက်ရတဲ့ ခံစားမှုပဲ။ ထို့ကြောင့် ဤအရာကို မိန်းမဟုခေါ်သည်ဆိုတဲ့အသိကို ပထမဆုံးအကြိမ် ရလိုက်တဲ့မြင်ကွင်းပဲ။ တော်တော်အံ့ဩရတဲ့ ထူးခြားမှုပါပဲကွာ။ သူ့ဆံပင်လေးတွေက လှိုင်းတွန့်ပြေပြေလေးနဲ့ နဖူးပေါ်မှာ ပြန်သိမ်းထားတဲ့ ခပ်မောက်မောက် စတိုင်လ်လေးကွာ။ မျက်လုံး၊ မျက်ခုံး၊ မျက်တောင် တစ်ခုမှ အတု

အယောင် မပါဘူးနော် အစစ်တွေ။ နှာတံလေးက ပြေပြေလေး။ မိတ်ကပ်နဲ့ဆိုတော့ တစ်မျက်နှာလုံး ချောမွေ့ပြေပြစ်လို့။ လှလိုက်တဲ့ မျက်နှာလေးကွာ။ ငါ အခုချိန်ထိ အဲဒီမြင်ကွင်းကို မှတ်မိနေတုန်း"

သားက အဖေ့စကားကြောင့် ဘာမျှ အံ့ဩထူးဆန်းဟန် မပြ။ ဣန္ဒြေရရ နားထောင်နေသည်။ ကျွန်မမှာတော့ အခုအချိန်အထိဆိုသော စကားကြောင့် အနည်းငယ် အောင့်သက်သက် ဖြစ်သွားရပါသည်။ သို့သော် အလွန်ရိုးစင်းသည့်မြင်ကွင်းနှင့် ဆယ်ကျော်သက်ကောင်လေး တစ်ယောက်၏ 'အလှအပေါ် ပထမဆုံး အသိအမှတ်ပြုမှု' ပဲ မဟုတ်လား။ ကျွန်မ ဣန္ဒြေဆည်နိုင်လိမ့်မည် ထင်ပါသည်။

"လမ်းလျှောက်ဟန်ကလည်း တကယ့်စတိုင်လ်ကျကျနွဲ့နွဲ့လေး။ မာန်လည်းအပြည့်၊ ဟန်လည်းအပြည့်။ ဒါပေမဲ့ နွဲ့နွဲ့လေး။ ဒါပဲ ... မိန်းမဆိုတာ ဒါမျိုးပါလားလို့ တအံ့တဩချီးကျူး အသိအမှတ်ပြုရတဲ့နေ့ပေါ့။ အဲဒါ တင်တင်အေးပေါ့ကွာ။ အဲဒီအချိန်ကျမှ မိန်းမရဲ့အလှကို သိတော့တာပဲ။ အလှကိုလည်း သဘောကျလာတတ်တော့တာပဲ။ မလှတာနဲ့ လှတာနဲ့ အဲဒီကျမှ တော်တော်ကို ကွဲပြားတော့တာကိုးကွ။ ငါ့အတွက်တော့ တစ်သက်စာသင်ခန်းစာတွေ ရလိုက်တဲ့နေ့ပါပဲကွာ"

"ဒါနဲ့ပဲ ဖေဖေက တင်တင်အေးကို စွဲသွားရောလား"

"နိုး နိုး ... မစွဲပါဘူး။ တစ်ခါတစ်ခါ အဲဒီမိန်းမရဲ့ လမ်းလျှောက်ဟန်လေးကို မြင်မြင်လာတာတော့ ဟုတ်တယ်။ ဒါပေမဲ့ မစွဲဘူး။ ဆော့လိုက်၊ ကစားလိုက်၊ စာကျက်လိုက်ပေါ့ကွာ။ အဲဒီအလှမျိုး ရှိလေရဲ့လို့ ငါ အသိအမှတ်ပြုမိရုံပဲလေကွာ။ ငါ့အတွက် ဘာမှမထူးခြားဘူး။ ဘာမှလည်း ပြောင်းလဲမသွားဘူး။ ပုံပြင်ကောင်းလေးတစ်ခု နားထောင်လိုက်ရသလောက်ပါပဲ။ ခဏခဏသတိရနေတယ်။ ပုံပြင်လေး ကောင်းတယ် ... ဒါပဲပေါ့"

ကျွန်မ ပင့်သက်ကိုလွှတ်ကာ အနည်းငယ် ပြုံးမိသွားသည်။

"အဲ ... ဒါပေမဲ့ ငါ့ကို တော်တော်ပြောင်းလဲသွားစေတဲ့ မိန်းမတစ်ယောက်ရဲ့မြင်ကွင်းကို ၁၀ တန်းနှစ်မှာ ကြုံရောကွ။ မင်းလည်း သိသားပဲ။ ငါ ဖိဆစ်နဲ့ မက်စ်နဲ့ အရမ်းပိုင်တယ်၊ ဝါသနာလည်း ပါတယ်ဆိုတာ။ အေး ... အတန်းသားအချင်းချင်း ငါက ပြန်ပြီး သင်ပြ ရှင်းပြပေးရတာ။ ဖိဆစ်နဲ့ပတ်သက်ရင် ငါက ဆရာကြီးလုပ်နေကျ။ ဒါပေမဲ့ ၁၀ တန်း အတန်းတင်စာမေးပွဲမှာတော့ ဖိဆစ်မှာ ဂုဏ်ထူး မရတော့ဘူး။ ၇၄ မှတ်နဲ့ ပြုတ်သွားတယ်။ ၈၀ ရမှ ဂုဏ်ထူးပေးတာကိုး။ ငါသင်ပေးတဲ့ ငါ့သူငယ်ချင်းတွေက ငါ့ထက် အမှတ်များသွားတယ်။ အဲဒါ ဘာကြောင့်လဲသိလား။ မိန်းမတစ်ယောက်ရဲ့ မြင်ကွင်းကြောင့်ကွ"

သားက အာလူးကြော်ကောက်ဝါးကာ သဲ့သဲ့ပြုံးနေသည်။ ကျွန်မ သူ့မျက်နှာကို မြင်ချင်သော်လည်း မမြင်ရပါ။ သူ့ကို မြင်ဖို့ဆိုလျှင် လှေကားအောက်ခြေအထိ ဆင်းရမည်ဖြစ်သည်။ မဖြစ်ပါ။ သူတို့ ကျွန်မကို မြင်သွားနိုင်သည်။ ထိုအခါ သူ ကျွန်မကို အထင်လွဲသွားနိုင်သည်။

"ငါတို့က ကိုယ့်ကျောင်းကိုယ် မဖြေရဘဲ တခြားကျောင်းမှာ သွားဖြေရတယ်လေ၊ ပထမရက်တွေတော့ ဖြေနိုင်ပါတယ်၊ ဖိဆစ် ဖြေရမယ့် နောက်ဆုံးနေ့ကျတော့ ငါ ဒုက္ခရောက်ရောကွ၊ အဲဒီနေ့က ငါတို့ စာမေးပွဲခန်းကို စောင့်တဲ့ ဆရာမလေးက ငယ်ငယ်လေးကွ"

သား၏ ရယ်သံတစ်ချက် ကြားရသည်။

"ချောလား ဖေဖေ"

"အာ ... ချောလား မချောလား ငါမမှတ်မိတော့ဘူး။ သူ့မျက်နှာက သိပ်တော့ မချောလှဘူးထင်ပါရဲ့။ ငါမသိဘူးကွာ။ အခုကိစ္စကျတော့ မျက်နှာအလှတွေ၊ ကိုယ်ခန္ဓာအလှတွေနဲ့ မဆိုင်တော့ပြန်ဘူးကွ။ မြင်ကွင်းနဲ့ပဲ ဆိုင်တာ။ သူ အဲဒီနေ့က ဝတ်ထားတဲ့ အင်္ကျီကြောင့် ဆိုပါတော့။

သူက မှန်နိုင်လွန်ကို ဝတ်ထားတာကွ။ မှန်နိုင်လွန်ဆိုတာ မင်းသိလား။ မှန်လိုပဲ တော်တော်ပါးတယ်လို့ပဲ မှတ်ထားလိုက်ပါတော့ကွာ။ အဲဒီနေ့က ငါ ဘာကြောင့် ဒုက္ခရောက်သလဲဆိုတော့ ငါ့လက်ရေးက သိပ်ကျဲပြီး သိပ်သော့နေလို့ပဲ။ အဖြေစာရွက်တွေ ခဏခဏကုန်၊ နောက်ထပ် အဖြေစာရွက်တွေ ထပ်ထပ်တောင်းရတာပေါ့။ စာမေးပွဲဖြေတိုင်း ငါက အရင်ဆုံး စာရွက်တောင်းရတာ ထုံးစံပဲ။ ဒါပေမဲ့ ဒီတစ်ခါကျတော့ ဆရာမလေးက ငါ့ကို စာရွက်လာလာပေးနေတာ။ အဲဒါ ဒုက္ခပေါ့ကွ။ ငါ့အနားကို သူရောက်လာတယ်။ စာရွက်ကို ဂရုတစိုက်ပေးတယ်။ သိမ်သိမ်မွေ့မွေ့ ပြုံးပြုံးလေးပါပဲ။ ကြင်ကြင်နာနာ သဘောကောင်းကောင်းလေးပါပဲ။ ဒါပေမဲ့ စာရွက်ပေးရင်း သူက ငါ့အနားမှာ တော်တော်နီးနီးလာတာကိုး။ သူ့အရပ်ကလည်း ပုပုလေးကွာ။ ငါထိုင်နေတဲ့အခါ ငါ့ခေါင်းက သူ့ပခုံးနဲ့ တစ်တန်းတည်းကွာ။ မင်းစဉ်းစားကြည့်ပေါ့ အဲဒီမြင်ကွင်းကို"

"အဲဒီတော့ ငါ့အာရုံက စာထဲ သိပ်မရောက်တော့ဘူးပေါ့ကွာ။ သူ့ဆီ ရောက်ရောက်သွားတာပေါ့။ ပုစ္ဆာတွေ ဖြေရတာ အလွဲလွဲ အချော်ချော် အမှားရာတွေ ခဏခဏခြစ်ရ၊ စိတ်တွေ ကယောင်ချောက်ချားဖြစ်၊ ရင်တွေကတုန်၊ မျက်နှာတွေကပူ၊ အဖြေမှန်မရလို့ ဒေါသတွေက ထွက်၊ စာရွက်ထပ်တောင်းရလို့ စိတ်တွေက ပိုပို လှုပ်ရှား၊ ဟား ... ငါ့အဖြစ်ကတော့ တော်တော်ကို ခံရတာပါကွာ။ သူကတော့ ဘယ်သိမလဲကွ။ သူ့ကြောင့် ငါ ဒုက္ခရောက်နေတာ သူ ဘယ်သိမလဲ။ ငါ စာရွက်တောင်းတိုင်း ပျာပျာသလဲ ရောက်လာ၊ ကိုယ်လေး ငုံ့ကိုင်းပြီး စာရွက်လာချ၊ ခုံနံပါတ်ကို တစ်ခါတည်းရေးနော်လို့ သတိပေး၊ ငါ ခုံနံပါတ်ရေးပြီးမပြီး စောင့်ကြည့်၊ အိုး ... ဒီကောင်မှာတော့ ချွေးတွေက ပြန်၊ အာခေါင်တွေ ခြောက် ..."

သားအဖနှစ်ယောက်လုံး ရယ်မောကြပါသည်။ ကျွန်မလည်း

ပြုံးမိသည်။ ဒါ ... ဆယ်ကျော်သက် ကောင်လေးတစ်ယောက်၏ မိန်းမတစ်ယောက်အပေါ် ပထမဆုံး စိတ်လှုပ်ရှားမှုပေါ့။

"အဲဒါ ... မိန်းမတစ်ယောက်ကပေးတဲ့ ပထမဆုံး စိတ်လှုပ်ရှားမှုပဲ။ တော်တော်ပြင်းပြတဲ့ စိတ်လှုပ်ရှားမှုကွ။ တော်တော်လည်း မသေမသပ်နိုင်တဲ့ စိတ်လှုပ်ရှားမှုပါပဲ။ မိန်းမတစ်ယောက်အတွက် ယောကျ်ားလေးတစ်ယောက်ဟာ ဒီလိုခံစားရပါလားဆိုတာ အဲဒီကျမှ ငါသိရတော့တာပဲ"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"ဟာ ... ငါဘယ်သိမလဲ။ နောက်ထပ်လည်း တွေ့ရတာမဟုတ်၊ တွေ့ရလောက်အောင်လည်း စိတ်ဝင်စားမိတာ မဟုတ်ဘူးလေ။ သူ့ဆီက ငါရလိုက်တာ တစ်ခုတည်းပဲ။ မိန်းမဆိုတာ ဒီလိုစိတ်လှုပ်ရှားစေပါလားဆိုတဲ့အသိ ... ဒါပဲလေ။ ဒါပေမဲ့ ငါ လူလားမြောက်တဲ့အထိ ပထမဆုံး စိတ်လှုပ်ရှားမှုကို ငါ သတိရနေတုန်းပဲ။ တော်တော်ကို ပရမ်းပတာနိုင်တဲ့ စိတ်ကွ၊ ယောက်ယက်ကို ခတ်နေရောပဲ"

ထို့နောက် တိတ်ဆိတ်သွားကြသည်။ သူ့ဘီယာကို ဖန်ခွက်ထဲ လောင်းထည့်နေသံ ကြားရ၏။ သံဘူးကို စားပွဲပေါ် ပစ်တင်လိုက်သည့် လက်ဖျားပိုင်းကို မြင်ရသည်။

"ဖေဖေ ... ကျွန်တော်လည်း သောက်မယ်နော်"

"ဘာကွ ..."

သားက မချိုမချဉ်မျက်နှာနှင့် ဘီယာသံဘူးကို ဖောက်ဟန်ပြုသည်။

"မင်းအသက် ၁၆ နှစ် ပြည့်ပြီလား"

"ပြည့်ပြီ"

"မပြည့်သေးပါဘူးကွာ၊ မင်းအမေ ဟိုတစ်နေ့ကမှ ငါ့ကိုပြောတဲ့

စကားကို ငါမှတ်မိတယ်၊ မင်း ၁၆ နှစ်မပြည့်သေးဘူး၊ မသောက်ရဘူး၊ အဲဒီမှာ အမြည်းစားလေကွာ၊ ငါနဲ့ စကားမပြောချင် သွားအိပ်ကွာ၊ ဘီယာ တော့ လုံးဝပဲ"

သားက သံဘူးကို မချချင် ချချင်ဟန်ဖြင့် ပြန်ချ၏။ ထို့နောက် အာလူးကြော် နောက်တစ်ထုပ်ဖောက်ကာ အဆက်မပြတ် စားလေသည်။ သူ့အသံလည်း တိတ်ဆိတ်နေ၏။ တင်တင်အေးကို ပြန်စဉ်းစားနေ သလား၊ မှန်နိုင်လွန်ကို ပြန်စဉ်းစားနေသလား ကျွန်မ မသိနိုင်ပါ။ ယခု ခေတ်မှာ ဗွီဒီယိုတွေ ပေါ်လာတော့ သားတို့အတွက် မှန်နိုင်လွန်သည် ဘာမှမထူးခြားသည့်အရာတစ်ခု ဖြစ်နေပြီလား ကျွန်မ မသိနိုင်ပါ။ သားပြောသည့် စင်ဒီကရောဖို့ဒ်ကို ကျွန်မ သိပါသည်။ အလွန်လှပ ရှည်သွယ်သည့် ကိုယ်ခန္ဓာဖြစ်သည်။ နိုင်ငံတကာမှာ လူကလေးတွေ လူလားမြောက်ချိန် စောလာတာတော့ အမှန်ပဲဖြစ်သည်။ သည်ခေတ်၏ သဘာဝဖြစ်သည်။ ဒါကို ကျွန်မ ဝမ်းနည်းနေလို့ မရ၊ ရှုတ်ချချင်လို့မရ၊ လက်ခံဖို့ ကြိုးစားရမှာပဲ ဖြစ်သည်။ သို့သော် သားကိုတော့ အများ တကာထက် လူလားမြောက်ချိန် နောက်ကျစေချင်သည်။

"ဒါနဲ့ ဖေဖေ့ရဲ့ ပထမဆုံးရည်းစားအကြောင်း ပြောပြပါလား"

"ဟော့ကောင် အဆင့်မကျော်နဲ့ကွ၊ နောက်ထပ် ခံစားမှုတစ်မျိုး ကျန်သေးတယ်၊ ရည်းစားဆိုတာကတော့ကွာ အနည်းနဲ့အများ ပိုင်ချင် စိတ်၊ ဆိုင်ချင်စိတ်နဲ့ ပူပန်သောကရောက်ရ ရင်တုန်ရတာပဲ။ အခု ငါပြော မှာက ဘာမှကို မတော်လောဘမပါတဲ့ စွဲလမ်းမှုတစ်ခုအကြောင်း အဲဒီ အကြောင်းကို ပြောမယ်"

စွဲလမ်းမှုဟူသော စကားကို သူက အဆင့်ဘယ်နှမျိုး ခွဲခြားချင် နေသလဲ မသိ။ ကျွန်မ သိတာကတော့ စွဲလမ်းမှုဆိုသည်မှာ တဏှာပဲ ဖြစ်သည်။

"အဲဒီအချိန်မှာ ငါက တက္ကသိုလ်ရောက်နေပြီပေါ့ကွာ၊ ငါတို့ မန္တလေးမှာ ပွဲတွေ၊ အငြိမ့်တွေ တော်တော်များတယ်ကွ၊ မန္တလေးက အငြိမ့်တွေထဲမှာ နာမည်အကြီးဆုံးက လမင်းတရာအငြိမ့်ပဲ၊ မင်းသမီးက ဌေးဌေးမြင့်ပေါ့၊ မင်းသိမှာပါ"

"ဌေးဌေးမြင့် ... ကျွန်တော် သိသားပဲ၊ ဒါပေမဲ့ ..."

"ဟော့ ... မင်း ဟိုတုန်းက ဌေးဌေးမြင့်ကိုမှ မမီဘဲ၊ အဲဒီတုန်းက ဌေးဌေးမြင့်က အိမ်ထောင်လည်း မကျသေးဘူး၊ အရမ်းလှ အရမ်းချော၊ အကကလည်း ညက် ... သိပ်ကို နာမည်ကြီးတဲ့ မင်းသမီးကွ"

"အဲဒီတော့ ဖေဖေက ကြိုက်ရောလား"

"ဟ ... အဲဒီလောက် သာမန်မကျဘူးကွ။ ကြိုက်ရောလို့ ပြောလို့ မရအောင် ဌေးဌေးမြင့်က ပေးတဲ့ခံစားချက်က ထူးခြားတယ်။ ဒီလိုကွ။ ပထမဦးဆုံး ဌေးဌေးမြင့်ကို မြင်ဖူးတော့ အငြိမ့်စင်ပေါ်မှာ မဟုတ်ဘူး။ စင်နောက်မှာ မင်းသမီးတွေ အလှပြင်နေတဲ့ နေရာ။ အဲ ... အဲဒီမှာကွ။ ငါ့သူငယ်ချင်းက ဌေးဌေးမြင့်ကို မြင်ချင်လှချည်ရဲ့ဆိုလို့ ငါက စိတ်မပါ လက်မပါနဲ့ အဖော်လိုက်သွားရတာကွ။ မင်းသမီးက ငါတို့ကို နောက်ကျောပေး ထိုင်နေတယ်။ ပြင်ဆင်ပြီးပြီ၊ ပန်းကလေးပန်ဖို့ပဲ ကျန်တော့ တဲ့အဆင့်ပေါ့။ ငါရပ်ကြည့်တဲ့နေရာကဆိုရင် သူ့ရှေ့က မှန်ကိုပဲ မြင်ရ တယ်။ အဲဒီမှန်ထဲမှာ ပန်းပန်ဖို့ ဟန်ပြင်နေတဲ့ မျက်နှာလေးတစ်ခုကို ဖျတ်ခနဲမြင်လိုက်ရတာ။ အောင်မယ်လေး ... ချောလိုက်တဲ့ မျက်နှာလေး ကွာ။ မျက်နှာသွယ်လေးကွ။ ပါးအို့လေးတွေက ပန်းသွေးရဲရဲနဲ့ နှုတ်ခမ်း ဆိုးဆေးက လွင်နေတာပဲ။ မှန်ရဲ့ပေါင်က အနားသတ်ပေးထားတဲ့ မျက်နှာလေးဆိုတော့ ခပ်ဝေးဝေးကနေ ကြည့်ရတာလည်းဖြစ်တော့ ပုံတူပန်းချီကားလေးတစ်ချပ် ကြည့်နေရသလိုပဲ။ သူ့မျက်လုံးကလေးကို ငါ မြင်ရတယ်။ သူ့အပြုံးလဲ့လဲ့လေးကို ငါ မြင်ရတယ်။ ငါ ဘာဖြစ်သွား

လဲ ... သိလား။ ဘယ်မှမသွားချင်၊ ဘာ စကားမှလည်း မပြောချင်ဘဲ အဲဒီမှန်ထဲက မျက်နှာလေးကို တဝကြီး ထိုင်ကြည့်နေချင်သွားတော့တယ်။ အဲဒီမျက်နှာလေးကို ငါ စွဲလမ်းသွားတယ် ဆိုပါစို့။ ဘီးဆံထုံးနဲ့ နော်။ ရှေ့က ဆံယဉ်စကလေးတွေနဲ့၊ ဘေးမှာ ဆံမြိတ်နဲ့၊ လည်ပင်းမှာ လည်ကပ်ဆွဲကြိုး အဆင့်ဆင့်နဲ့၊ မင်းသမီးကလေးတစ်ပါးပေါ့။ အိပ်မက်ထဲက မင်းသမီးလေးပေါ့။ အပြင်လောကမှာ တကယ်မရှိနိုင်ဘူးလို့ လက်ခံထားရတဲ့ မင်းသမီးကလေးပေါ့။ အိပ်မက်ထဲကလွဲပြီး ဘယ်မှာမှ သူ့ကို တွေ့ခွင့်ရမှာမဟုတ်ဘူးဆိုတာ သေချာနေတဲ့ မင်းသမီးလေး တစ်ပါးပေါ့။ အဲဒီစိတ်မျိုးနဲ့ ဌေးဌေးမြင့်ကို ငါ စွဲလမ်းခဲ့တယ်။ သူ့ကို စကားပြောချင်တာလည်း မဟုတ်ဘူးနော်၊ ပိုင်ဆိုင်ချင်တာလည်း မဟုတ်ဘူး။ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ အလှအပကလေးတစ်ခုကို ချီးကျူးငေးမောချင်တဲ့ ခံစားချက်မျိုး ငါရခဲ့တယ်"

သူ ခဏခဏပြောဖူးသည့် အငြိမ့်တွေ၊ ပွဲတွေ အကြောင်းတွင် လမင်းတရာအငြိမ့် ပါရဲ့လားဟု ကျွန်မ ပြန်စဉ်းစားကြည့်မိ၏။ ဇဝေဇဝါ ဖြစ်နေသည်။ သူ့အသက် အစိတ်အရွယ် ကျွန်မနှင့် တွေ့ချိန်အထိ သူ ကြည့်ခဲ့ပါသည်ဆိုသော အငြိမ့်တွေထဲမှာ ဤနာမည်မပါဘူးဟု ထင်သည်။ သို့မဟုတ် ကျွန်မကပဲ မမှတ်မိနိုင်တာလား မသိ။ ကျွန်မက အငြိမ့်ပွဲတွေနှင့် ဝေးလှသည်။

"ဘယ်လောက်ထိ အိပ်မက်ဆန်လိုက်သလဲဆိုရင် ဌေးဌေးမြင့်ကို ငါ မင်းသမီးဝတ်နဲ့ပဲ ကြည့်ချင်တယ်။ လူဝတ်နဲ့ မကြည့်ချင်ဘူး။ အရပ်ဝတ်နဲ့ မကြည့်ချင်ဘူး။ သူ မင်းသမီးကလေးအဖြစ် က,နေ ဆိုနေတဲ့ အချိန်မှာ ငါ စင်အောက်ကနေ တမေ့တမော ငေးကြည့်ကျေနပ်နေခဲ့ပေမယ့် ပြဇာတ်တို့၊ ဘာတို့မှာ အရပ်ဝတ်နဲ့ သရုပ်ဆောင်တော့မယ်ဆိုရင် ငါပြန်လာခဲ့တာပဲ။ ဆက်မကြည့်တော့ဘူး။ သူ့ကို ငါက မင်းသမီးအဖြစ်ပဲ

ခွဲလမ်းချင်တာကိုးကွ။ ဆံထုံးရယ်၊ ဆံမြိတ်ရယ်၊ ပန်းရယ်၊ ပဝါလေးရယ်၊ ခါးတောင်အင်္ကျီလေးရယ်၊ လည်ပင်းမနိမ့်တဲ့ ရင်ခံ ရင်စည်းပေါ်က ဘော်ကြယ်ပွင့်ပန်းကလေးတွေရယ်၊ လည်ပင်းမှာကပ်နေတဲ့ လှုပ်လှုပ်လှုပ်လှုပ်နဲ့ တောက်ပနေတဲ့ လည်ကပ်အဆင့်ဆင့် လည်ဆွဲအဆင့်ဆင့်တွေရယ်၊ ထဘီနားခတ်လိုက်တဲ့ အလှလေးရယ်၊ တစ်ခါတစ်ခါမှာ က,ရင်းနဲ့ လှစ်ခနဲပေါ်သွားတဲ့ ခြေအိတ်ဝတ်ထားတဲ့ ခြေမျက်စိအထက်က ခြေသလုံးလေးတွေရယ် ... အဲဒါလေးတွေကိုပဲ ငါ မြင်ချင်တာ။ သူ ပန်ထွာဘုရင်မအဖြစ် သရုပ်ဆောင်တဲ့အခါ လက်သီးလေးဆုပ်ပြီး ခြေတစ်ချက်ဆောင့် ကြွေးကြော်လိုက်ရင် အို ... သိပ်ကြည့်လို့ကောင်းတဲ့ အလှကိုးကွ။ တော်တော်ကို အနုပညာမြောက်တဲ့ အလှပါပဲကွာ"

ကျွန်မ ပြုံးရမလား၊ မဲ့ရမလား မသိနိုင်တော့ပါ။ သည်လောက်ကတော့ လွန်လွန်းသည်ဟု အပြစ်တင်ရမလား၊ စိတ်ကူးယဉ်တတ်လှချည့်ဟု စွပ်စွဲရမလား မသိတော့ပါ။

"ငါ မှတ်မိသေးတယ်။ သူဆိုနေကျ သီချင်းက လေဘာတီမပြရင်ရဲ့ ရွှေပြည်စိုးကွ။ သူ့အသံက သိပ်ကောင်းလှတယ်လည်း မဟုတ်ဘူး။ ခပ်တိမ်တိမ် ပြာပြာအက်အက်ကလေး။ ဒါပေမဲ့ သိပ်နားထောင်လို့ကောင်းတယ်။ အမူအရာကလည်း တော်တော်သိမ်မွေ့တယ်။ ဘာအမူအရာပဲလုပ်လုပ် သူက မသိမသာလေး။ တို့ခေတ်က ဗွီဒီယိုတွေမပေါ်သေးတော့ စင်ပေါ်က မင်းသမီးဟာ အဝေးက ပရိသတ်ကို ဆွဲဆောင်ဖို့ အမူအရာ တော်တော်ပိုကြရတယ်ကွ။ မျက်လုံး၊ နှုတ်ခမ်း ပြုံးတာမဲ့တာ စောင်းတာချိတ်တာပေါ့ကွာ။ ဟိုသီချင်းကွာ ... ဟိုသီချင်းဆိုတဲ့အခါမျိုး။ ဘာတဲ့ ... စံရှားတင်ဆိုတဲ့ သီချင်းလား မသိပါဘူးကွာ။ ပွဲပြီးလို့ အချိန်တန် အိမ်အပြန် လိုက်ပို့ရမယ့် အစ်ကို ... ဆိုတဲ့ သီချင်းလေ"

သူ့အသံ အက်ကွဲကွဲဖြင့် စားပွဲကို စည်းချက်လိုက်ကာ သီချင်း ညည်းသံ ကြားရသည်။ ဒါဆိုရင် သူခြောက်ဘူးလောက်ဝော့ ကုန်နေပြီဟု ကျွန်မ ခန့်မှန်းမိသည်။ ဤအသံသည် ဘီယာမူးလာချိန်တွင် ပြောတတ်ဆိုတတ်သည့် လေးတွဲတွဲအသံမျိုး ဖြစ်လေသည်။

"အဲ ... အဲဒီနေရာမျိုးမှာ သူက မျက်စောင်းချိတ်တာ၊ မူတာ၊ နွဲ့တာက မသိမသာကလေး။ လုံးဝကို မသိမသာကလေးကွာ။ ရင်ထဲမှာ သိမ့်သိမ့်ငြိမ့်ငြိမ့်လေး ခံစားရရုံလေး။ အဲဒီခံစားချက်က သိပ်ကြည်နူးစရာကောင်းတယ်။ ဘာပူလောင်မှုမှ မပါဘူး။ အိပ်မက်ထဲမှာ အိပ်မက်မှန်းသိသိ ကြည်နူးနေတဲ့ ခံစားချက်မျိုး။ အိပ်မက်နိုးသွားရင် ဒီမင်းသမီးလေး ပျောက်သွားမှာဆိုတဲ့အသိကို သိပေမဲ့ လိုချင်လောဘလည်း မရှိ၊ ကိုယ်နဲ့မဆိုင်တဲ့ မပတ်သက်တဲ့ အလှတစ်ခုကို အလှအဖြစ် စောင့်ကြည့်ပြီး ကျေနပ်နေတဲ့ ခံစားချက်မျိုးကွ၊ တော်တော်သိမ်မွေ့တဲ့ ခံစားချက်လို့ ပြောရမယ်၊ အဲ ... အဲဒီရဲ့ နောက်မှာ ထပ်ကြုံရတဲ့ မိန်းမတွေကတော့ တစ်မျိုးပေါ့ကွာ၊ နောက်ထပ် အမျိုးမျိုးပေါ့၊ ဟား ... ဟား"

ထိုညက ကျွန်မနှင့်သူ သားသမီးတွေ မသိအောင်ကျိတ်ပြီး ရန်ဖြစ်ကြရသည်။ အံ့ဩတုန်လှုပ်စိတ်၊ အားငယ်စိတ်၊ မခံချင်စိတ်၊ နာကြည်းမုန်းတီးစိတ်တို့ဖြင့် ကျွန်မ အိမ်မှထွက်ခွာသွားရန် ပြင်ဆင်မိ၏။

"ဒီအရွယ်ကြီးရောက်မှ ကလေးမဆန်ချင်စမ်းပါနဲ့ ညီုရာ"

"မဟုတ်ဘူး ... မဟုတ်ဘူး။ လောလောဆယ် ကျွန်မ ဒီမှာ ဘယ်လိုမှ ဆက်နေလို့မဖြစ်လို့ပါ၊ ကျွန်မ တစ်ခုခုဖြစ်သွားတာတော့ အမှန်ပဲ၊ အဲဒီခံစားမှုက ဘာမှန်းမသိဘူး၊ ဘယ်လောက်ကြာဦးမလဲ ဆိုတာလည်း ကျွန်မ မသိဘူး၊ အချိန်တန်ရင်တော့ ပြေသွားမယ် ထင်ပါရဲ့၊ အခုတော့ ကျွန်မ သွားပါရစေ"

သူက စိုးရိမ်မှုတစ်ဝက်၊ ဒေါသတစ်ဝက်နှင့် ကျွန်မကို လက်ဆွဲ

ကိုင်ရန် ဟန်ပြင်သည်။

"မထိပါနဲ့ ... ကျွန်မကို မထိနဲ့၊ မလိုဘူး၊ အဲဒါ မလိုအပ်ဘူးနော်၊ အဲလိုချော့လို့လည်း ဘာမှထူးခြားမှာမဟုတ်ဘူး၊ ကျွန်မကို လွှတ်ပေးလိုက်ပါ၊ မိဘတွေဆီ ခဏပြန်သလို ပြန်သွားချင်တယ်၊ သားတို့လည်း မသိပါစေနဲ့၊ ဒီကိစ္စက ရှက်စရာကြီး၊ ကျွန်မစိတ်တွေ ငြိမ်သွားရင် ပြန်လာပါ့မယ်"

စိတ်ပြေဖို့ ဘယ်လောက်ကြာမှာလဲဟု သူမေးတော့ ကျွန်မ မဖြေတတ်ခဲ့ပါ။ တစ်လ ကြာချင်ကြာမည်၊ တစ်နှစ် ကြာချင်ကြာမည်။ တစ်သက်လုံးတော့ ကြာမည်မဟုတ်ဟု မျှော်လင့်ရပါသည်။ နောက်တော့ သူက နှစ်ယောက်လုံး အဆင်ပြေအောင် သူပဲ ခဏထွက်သွားပါမည်ဟု ဆို၏။ သမီးစာမေးပွဲတွေမှာ ကျွန်မ မရှိလို့ မဖြစ်ဘူးဟု သူ ဆုံးဖြတ်ပါသည်။ သူကတော့ တခြားတစ်နေရာရာမှ ရုံးတက်လျှင် ဖြစ်နိုင်သည်ဟု ဆိုသည်။ သည်လိုနှင့် နောက်တစ်နေ့ နံနက်တွင် သူ ထွက်ခွာသွားသည်။ မိတ်ဆွေတစ်ယောက်ယောက်၏ အိမ်ကို ခဏသွားစောင့်ပေးရမလိုလို သားသမီးများကို အကြောင်းပြ၏။ သားတို့၊ သမီးတို့က ယုံကြည်ဟန်တူသည်။ သို့မဟုတ် ဟန်ဆောင်ကောင်းကြသည်။ ဣန္ဒြေမပျက်ပါ။

ဣန္ဒြေပျက်ရသည်က ကျွန်မသာဖြစ်သည်။ ကျွန်မ၏ ထူးဆန်းသော ခံစားမှုကို နှစ်ရက်နှင့် မျိုသိပ်ပစ်နိုင်ခဲ့သည်။ သို့သော် သူ့ခေါင်းလောင်းကလေးများ၏ အသံကို မကြားရတာ ကာလတော်တော်ကြာခဲ့ပြီ။

*

ယောကျ်ားတို့၏စိတ်သဘာဝနှင့် မိန်းမတို့၏ စိတ်သဘာဝ မတူညီကြောင်း ကျွန်မ သိသားပဲ။ သို့သော် သူ့ကို ကျွန်မ ဘယ်လိုမှ

ကိုယ်ချင်းမစာပေးနိုင်တာကို သူ နားလည်လိမ့်မည်ထင်သည်။ ကျွန်မ တို့မှာက သူတို့လို အမျိုးမျိုးသော ခံစားချက်တို့ကို အတွေ့အကြုံရဖို့ မဖြစ်နိုင်။ သဘာဝတရားကလည်း မပေး။ ကျွန်မတို့၏ ဇီဝရုပ် တည် ဆောက်ပုံအရရော၊ စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုအရရော ဘယ်လိုမှ မဖြစ် နိုင်။ ရသနှင့်ပတ်သက်၍ သူတို့လောက် ခွဲခြမ်းစိတ်ဖြာ မမြင်တတ်၊ မခံစားတတ်တာတော့ သေချာသည်။ ကျွန်မတို့ကိုက ထုံထိုင်းအ,န လှသောကြောင့်လား၊ ဉာဏ်ရည်ကို အသုံးချဖို့ အတွေ့အကြုံ စုဆောင်း ဖို့ အခွင့်အရေးကို မရတာလား ကျွန်မ မသိနိုင်ပါ။ သူတို့မှာတော့ အခွင့်အရေးတွေ များလှသည်။ ထို့ကြောင့် ကျွန်မတို့မိန်းမများကို သူတို့က 'အူတိုသည့်အမျိုးတွေ' ဟု အထက်စီးက စွပ်စွဲခွင့်ကို ရနေခြင်း ဖြစ်သည်။ အမှန်ကတော့ ကျွန်မတို့မှာ အဲသည်ပြဿနာမျိုးကို ဖြေရှင်းဖို့ 'မနာလိုဝန်တိုခြင်း' ဟူသော ထွက်ပေါက်တစ်ခုသာ ရှိသည်မဟုတ်လား။ တခြား ဘာထွက်ပေါက်များရှိလို့လဲ။ ဘာထွက်ပေါက်ကိုများ သဘာဝ တရားက ပေးအပ်ထားလို့လဲ။ ဘာအခွင့်အရေးတွေများ လူမှုအဆောက် အအုံက ပေးအပ်ထားလို့လဲ။ သည်တစ်ခုပဲ ပေးထားသည်။ သည်တစ်ခု ပဲ ကျွန်မတို့မှာ ရှိသည်။

သို့သော် ကံဆိုးရှားစွာပင် ကျွန်မတို့၏ မနာလို ဝန်တိုခြင်းကို သက်တမ်းမရှည်စေရန် ပယ်ဖျက်ပေးမည့် မိသားစုအရေးအခင်းများ လည်း ကျွန်မတို့မှာ များစွာရှိသေးသည်။ ထိုအရေးအခင်းများကြောင့်ပဲ ကျွန်မတို့သည် သူတို့ရှေ့မှောက်မှာ အရှုံးပေးကြရသည့် သာဓကတွေ များလှပြီ။ အရှုံးပေးခြင်းသည် အပြေအလည် ကျေအေးခြင်း မဟုတ်၊ ခွင့်လွှတ်ခြင်းလည်း မဟုတ်။ သို့သော် ၎င်းခံစားမှုကို ဘယ်သူမှ မသိ အောင် ကျွန်မတို့၏ ရင်တွင်းတစ်နေရာရာတွင် ရာသက်ပန် သိုဝှက် သိမ်းဆည်းထားလိုက်ကြပြီဖြစ်သည်။ ယောကျ်ားတစ်ယောက်မှာ

လှျို့ဝှက်ထားသည့် အတိတ်အဖြစ်အပျက်တွေ များလေလေ သူ့ဇနီး၏ ရင်မှာ သိမ်းဆည်းဖုံးကွယ်ပစ်ရသည့် လှျို့ဝှက်ချက်တွေ များလေလေ ဖြစ်သည်။ ဒါမထူးဆန်းပါ။ သည်အတွက် ကျွန်မတို့ မကြာခင်မှာပင် နေသားကျသွားလေ့ရှိပါသည်။ ဤလှျို့ဝှက်ချက်ဖြင့် ကျွန်မ မကြာခင်မှာ နေသားကျသွားမည်ဆိုတာလည်း သူ သိပါလိမ့်မည်။ ဇနီးအကြောင်း လောကတွင် အသိဆုံးပုဂ္ဂိုလ်မှာ လင်ယောကျ်ားပဲ ဖြစ်သည်မဟုတ်လား။ ထို့ကြောင့် သူ ကျွန်မကို ခန့်မှန်းနိုင်ပါလိမ့်မည်။ သူ မကြာခင်မှာ ပြန်လာတော့မည်။ ခေါင်းလောင်းသံများကို တစ်ရက်ရက်မှာ ဖြုန်းခနဲ ကျွန်မ ကြားရလိမ့်မည်။

သူ့ခေါင်းလောင်းအမျိုးအစားများ၏ အသံအမျိုးမျိုးကို ခွဲခြား ခံစားနိုင်စွမ်းမရှိခြင်းသည် ကျွန်မအတွက် အရေးမကြီးပါ။ သူပြန်လာလျှင် နောက်ထပ်ခေါင်းလောင်းတစ်ခု ပါလာဦးမလားဟူသည့် ပူပန်သောကသည်ပင် ကျွန်မအတွက် အရေးမကြီးပါ။ များပြားနေပြီ ဖြစ်သော ခေါင်းလောင်းကလေးများထဲတွင် နောက်ထပ် ခေါင်းလောင်းတစ်ခု တိုးခြင်း မတိုးခြင်းသည်လည်း ရေးကြီးခွင့်ကျယ်ကိစ္စ မဟုတ်ပါ။ ဤကြေးခေါင်းလောင်းကလေးများ၏ အသံသည် လျှပ်စစ်ဘဲလ်၏ မြည်သံထက်တော့ သိမ်မွေ့စွာ၊ တိုးတိတ်စွာ၊ ကြွေ့ရွစွာ သာယာလှသည် မဟုတ်လား။ ထိုကြွေ့ရွသည် ခေါင်းလောင်းသံကလေးများ၏ အလှ ဖြစ်သည် မဟုတ်လား။ ထို့ကြောင့် အရေးကြီးသည်က ခေါင်းလောင်းသံများ တစ်ပြိုင်တည်း မြည်လာဖို့ပဲ ဖြစ်သည်။

မကြာခင် တစ်ရက်ရက်မှာ ခေါင်းလောင်းသံများ မြည်လာ လိမ့်မည်။ ထိုတစ်ရက်ရက်သည် သည်ကနေ့ ဖြစ်နိုင်ပါသည်။

**အက္ခရာစင်စာပေ ဝတ္ထုတိုစု၊ ချယ်ရီမဂ္ဂဇင်း၊ အမှတ်(၃၆)၊ ဇန်နဝါရီ၊ ၁၉၉၈**

❑

## ရွက်လှေများ

■ ဂျူး

တကယ်တော့လည်း ကျွန်မတို့ လူ့ဘဝဆိုတာ ကမ်းမမြင် လမ်းမမြင်သည့် ပင်လယ်သမုဒ္ဒရာပြင်ကျယ်ကြီးမှာ ကိုယ်တိုင် ထိန်းချုပ် ပဲ့ကိုင်သော ရွက်လှေတစ်စင်းစီဖြင့် ခရီးနှင်နေကြရခြင်းပဲ မဟုတ်လား။

*

ဟိုးငယ်ငယ် ကလေးဘဝအရွယ်တုန်းကတော့ ရေပြင်ကို မြင်လျှင် လှေလွှတ်ချင်စိတ်တွေပဲ ရှိခဲ့၏။

ကျွန်မငယ်စဉ်က ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းမှ ရွာကြီးတစ်ရွာတွင် ခေတ္တသွားရောက်နေထိုင်ခဲ့ရဖူးသည်။ ခြံဝင်းကြီးမှ အကျယ်ကြီး။ စတုရန်းပေပေါင်း နှစ်သောင်းလောက်တော့ ရှိမည် ထင်သည်။ အဲသည်ခြံကြီး၏ ပတ်ပတ်လည်မှာ မြင့်မား၍ အရွက်စိပ်သော မန်ကျည်းပင်များ စီတန်း၍ ရှိနေသေးသည်။ ခြံရှေ့က သုံးပေလောက်ကျယ်သော ရေမြောင်းသည် နွေရာသီမှာ ရေမစီးသော်လည်း မိုးရာသီနှင့် မြောင်းရေလွှတ်သည့် ကာလများတွင် ဒူးဆစ်ထိမြင့်သော ရေဖြင့် ချောင်းကလေးတစ်ခုအဖြစ် စီးဆင်းနေကျ ဖြစ်သည်။

အိမ်ခြံဝင်းတံခါးပေါက်နှင့် ရှေ့မှ တာလမ်းကို ဆက်သွယ်ထားသော သစ်လုံးခင်း တံတားပြင်ကလည်း တော်တော်ကျယ်သည်။ ထိုတံတားပြင်ပေါ်မှာ ရေမြောင်းထဲသို့ ခြေချ၍ထိုင်သည့်အခါ ရေက ကျွန်မ၏ ခြေမျက်စိထိ နစ်နေလေ့ရှိသည်။ တစ်ခါတစ်ခါ မြောင်းကြီးမှ ရေလွှတ်များသည့်အချိန် တံတားသစ်လုံး၏ အစပ်ထိပင် ရေမြင့်သည့်အခါ ကျွန်မခြေသလုံး အပေါ်ပိုင်းအထိ ရေမြုပ်တတ်၏။ ရေစီး၏ တိုးတိုက်မှုကို အဆန်းတကြယ်ခံယူရင်း ကျွန်မ အမြဲ စိတ်ကူးပေါ်လေ့ရှိသည်က စက္ကူလှေလုပ်ဖို့။

စက္ကူလှေသည် ကလေးတိုင်း လုပ်ဖူးနေကျ လက်မှုအနုပညာဖြစ်သလို စက္ကူလှေလွှတ်ခြင်းသည် ကလေးတိုင်း ဆော့ကစားဖူးနေကျ ကစားနည်းဖြစ်လိမ့်မည်။ စက္ကူလှေကို ချိုးသည့်အခါ ရိုးရိုးစင်းစင်း စက္ကူလှေနှင့် တက်မ,ပါသော စက္ကူလှေရယ်လို့ နှစ်မျိုးရှိ၏။ ကျွန်မကတော့ ရိုးရိုးစင်းစင်း စက္ကူလှေကလေးသာ ချိုးတတ်သည်။

ထိုစက္ကူလှေကလေးကို မြောင်းငဲရထဲတွင် ကျွန်မ ချလိုက်လျှင် လှေကလေးသည် ရေစီးအတိုင်း လျင်မြန်စွာ ပြေးလေသည်။ ထိုလှေကလေး မျက်စိအောက်မှ ပျောက်သွားသည်အထိ (ကိုယ့်ခြံဝင်းရှေ့မှ ရေမြောင်းထဲမှာ အနှောင့်အယှက်မရှိ တစ်ဖက်ခြံ ကျော်သည်အထိ) တရွေ့ရွေ့ ရွက်လွှင့်သွားတာကို မြင်ရလျှင် ဘယ်လိုပျော်မှန်းမသိ ပျော်မိ၏။ ထိုလှေကလေး တာလွှတ်ပြီး ဘယ်လောက်မှ မကြာခင် ဟိုငြိသည်ငြိငြိပြီး ကမ်းစပ်မှာ သောင်တင်နေလျှင် တုတ်ချောင်းကလေးဖြင့် ထိုးကော်ကာ ထပ်သွားစေဖို့ ကြိုးစားမိသေး၏။ တကယ်တော့လည်း ငြိပြီးလဲပြိုနစ်စဉ်ကတည်းက စက္ကူက ရေစိုစွတ်ပြီးပြီ။ ဤလှေသည် ပြန်လည်ထောင်မတ်ပြီး ခရီးနှင်ဖို့ဆိုတာ သိပ်မဖြစ်နိုင်ပေ။ ရေစိုချပ်ပြားကလေးအဖြစ် တုံးလုံးပက်လက်လဲရင်း မျောဖို့သာ ရှိတော့သည်။

အဲသည်တုန်းက စက္ကူလှေကလေးတစ်စင်း နစ်နေပြီဆိုလျှင် နောက်စက္ကူတစ်ရွက် ဖြုတ်ပြီး အလျှင်အမြန် နောက်တစ်စင်း ချိုးနိုင်၏။ ရေမှာချပြီး လွှတ်နိုင်သေး၏။ ဒါကြောင့်လည်း ကလေးဘဝဟာ ပျော်စရာကောင်းခဲ့ခြင်း ဖြစ်မှာပေါ့။

အသက်နည်းနည်းပိုကြီးလာလို့ ပန်းချီရေးဆွဲဖို့ ဝါသနာပါလာသောအခါမှာလည်း ကျွန်မသည် ရေပြင်ကိုရေးဆွဲတိုင်း လှေတစ်စင်းထည့်ဖို့ ကြိုးစားလာခဲ့သည်။ ဘာ့ကြောင့်လဲတော့ မသိ။ ရေပြင်ဆိုတာ လှေကလေးရှိနေမှ ပြည့်စုံသည်ဟု ထင်ခဲ့ပုံရသည်။ ဆွဲလိုက်သည့် လှေကလည်း ရွက်လှေဖြစ်တတ်သည်။ ရွက်တိုင်မှာ အဝတ်စကို ရွက်လွှင့်ထားသည့် မြန်မာဆန်ဆန်ရွက်လှေလား၊ ပြိုင်ပွဲဝင် ရွက်လှေပေါ့ပေါ့ကလေးတွေလား ကျွန်မ မမှတ်မိပါ။ လေ၏ ထိန်းကျောင်းမှုအောက်မှာ ကိုယ့်လှေကို ကိုယ်သွားလိုရာသို့ ပဲ့ကိုင်ပြီး ခရီးနှင်နိုင်သည့် ဘဝမျိုးကတော့ တော်တော်အားကျစရာကောင်းလှသည်။

တကယ့်လက်တွေ့မှာတော့ ကျွန်မ လှေမစီးရဲပါ။

မြစ်ပြင်ကျယ်မှာ လှေဖြင့် စုန်ဆန်သွားလာနေကြသူများကို အားကျပါရဲ့။ သူတို့နေရာမှာ ကိုယ်က စိတ်ကူးဖြင့် ဝင်ရသည်က တော်တော်ကျေနပ်ဖို့ ကောင်းသည်။ တကယ်ကိုယ်တိုင် လှေပေါ်မှာ လိုက်ပါစီးနင်းဖို့၊ ထို့ထက်ပို၍ ထိုလှေကို ပဲ့ကိုင်လှော်ခတ်ဖို့၊ ရွက်လွှင့်ဖို့ ဆိုတာ ဘယ်လိုမှ သတ္တိမွေးယူလို့မရသည့် အဖြစ်တွေ။ ဘာကြောင့်လဲ ဆိုတော့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်လို့ပေါ့။ ကိုယ့်အစွမ်းသတ္တိကိုလည်း ကိုယ်မယုံ။ ကျွန်မက ရေလည်း မကူးတတ်ဘူးလေ။ ကံကြမ္မာဆိုတာကိုလည်း မယုံ။ ကိုယ့်ရွက်လှေကို လေထန်သည့် မုန်တိုင်းက ဆွဲနှစ်ပစ်မှာလည်း ပူပင်ရသေးသည်။ ဒါကြောင့် လှေမှန်သမျှ၊ ရေမှန်သမျှကို ဘေးမှကြည့်ပြီး အားကျရုံပဲ သာယာခဲ့မိ၏။ ကိုယ်တိုင်ပါဝင်ဖို့ ဘယ်တုန်း

ကမှ စိတ်ကူးခဲ့သည် မဟုတ်။

သို့သော် ကျွန်မ မတွေးမိသည့်အချက်မှာ ကျွန်မသည် ဘဝ၏ ကိုယ်ပိုင်ရွက်လှေဖြင့် ခရီးနှင်နေခဲ့ပြီးပြီဆိုတာပဲ။

ကျွန်မ၏ရွက်လှေက ဘယ်လောက်ခိုင်ခံ့သလဲ၊ ဘယ်လောက် လုံခြုံသလဲ ကျွန်မ မသိ။ ဘယ်သူမှလည်း မသိ။ ကိုယ့်လှေကို လှပ အောင်၊ ဆွဲဆောင်မှုရှိအောင် ကျွန်မတို့ဆေးခြယ်ရင်း အောင်မြင်ခဲ့သူတွေ ရှိမည်။ မအောင်မြင်ခဲ့သူတွေလည်း ရှိမည်။ လှပနိုင်သူ သစ်လွင်နိုင်သူ တို့က ဂုဏ်ယူစွာ ရွက်လွှင့်နေချိန်တွင် မအောင်မြင်သူတွေက အစုတ်အပြဲ အဖာအထေးရွက်တို့ဖြင့် မွဲနွမ်းသောလှေ ကိုယ်ထည်ဖြင့် နာနာကြည်း ကြည်း ရွက်လွှင့်နေကြလိမ့်မည်။ ကိုယ့်လှေကိုယ် ခိုင်ခံ့သည်ထက် ခိုင်ခံ့ အောင်၊ တာရှည်ခံသည်ထက်ခံအောင် ကြိုးစားပြင်ဆင်လိုသူတွေလည်း ရှိမည်။ ကံစီမံရာပဲဟု ကံကြမ္မာအပေါ် ယုံပြီး ပုံအပ်ထားသူတွေလည်း ရှိမည်။ မုန်တိုင်းဇဟိုနှင့် နီးသူတွေ ရှိမည်၊ အဖျားအနားပဲ ထိသူတွေ ရှိမည်။ အချိန်မတိုင်မီ နစ်သူတွေရှိမည်။ (အချိန်တိုင်ခြင်း၊ မတိုင်ခြင်း ကိုရော ဘယ်သူက ဆုံးဖြတ်ပေးမလဲ)

ကျွန်မတို့ ခရီးနှင်ရာ၏ အဆုံးပန်းတိုင်က ဘာလဲ။ အမှန်အတိုင်း ပြောရလျှင် ကျွန်မ မသိပါ။ နစ်မြုပ်ခြင်းသည် ခရီးဆုံးလား၊ မနစ်မြုပ်ဘဲ ခရီးဆက်ခွင့်သာ ရခဲ့လျှင် ဟိုဘက်မှာ ဘာရှိသလဲ၊ ဘာကို မျှော်လင့်ပြီး ကျွန်မတို့ ရွက်လွှင့်နေကြတာလဲ။ မေတ္တာတရားအတွက်လား၊ မြတ်ဗုဒ္ဓ၏ တရားအတွက်လား၊ ဒါမှမဟုတ် နိဗ္ဗာန်ဟု စကားအရသာသိပြီး တကယ် လက်တွေ့ ကျွန်မ မသိမြင်နိုင်သော စိတ်အခြေအနေတစ်ခုဆီသို့လား၊ သီးသန့်နေရာတစ်ခုဆီသို့လား။

ရှေ့ဒ်စတူးဝပ်၏ ရွက်လွှင့်ခြင်းကို နားထောင်ရစဉ်ကတော့ ဦးတည်ရာရှိသူ၏ ရွက်လွှင့်ခြင်းတစ်ခုအပေါ် အားကျပြီး မုဒိတာ

ပွားခဲ့ရဖူးသည်။ ဘုရားသခင်နှင့် နီးရာ၊ အရှင်သခင်ရှိရာ အရပ်ဆီသို့ သူ ဦးတည်၍ ရွက်လွှင့်နေခြင်း ဖြစ်နိုင်သည်။ ဘယ်လောက် အဓိပ္ပာယ်ရှိလိုက်တဲ့ဘဝ ဖြစ်မလဲ။

ကျွန်မကရော ဘယ်ကိုဦးတည်ပြီး ရွက်လွှင့်နေခဲ့ပါသလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ကြည့်သောအခါ ကျွန်မ တော်တော်လန့်သွားသည်။ ဘာကို ဦးတည်မှန်းသာ မသိပေမဲ့ ခရီးကတော့ အတော်ပေါက်ခဲ့ပြီးလေပြီ။ ကျွန်မ၏ ရွက်လှေပေါ်မှာလည်း လိုချင်၍ သယ်ယူခဲ့သော ပျော်ရွှင်မှုများ၊ မလိုချင်ပါဘဲနှင့် လက်ခံယူခဲ့ရသည့် အမှားများ၊ လွှင့်ပစ်လို့ရလျှင် ချက်ချင်း လွှင့်ပစ်လိုက်ချင်သော နောင်တများ စသည်ဖြင့် ကုန်စည်ပစ္စည်းများလည်း အသင့်အတင့် စုံခဲ့ပြီ။

ကျွန်မ ဘယ်ကိုရောက်မှာလဲ ဆိုတာကိုလည်း သိချင်လာပြီ။ မုန်တိုင်းကြောင့် သို့မဟုတ် ကျွန်မ၏ ပဲ့ကိုင်ထိန်းချုပ်ခြင်း အတတ်ညံ့ဖျင်းမှုကြောင့် လှေကလေး နစ်သွားလေမလားဟုလည်း စိုးရိမ်ပူပန်လှပြီ။ ဘယ်သူကမှ အာမခံပေးလို့မရသည့် ဟောသည် သမုဒ္ဒရာပြင်ကျယ်ကြီးထဲမှာ 'မင်းရဲ့လှေ ဘာမှဖြစ်မှာ မဟုတ်ပါဘူး' ဟူသော ဖျောင်းဖျနှစ်သိမ့်အားပေးမှုကိုလည်း တစ်ဖက်က ကြားချင်နေပြန်သည်။

ကိုယ်တောင် ဘယ်အချိန်နစ်မလဲဟု မသိနိုင်သည့် ခရီးမှာ သူများလှေတွေ နစ်လုမတတ်ဖြစ်တာ နစ်သွားတာတွေကို သူရဲကောင်းဆန်ဆန်ကယ်တင်နိုင်လေမလားဟုလည်း ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ခဲ့မိပြီးပြီ။ ကိုယ့်လှေ ခိုင်ခံ့အောင်၊ လုံခြုံအောင် ပြုပြင်တည်ဆောက်မည့်အစားအပေါ်ယံ ဆေးခြယ်မှုကို ပို၍ ဦးစားပေးခဲ့မိသည့်ကာလကလည်း တော်တော်ရှည်ကြာခဲ့ပြီ။

ရှေ့ဆက်ပြီး ကျွန်မ၏လှေ ခိုင်ခံ့ဖို့သာ ကြိုးစားရတော့မည်။ အချိန်တော့ နောက်မကျသေးဘူးဟု မျှော်လင့်ရပါသည်။

ကျွန်မ၏လှေထဲမှာ သယ်ယူခဲ့သည့် ပျော်ရွှင်ခြင်းဆိုတာတွေက အခုအချိန်မှာ ပြန်လည်သုံးလို့မရတော့သည့် တစ်ခါသုံးပစ္စည်းတွေ၊ စွန့်ပစ်အမှိုက်တွေသာ ဖြစ်တော့သည်။ လူ့ဘဝမှာ တကယ်လိုအပ်သည်က ပျော်ရွှင်ခြင်းမဟုတ်၊ သတိသာဖြစ်သည်ဟု ကျွန်မ တွေးတောစပြုလာပြီ။

ကျွန်မက ကျွန်မလိုအပ်သည့်အရာမှာ ပျော်ရွှင်မှုဟု ထင်ခဲ့ဖူး၏။ ငွေကြေးဥစ္စာဟု ထင်ခဲ့ဖူး၏။ အောင်မြင်ကျော်ကြားမှုဟု ထင်ခဲ့ဖူး၏။ အဲဒါတွေကို ရမှဖြစ်မည်ဟု ထင်ကာ မနိုင်မနင်း သယ်ယူခဲ့ပြီးပြီ။ ကျွန်မ လိုအပ်တာ ဒါမဟုတ်ဘူးဟု သိသလိုလို ရှိလာချိန်မှာ ဒါတွေကို လွှင့်ပစ်ဖို့လည်း မဖြစ်နိုင်။ အဲသည်အရာတွေနှင့် ကျွန်မက တော်တော်ကြီး ပေါင်းစပ်ငြိတွယ်နေခဲ့ပြီးပြီ မဟုတ်လား။ လှေကလေး ပေါ့အောင် ကိုယ်ထိန်းသိမ်းတိုင်း လိုရာရောက်အောင်က အဲဒါတွေကို ပစ်ချခဲ့မှ ရမည်ထင်ပါရဲ့။

အခုတော့ ကျွန်မ ရွက်လည်း လွှင့်နေဆဲ။ လေးလံသော အပိုပစ္စည်းများကိုလည်း လွှင့်ပစ်ဖို့ကြံရွယ်ရင်း တွယ်ဖက်နေဆဲ။ လှေကလေး နိုင်ခံ့ဖို့ ပြုပြင်တည်ဆောက်မှုဖြစ်မည်ဟူသော အသိတရားကလေး ရေးရေးပေါ်လာပြန်တော့ အလုပ်စတင်ဖို့ တွန့်ဆုတ်နေဆဲ။

အဲသည်လိုနှင့် သည်လှေ၏ သက်တမ်းက လှေတစ်စင်း၏ ယေဘုယျ သက်တမ်းထက်ဝက်ပင် ကျော်ခဲ့ပြီ။ ရှေ့မှာ ခရီးက မိုင်ပေါင်းများစွာ ရေပြင်ကြီး ... ဘာကမ်း၊ ဘာသောင်မှ မမြင်ရသေးသည့် ရေပြင်ကျယ်ကြီး။ သည်လှေနှင့် သည်ခရီး မျှတပါရဲ့လား ကျွန်မ မသိ။

ကျွန်မ ဘာမျှမသိပါ။

ရန်ကုန်ရွက်လှေအသင်း၊ စိန်ရတုမဂ္ဂဇင်း၊ မေ၊ ၁၉၉၉

❑

## မက္ကဆီကန်အလံအသီးသုပ်

■ ချူး

ပထမဆုံးသော ခေါင်းလောင်းသံကို ကြားရသည့်အချိန်တွင် ကျွန်မက ပုစွန်တွေကို ကျော်ခွဲနေတုန်း၊ အိပ်ခန်းထဲမှာ တံခါးပိတ်ထားခံရသော ကျွန်မတို့၏ တစ်ကောင်တည်းသော ကြောင်လေးက တညောင်ညောင် အော်နေတုန်း ဖြစ်၏။

“ဟောတော်... လာကုန်ကြပြီ”

မမေက ဘိုစားပဲသီးတွေ ပြုတ်လက်စတန်းလန်းက ကျွန်မအား ကြည့်၍ပြောပါသည်။ ချက်လို့ ပြုတ်လို့ မပြီးသေးခင် စားမည့် ဧည့်သည်တွေ ရောက်လာမည်ကို အားနာနေဟန်ရှိသည်။

“အစ်မကလည်း... လာတော့ ဘာဖြစ်လဲ၊ အချင်းချင်းတွေပဲ၊ မီးဖိုချောင် ဝင်ကူခိုင်းလိုက်ပေါ့”

ကျွန်မက ခပ်ပြုံးပြုံးပြောတော့ မမေက မျက်ခုံးပင့်ပြသည်။ အပြင်ဝရန်တာဆီမှာ ခေါင်းလောင်းကို စိတ်မရှည်စွာ ဆွဲလှုပ်ခါနေသည့်အသံက ဆက်တိုက်မြည်နေ၏။

“ဟဲ့... ဝေဝေ၊ နင် သွားသော့ချပေးလိုက်၊ ငါ့ပဲသီးက ဆယ်ဖို့ နှစ်မိနစ်ပဲ လိုတော့တယ်”

ကျွန်မ၏ ပုစွန်လေးတွေကတော့ တမ်ပူရာမှုန့်နှင့် ရောနယ်ခံဖို့ မိနစ်ပေါင်းများစွာ စောင့်နေနိုင်ပါသည်။ ကျွန်မသည် ပုစွန်ကိုင်ထားသည့်လက်ကို လက်သုတ်ပဝါဖြင့် တစ်ချက်သာ သုတ်လိုက်နိုင်ပြီး အိမ်ရှေ့ဆီသို့ အပြေးလာခဲ့ရသည်။

"လာပြီ... လာပြီ"

ငါးထပ်တိုက်ခန်းလွှာအတွင်းမှ အော်သံကို အောက်ခြေမှ ကြိုးလှုပ်နေသူက ဘယ်လိုမှမကြားနိုင်။ သို့သော် အလောတကြီး ခေါင်းလောင်းသံကို ကျွန်မ၏မသိစိတ်က တစ်နည်းနည်းဖြင့် တုံ့ပြန်လိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။ ဝရန်တာတံခါးကိုဖွင့်ပြီး ဝရန်တာမှ ငုံ့ကြည့်လိုက်တော့ အောက်မှာ စိတ်မရှည်သောဟန်ဖြင့် ကြိုးကို မလွှတ်တမ်း ကိုင်ထားသည့် ကိုဒေးကို မြင်ရသည်။ သူ့ဘေးမှာ ထက်ထက်ခင် မတ်တတ်ရပ်နေသည်။ ကျွန်မတို့တိုက်ခန်း ဝရန်တာဆီသို့ နှစ်ယောက်သား မော့ကြည့်နေကြ၏။

ကျွန်မက သော့ကွင်းပေါက်ကိုယူကာ ကြိုးမှချိတ်ပြီး အောက်သို့ သော့ချပေးလိုက်သည်။ ငါးထပ်အမြင့်မှ အရှိန်ဖြင့်ကျလာသော သံမဏိသော့နှင့် သော့ကွင်းသည် လူတစ်ယောက်၏လက်ကို အတော်နာကျင်စေမည်ဖြစ်သဖြင့် ကိုဒေးသည် ကြိုးကို လက်လွှတ်ပစ်လိုက်ရသည်။ သူတို့ကို သော့ချပေးပြီးနောက် ကျွန်မသည် ဧည့်ခန်းသို့ပြန်ဝင်ပြီး ဝရန်တာတံခါးကို ပိတ်လိုက်သည်။ ထို့နောက် သူတို့ဝင်လာနိုင်ရန် ဧည့်ခန်းရှေ့ဝင်ပေါက်တံခါးကို အသာဖွင့်ထားပေးလိုက်ရသည်။ ငါးထပ်ကိုရောက်ရန် လှေကားထစ် ၅၆ ထစ်ကို တက်လာရမှာဖြစ်သည်။ သူတို့ကြာဦးမှာပဲ။ ထိုကြာမြင့်မည့်အချိန်သည် ပုစွန်သုံးကောင်လောက် တမ်ပူရာမှုန့်နှင့် နယ်ပြီးဖို့လုံလောက်မှာပဲ။ ကျွန်မသည် သူတို့ကို စောင့်ပြီးကြိုဆိုရမလား၊ မီးဖိုချောင်ဆီပြေးပြီး ပုစွန်တွေပဲ နယ်လိုက်ရမလား မဝေ

ခွဲနိုင်။ အို… ကိစ္စမရှိပါဘူး၊ လူတောင် မစုံသေးတာ၊ လူစုံမှ ပုစွန်ကြော် လို့လည်း ရတာပဲ။ ဆုံးဖြတ်လိုက်ပြီး သူတို့ကို စောင့်ကြိုနေလိုက်ပါ သည်။

"ဆွဲလိုက်ရတာဗျာ၊ လူတွေ ဘယ်ရောက်ကုန်လို့လဲ"

ကိုဒေးက ရောက်ရောက်ချင်း မောဟိုက်သံဖြင့် အပြစ်ဆိုစကား ပြောသည်။ ထက်ထက်ကတော့ ကျွန်မအား ပြုံးကြည့်၍ "နေကောင်း လား မဝေ" ဟု နှုတ်ဆက်သည်။

"ကောင်းတယ် ထက်ထက်၊ စောစောက ကျွန်မတို့နှစ်ယောက် လုံး မီးဖိုထဲရောက်နေပြီး လက်မှာ ဟင်းအိုးတန်းလန်း ဖြစ်နေကြလို့ပါ၊ လာ… ထိုင်"

"မထိုင်ဘူး"

ကိုဒေးသည် တံခါးကို ပြန်ပိတ်ပြီးပြီးချင်း သူ့ကျောပိုးအိတ်ကို ဆိုဖာပေါ် ချပြီး အတွင်းခန်းသို့ဝင်ရန် ပြင်ပါသည်။

"ကျုပ်တို့မီးဖိုခန်း တိုက်ရိုက်ဝင်လိုက်ရင် ကောင်းမယ်ထင်တယ် မဝေ၊ ဒီမှာထိုင်နေရင် တော်တော်နဲ့ စားရမယ့်ပုံ မပေါ်ဘူး"

ကျွန်မ အသံထွက်ရယ်လိုက်မိ၏။

"သေချာတာပေါ့"

ထို့နောက် ကျွန်မတို့သုံးယောက်လုံး မီးဖိုခန်းဆီသို့ လာခဲ့ကြပါ သည်။

"ဘာစားရမလဲ မမေ"

ကိုဒေးက မီးဖိုခန်းထဲဝင်ရင်း မမေအား မေးသည်။ မမေက ပဲ သီးပြုတ်တွေကို ရေအေးဖြင့်ဆေးပြီး ပန်းကန်ပြားထဲ ထည့်နေရာမှ လှည့် ကြည့်သည်။

"မြန်မာစာက ငါးပုဏ္ဏားကြော်နှပ်နဲ့ မြင်းခွာရွက်သုပ်၊ တရုတ်စာ

က ပုစွန်တမ်ပူရာကြော်၊ ဘိုစာက အာလူး၊ ပဲသီး၊ ဆလတ်နဲ့ ပေါင်မုန့် မီးကင်... အစုံစားရမယ်၊ ဆာလာကြပြီလား"

"မဆာသေးပါဘူး၊ ခင်ဗျားရဲ့ အာလူးပဲသီးဆလတ်ကို စိတ်ဝင်စားတယ်ဗျာ၊ ဘာတွေထည့်မှာလဲ၊ ဘယ်နိုင်ငံက ရက်ဆပီး (recipe) လဲ"

ကိုဒေးက ထိုင်ခုံတစ်လုံး ဆွဲယူကာ မမေ၏နောက်မှဝင်ထိုင်ရင်း အားရပါးရမေးသည်။

ကျွန်မတို့မီးဖိုခန်းသည် ရန်ကုန်မြို့က အများစုသော တိုက်ခန်းတော်တော်များများ၏ မီးဖိုခန်းလိုပဲ ကျဉ်းပါသည်။ မီးဖိုခန်းထဲတွင် ထမင်းစားပွဲနှင့် ကုလားထိုင်များ ထားလို့မရပါ။ ထို့ကြောင့် ကျွန်မတို့အိပ်ခန်းနှင့် မီးဖိုခန်းအကြားတွင် ထမင်းစားခန်းလေး လုပ်ထားရပါသည်။ ထိုနေရာတွင် စားပွဲနှင့် ကုလားထိုင်များရှိသော်လည်း မီးဖိုခန်းနှင့် အုတ်နံရံခြားနေသော ထိုနေရာသို့ အိမ်ရှင်များမပါဘဲ ဧည့်သည်များ မထိုင်ချင်ကြပါ။ ထို့ကြောင့် အိမ်ရှင်များ ချက်ပြုတ်နေရာ မီးဖိုခန်းထဲသို့သာ နှစ်ယောက်လုံး ဝင်လိုက်လာကြသည်။ အမှန်တော့ သူတို့နှစ်ယောက်သည် ဧည့်သည်လိုသဘောထားစရာမလိုသည့် ဧည့်သည်များ ဖြစ်ကြပါသည်။

"ဘယ်နိုင်ငံက ရက်ဆပီးလဲဆိုတော့ အမေရိကန်ဆိုပါတော့"

မမေက ပဲသီးပြုတ်အတောင့်လိုက်ကလေးတွေထဲသို့ အသင့်ဖျော်ပြီးသား အချဉ်ရည် (dressing) ကို ဆမ်းထည့်ကာ ခက်ရင်းနှစ်ချောင်းဖြင့် သမအောင်မွှေရင်း ကိုဒေးအား လှည့်မကြည့်ဘဲ ဖြေ၏။

"ထင်ပြီးသားပါ၊ ခင်ဗျားလုပ်ရင် အမေရိကန်နည်း၊ ထက်ထက်ခင်လုပ်ရင် ပြင်သစ်နည်းဆိုတာ ခန့်မှန်းပြီးသား"

ကိုဒေးက ချဉ်တူးတူးလေသံဖြင့် မှတ်ချက်ချ၏။ သို့သော် သူ

သည် မမေလုပ်နေသည့် အမေရိကန်နည်းဟူသော အာလူး ပဲသီး ဆလတ်ကို အမှန်တကယ် စိတ်ဝင်စားနေပါသည်။

"ဘာတွေထည့်မှာလဲဗျ"

"ပဲသီးရယ်၊ အာလူးကြော်ရယ်၊ ခရမ်းချဉ်သီးရယ်၊ တကယ်တော့ ဒါကို မက္ကဆီကန်အလံဆလတ်လို့ ခေါ်တယ်။

မမေက ပြုံးလျက်ဖြေသည်။ ထို့နောက် တစ်လက်စတည်း ကျွန်မ ဘက်သို့ လှည့်ပြော၏။

"ဝေဝေ... မီးဖိုသုံးလို့ရပြီ၊ အခုအချိန်ကစပြီး ငါ ဟိုဟာဒီဟာနဲ့ နယ်တဲ့အလုပ်ပဲ လုပ်ရတော့မယ်"

ကျွန်မတို့အိမ်မှာ ဓာတ်ငွေ့မီးဖိုသည် တစ်အိုးတည်း တည်လို့ ရသောမီးဖိုဖြစ်သည်။ ကျွန်မတို့သုံးသည့် ဓာတ်ငွေ့အိုးကလည်း ရှစ် ကီလိုဂရမ်ပဲလေးပြီး ၁၈ နာရီပဲ အသုံးခံသည်။ ကျွန်မတို့ညီအစ်မ နှစ် ယောက်တည်းမို့ နှစ်လကျော်ကျော် သုံးရပါသည်။ ကျွန်မ ပုစွန်ကြော် ရန် ဆီဒယ်အိုးကင်း တည်လိုက်ချိန်မှာပင် ခေါင်းလောင်းကြိုးဆွဲသံကို ကြားလိုက်ရပြန်သည်။ ထက်ထက်က "ကျွန်မ သွားလိုက်မယ်" ဟု ပြောပြီး ထွက်သွားသည်။

"အမှန်တော့ ကိုဒေးရေ... ဒီမှာ ထည့်ရမှာက အမေရိကန်မှာပဲ ရတဲ့ ဟီကားမားလို့ခေါ်တဲ့ အချောင်းလေးတွေ ထည့်ရမှာ၊ နောက်ပြီး ငရုတ်သီးအချိုတောင့်ပွ နီနီရဲရဲစိုစိုကြီးတွေ ထည့်ရမှာ၊ ဒါပေမဲ့ ဒီမှာ မရနိုင်ဘူးလေ၊ ဒီတော့ ငါက မြန်မာပြည်မှာရတဲ့ မြန်မာတွေကြိုက်တဲ့ အသီးအရွက်နဲ့ပဲ မက္ကဆီကန်အလံဆလတ် လုပ်မှာ"

ထို့နောက် မမေသည် French Fried ဟုခေါ်ကြသည့် အာလူး ချောင်းကြော်ကလေးများကို ဘဲဥပုံပန်းကန်ပြား၏ အလယ်တည့်တည့် တွင် တစ်ချောင်းချင်းစီ၍ သစ်လုံးတွေ ပုံသလို ပုံလိုက်သည်။ ကျွန်မ

သည် မမေလုပ်သမျှကို ဘာမှထွေထွေထူးထူး မပြောမိသော်လည်း စိတ်ထဲ က ပြုံးမိ၏။ မမေ အမေရိကန်က ပြန်ရောက်တာ သုံးနှစ်တောင်ရှိပြီ။ ပြန်ရောက်ကတည်းက ဆီမပါ ပျားမပါ ဆလတ်ဟူသော ဟင်းရွက်အသီးသုပ်ကို နည်းမျိုးစုံနှင့် လုပ်စားနေခဲ့သည်။ ကြက်သားဆလတ်၊ ပုစွန်ဆလတ်၊ ငါးဆလတ်၊ သက်သတ်လွတ်ဆလတ်။ ဆလတ်ထဲ ထည့်ရသော dressing ဟု သူခေါ်သည့် ချဉ်ရည်ကလည်း အမျိုးမျိုး။ ဂျင်း(ချင်း)ချဉ်ရည်... တဲ့။ ဂျင်းနဲ့ ပျားရည်ချဉ်ရည်... တဲ့။ ခရမ်းချဉ်သီးချဉ်ရည်... တဲ့။ သခွားသီး ဒိန်ချဉ် ချဉ်ရည်... တဲ့။ အမျိုးမျိုးပါပဲ။ တစ်ခုတော့ ကောင်း၏။ ထိုဆလတ်များသည် ဆီမပါသလောက်ပဲမို့ ကျွန်မတို့အိမ်မှာ ဆီအကုန်အကျ တော်တော်ကြီးကို သက်သာသည်။ နှမ်းဆီလေး လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာလောက်ပဲ ထည့်ရတတ်သည်။ သူ့ဆလတ်များကို သူကတော့ အလွန်ကြိုက်ပုံရသည်။

မမေသည် ဘိုစားပဲသီးကို တစ်ဖက်စွန်းမှာ စီရီထည့်လိုက်ပြီး ပန်းကန်၏ အခြားဘက်စွန်းမှာ အရှည်လိုက် အမြှောင်းလိုက်ရအောင် လှီးထားသည့် ခရမ်းချဉ်သီး နီနီရဲရဲများကို ထည့်သည်။

"ဩော်... သိပြီ၊ ဘာလို့ မက္ကဆီကန်အလံဆလတ်လို့ ခေါ်တာလဲဆိုတာ၊ ပြင်ထားတဲ့ပုံက မက္ကဆီကန်အလံရဲ့ အရောင်တွေအတိုင်းပဲကိုးဗျ၊ အစိမ်းတစ်ကန့်၊ အဝါတစ်ကန့်၊ အနီတစ်ကန့်၊ ဟုတ်ပြီလှတယ်"

"လှပဲ လှတာ ကိုဒေးရေ၊ စားလို့ကောင်းတယ်တော့ မထင်နဲ့"

ကျွန်မက ကိုဒေးအား ကြိုကြိုတင်တင် သတိပေးထားရသည်။ သူ သိပ်မျှော်လင့်သွားမှာစိုးပါသည်။ မမေ၏ မက္ကဆီကန်အလံကို သိပ်မျှော်လင့်လို့မရမှန်း ကျွန်မကတော့ လွန်ခဲ့သည့် ခြောက်လလောက်က မြည်းစမ်းဖူးလို့ သိနေသည်။ ထို့ကြောင့် ပုစွန်တမ်ပူရာကို များများကြော်

ထားရန်၊ မြင်းခွာရွက် များများသုပ်ထားရန် မမေအား အကြံပေးထားရ၏။

"အစ်မရေ... ကျက်ပြီလား၊ ဟယ်... လှလိုက်တာ၊ စားလို့ရပြီလားဟင်"

ငြိမ်းငြိမ်းစုသည် ထက်ထက်ခင်နှင့်အတူ မီးဖိုထဲသို့ဝင်လာရင်း ဆာလောင်သည့်အသံဖြင့် မေး၏။

"အေး... ရတော့မှာ၊ ဒီဆလတ်ပန်းကန်နှစ်ခုကို ရေခဲသေတ္တာထဲ အအေးခံလိုက်ဦးမယ် ငြိမ်းငြိမ်းရဲ့"

"အစ်မ... အစ်မ၊ ကိုဒေး... သိပြီးပြီလား၊ သိပြီးပြီလား"

ငြိမ်းငြိမ်းစုသည် သတင်းမျိုးစုံကို အိမ်နေရင်း ဟိုက သည်က ကြားတတ်၏။ ကြားသမျှသတင်းကိုလည်း နီးစပ်ပတ်သက်ရာ လူကို လက်ဆင့်ကမ်းလိုက်ချင်သည့်စေတနာ ရှိသည်။

"ဘာသိရမှာလဲဟ၊ နင့်ဟာက အရင်းမရှိ အဖျားမရှိ"

"ချိုနှင်းမောင်လေ၊ ချိုနှင်းမောင် ဇာဇီယေးနဲ့ ယူလိုက်ပြီတဲ့"

"ဟာ..."

မမေသည် လက်ထဲက ဘဲဥပုံဆလတ်ပန်းကန်ကြီးနှစ်ချပ်ကို အုတ်ခုံမြင့်ပေါ် ပြန်ချလိုက်၏။

"ဟုတ်လို့လား ငြိမ်းငြိမ်းရာ၊ ဇာဇီယေးနဲ့ ချိုနှင်းမောင်နဲ့ ကြိုက်နေတယ်လို့တောင် ငါ မကြားမိပါဘူး"

ကိုဒေးက သံသယဖြင့်မေးသည်။ သူတို့ပြောသော ဇာဇီယေးဆိုတာကို ကျွန်မ မသိပါ။ သို့သော် ချိုနှင်းမောင်ဆိုတာကိုတော့ အစ်မမမေတို့စကားဝိုင်းထဲမှာ ခဏခဏကြားဖူးသည်။ ပြင်သစ်ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်နေသည့် အစ်မတို့သူငယ်ချင်း ဖြစ်သည်။

"ဩော်... ဟုတ်ပါတယ်ဆို၊ ချိုနှင်းမောင်ရဲ့ အစ်မကိုယ်တိုင် ငြိမ်း

ကို ပြောလိုက်တာ"

မမေက မျက်မှောင်ကြုတ်ကာ ခဏစဉ်းစားပြီးနောက် ပန်းကန်တစ်ချပ်ကို ပြန်မ,ယူလိုက်သည်။

"အေးလေ... ဒါဆိုလည်း ဟုတ်ပြီပေါ့၊ ဘယ်တော့ ငါတို့စားရမတဲ့လဲ"

"အဲဒါတော့ အတိအကျပြောမသွားဘူး၊ မင်္ဂလာတော့ ဆောင်ဦးမှာတဲ့ အစ်မ၊ စားရမှာ တစ်ဝကြီး"

ငြိမ်းငြိမ်းစုက သူ့ထုံးစံအတိုင်း မချိုမချဉ်အပြုံးဖြင့် အားရပါးရပြောရင်း မမေ သယ်သွားသည့် ပန်းကန်ထဲမှ အစိမ်းရောင် ပဲသီးတစ်တောင့်ကို ဖျတ်ခနဲနှိုက်စားလိုက်သည်။

"ပါသွားပြန်ပြီတစ်ယောက်"

ကိုဒေးက နဖူးကို လက်ဝါးဖြင့် သာသာရိုက်၍ စပ်ဖြီးဖြီးပြောနေ၏။

"ဟဲ့... ငြိမ်းငြိမ်း"

"အစ်မကလည်း... အစ်မလက်ရာ ကောင်းလားလို့ မြည်းပေးတာ"

"နင် လက်ဆေးပြီးပြီလား၊ ဆေးလိုက်တာ ငါ မမြင်ပါဘူး"

ငြိမ်းငြိမ်းစုက လျှာတစ်လစ်ထုတ်ကာ ခေါင်းယမ်း၏။ လက်ထဲက ပဲသီးတောင့်ကတော့ ပါးစပ်ထဲ အကုန်ရောက်သွားပြီ။ ထိုအခါကျမှ ငြိမ်းငြိမ်းစုသည် လက်ဆေးကန်မှာ လက်ဆေးလေသည်။

"မေ့လို့ အစ်မရေ မေ့လို့၊ ကဲ ကဲ... ဆေးလိုက်ပြီ ဆေးလိုက်ပြီ"

"ဘတ်စ်ကားပေါ်မှာ ဟိုခုံကိုင် ဒီတန်းကိုင်၊ ဖုန်တွေ ဂျီး(ကြေး)တွေနဲ့ အဲဒီဖုန်တွေ ဂျီးတွေက အခု နင့်ဗိုက်ထဲ ရောက်ကုန်ပြီ"

ရေခဲသေတ္တာ အပေါ်ထပ်ထဲသို့ ပန်းကန်နှစ်ချပ်လုံးထည့်ပြီးနောက်

မမေက မီးဖိုထဲပြန်ဝင်လာရင်း ငြိမ်းငြိမ်းစုအား ဆက်ဆူနေသည်။ ကျွန်မ က ကြားထဲကနေ ငြိမ်းငြိမ်းစုကို အားနာနေမိသော်လည်း ငြိမ်းငြိမ်းစုက တော့ အပြုံးမပျက်ပါ။

ထိုအချိန်မှာ ကိုဒေးက လက်ဆေးကန်အထက်က မှန်ထဲသို့ သူ့ ကိုယ်သူကြည့်ရန် ငြိမ်းငြိမ်းစုနောက်မှ ဝင်ရပ်လိုက်၏။ သူ့မျက်နှာက မျက်နှာပိုးသတ်ထားရသလိုဟန်ဖြင့် ရှုတည်တည်။

"ဘာကြည့်တာလဲ ကိုဒေး"

ငြိမ်းငြိမ်းစုက ဘေးသို့ဖယ်ပေးရင်း မေးလိုက်သည်။ ကိုဒေးက မှန်ထဲမှာ အကြည့်မပျက်။

"ကွန်ဂရက်ကျူလေးရှင်းစ်" ဟု မှန်ထဲကရုပ်ကို ပြောနေ၏။

အကြာကြီးငြိမ်နေသော ထက်ထက်ခင်က ကျွန်မအနားမှာ ပုစွန် တွေ တစ်ကောင်ချင်း စီပေးနေရာက နားမလည်သလိုပင် ကိုဒေးအား လှမ်းကြည့်သည်။

"ဘာလုပ်တာလဲ ကိုဒေး"

"ဩော်... ချိုနှင်းမောင်နဲ့တွေ့ရင် ရှောရှောရှူရှူ ပါးစပ်က ထွက် နိုင်အောင် အခုကတည်းက လေ့ကျင့်နေတာ"

ကျွန်မတို့အားလုံး အသံထွက်ရယ်မောလိုက်ကြသည်။ မရယ်ဘဲ ခပ်တည်တည်ဖြစ်နေသူမှာ မမေနှင့် ကိုဒေး။ သူတို့နှစ်ယောက် တစ် ယောက်ကိုတစ်ယောက် ကြည့်လိုက်သော မျက်လုံးတွေထဲတွင် အတွေး တွေ အများကြီးပါနေ၏။

"နင်ကလည်း... ကိုယ့်မြန်မာမိန်းကလေးတစ်ယောက်ကို နိုင်ငံ ခြားသားတစ်ယောက်က တင့်တောင်းတင့်တယ် လက်ထပ်ယူတာကို ဂုဏ်မယူနိုင်သလို လုပ်နေပြန်ပြီ"

"ခင်ဗျား အဲဒီစကား မပြောနဲ့ မမေ၊ ကျုပ် ခင်ဗျားနဲ့ ပေါင်းလာ

တာ နှစ်တွေမနည်းတော့ဘူး၊ သူတော်ကောင်းယောင်ဆောင်မနေနဲ့၊ ပြော... ခင်ဗျား ဒီကိစ္စကို ဂုဏ်ယူသလား၊ ပြော"

ကိုဒေးနှင့် မမေတို့နှစ်ယောက် စကားပြောလျှင် တစ်ခါတစ်ခါ ကျွန်မ နားမလည်နိုင်တာတွေ အများကြီးပါ၏။ ကျွန်မက ဆယ်တန်းပင် မအောင်သော ရိုးရိုးအအ မိန်းမတစ်ယောက်ဖြစ်ပြီး သူတို့က စာအလွန်ဖတ်သော၊ ခေတ်ကို မျက်ခြည်မပြတ်သော ဆရာဝန်တွေ ဖြစ်နေလို့ပဲလား။ သူတို့စကား၏နောက်ကွယ်မှာ အဓိပ္ပာယ်တွေ အများကြီးပါမှန်းသိသော်လည်း ဘာရယ်ဟုမသိပေ။

ကိုဒေးက လက်ဖျောက်တစ်ချက်တီးလျက် မမေအား ပြန်ကြည့်သည်။

"ကျုပ်ပြောချင်တာ အဲဒါပဲ၊ ခင်ဗျားရဲ့ညီမဆိုရင်ရော ခင်ဗျား အခုလိုဂုဏ်ယူမှာပဲလား... ကဲ၊ အခု မဝေက ပြင်သစ်တစ်ယောက်နဲ့ ယူမယ်ဆိုကြပါစို့"

"မယူဘူး၊ မယူဘူး"

ကျွန်မက အသည်းအသန်ငြင်းရင်း ရယ်မောမိသည်။ ငြိမ်းငြိမ်းနှင့် ထက်ထက်က လိုက်ရယ်၏။ မမေတို့နှစ်ယောက် မရယ်ပါ။ မမေက ပြုံးတော့ပြုံးသည်။ ထို့နောက် ယုံကြည်စိတ်ချစွာ ပြောသည်။

"ငါ့ညီမက အပျိုကြီးလေ၊ အပျိုကြီးပဲ ဆက်လုပ်မှာလေ"

"ဒါနဲ့နေပါဦး၊ ကိုဒေးက ဘာဖြစ်လို့ ပြဿနာမရှိ ပြဿနာရှာနေတာလဲ"

ကျွန်မ ဘယ်လိုမှ နားမလည်နိုင်တော့သဖြင့် မေးကြည့်မိသည်။ မမေက ကျွန်မအား စိတ်ရှည်လက်ရှည်ပြောပြလိုဟန် မတူပါ။

"ကိုဒေးက နိုင်ငံခြားသားကို ကြည့်မရတဲ့ရောဂါ ပေါ်နေတယ် ဝေဝေရေ" ဟု တစ်ခွန်းသာပြော၏။

"ဟယ်... ဟုတ်လား ကိုဒေး၊ ဘယ်တုန်းက စဖြစ်တာလဲ"

ငြိမ်းငြိမ်းစုက ဟာသဖောက်ရန် ကြိုးစားသော်လည်း ဘယ်သူမှ မရယ်ကြပါ။ ထို့ကြောင့် ငြိမ်းငြိမ်းလည်း ရှေ့ဆက်မပြောတော့ဘဲ ငြိမ်သက်သွားသည်။ ငြိမ်သက်မှုက တော်တော်ကြာ၏။ ကျွန်မ၏ ဆီပူအိုးထဲမှ တဖျစ်ဖျစ်မြည်သော ပုစွန်ကြော်ကလေးများ၏ အသံ၊ အိမ်ရှေ့လမ်းမဆီမှ ဖြတ်သန်းသွားသော ကားကြီးကားငယ်တို့၏ အသံသဲ့သဲ့သာရှိနေသည်။ နောက်ဆုံးတော့ ဤတိတ်ဆိတ်မှုကို စပြီးဖြိုခွဲရမည့်သူက ကျွန်မတို့အိမ်ရှင်တွေပဲ ဖြစ်သင့်သည်ဟု ကျွန်မ တွေးမိသည်။ သို့သော် ဘာပြောရမှာလဲ။

"အစ်မရေ... သီချင်းလေး ဘာလေး သွားဖွင့်ပါလားဟာ"

မမေ စိတ်ကျဉ်းကျပ်ရာမှ လွတ်မြောက်သွားဟန်ဖြင့် ပြုံး၏။

"ဘာသီချင်း ဖွင့်ရမလဲ"

"ဘာဖြစ်ဖြစ်ပေါ့"

အသံတစ်ခုခု ကျွန်မ ကြားချင်နေသည်။ ငြင်းတာ ခုံတာ မဟုတ်တဲ့ သာယာတဲ့ ဂီတသံတစ်ခုခုပေါ့။

"ဘရိုင်ယန်အဒမ်စ် ဖွင့်မယ်ဟော့၊ ဘယ့်နှယ်လဲ ကိုဒေး... Please Forgive Me ဖွင့်လိုက်မယ်"

Please Forgive Me သီချင်းသည် ကိုဒေးက သူ့အချစ်ဦး ကောင်မလေးအပေါ် ကောင်းကောင်းကြွေခဲ့ဖူးသောသီချင်း ဖြစ်ကြောင်း ကျွန်မ သိနေသဖြင့် ကျွန်မ လှစ်ခနဲ ပြုံးမိသွား၏။

"ဘာအဒမ်စ်မှမဖွင့်နဲ့၊ မကြားချင်ဘူး" ဟု ကိုဒေးက ခပ်တင်းတင်းမျက်နှာဖြင့် တား၏။ မမေက ပြုံးလျက်ကြည့်သည်။

"ဒါဖြင့်... ဇော်ဝင်းထွဋ်"

"မကြားချင်ဘူး၊ ဒါလည်း နိုင်ငံခြားသံစဉ်ပဲ"

မမေက ကိုဒေးအား ပယ်ပယ်နယ်နယ် မျက်စောင်းထိုးကာ လှည့်ထွက်သွားပါသည်။

ခဏကြာတော့ ကျွန်မတို့အခန်းထဲမှ ဂီတသံကို ကြားလိုက်ရသည်။ ဂီတသံနှင့်အတူ မမေ အခန်းထဲက ထွက်လာသည်။ 'ချစ်သူခင်ခင်ပျို... ရယ်" ဟူသော ပြည်လှဖေ၏သီချင်းသံကို ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရသောအခါ ကျွန်မတို့အားလုံး ဝါးခနဲရယ်လိုက်မိကြ၏။ သည်တစ်ခါ ကိုဒေးပါ ရယ်မောပါသည်။

ထို့နောက် ကိုဒေးက ဘယ်သူမှဆက်မပြောသော နိုင်ငံခြားသားကိစ္စကို သူကိုယ်တိုင် ပြန်အစဖော်လေသည်။

"အင်္ဂလိပ်စကားမှာ နိုင်ငံခြားသားကို ကြောက်တဲ့သူ၊ မုန်းတဲ့သူတွေကို စကားတစ်ခုနဲ့ သတ်မှတ်ထားတယ် မဝေရဲ့၊ ဇီနဖော့ဘ်တဲ့။ Xenophobe လို့ စာလုံးပေါင်းရတယ်"

ဤအုပ်စုထဲတွင် ပညာအရည်အချင်းအနိမ့်ဆုံးဖြစ်သည့် ကျွန်မအား ကိုဒေးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဒါဖြင့် ကိုဒေးက အဲဒီ ဇီ... ဘာတဲ့"

"ဇီနဖော့ဘ်... ဟုတ်တယ်၊ ခင်ဗျားအစ်မလည်း ဝန်မခံလို့သာပါ၊ ဝန်ခံရင် သူလည်း ဇီနဖော့ဘ်ပဲ၊ မယုံ မေးကြည့်"

မမေက မျက်လုံးပြူးလျက် ငြင်း၏။

"အလိုတော်... စွပ်စွပ်စွဲစွဲ"

ထို့နောက် မမေသည် ကျွန်မ သုံးပြီးသွားသော မီးဖိုမှာ ပေါင်မုန့်မီးကင်ဖို့ ပြင်ဆင်နေသည်။ ပါးစပ်မှလည်း ပြည်လှဖေ၏ သီချင်းကို ညည်းနေသည်။

"မြတ်နိုးသူရယ်... ချစ်မိုးစွေခဲ့တယ်... ဘုံကြိုးပြတ်တဲ့ ဒေဝီနတ်မျိုးနွယ်"

ထက်ထက်ခင်က ပုစွန်ကြော်ပန်းကန်ကို ထမင်းစားခန်းစားပွဲသို့ ချရန် ယူသွားသည်။ ငြိမ်းငြိမ်းစုက လိမ္မော်ရည်ဘူးကြီးထဲမှ ဖန်ခွက်များထဲသို့ လောင်းထည့်ရာမှ လက်ပတ်နာရီကို တစ်ချက်ကြည့်သည်။

"ကိုကျော်လင်းလည်း မလာသေးဘူး၊ ငြိမ်းက ဆာလှပြီ၊ စားနှင့်ရအောင်ကွာ"

ထက်ထက်ခင်က ထောက်ခံ၏။

"ဟုတ်တယ်၊ ကျွန်မတို့ စားနှင့်ကြရအောင်။ ကိုကျော်လင်းက ဆမ်းမစ်ပေါ့ခ်ဗျူးမှာ ပန်းချီပြပွဲသွားရမယ်ထင်တယ်။ ဒီနေ့ နိုင်ငံခြားသူ ပန်းချီဆရာမတစ်ယောက်ရဲ့ ပြပွဲဖွင့်တဲ့နေ့၊ ပန်းချီဆရာအချင်းချင်း ဖိတ်မှာပဲ"

"နင်ကလည်း စောစောက ပြောရောပေါ့ဟာ၊ ငါ့မှာ ဆာလို့ အူတောင်လိမ်နေပြီ"

ကိုဒေးက ထက်ထက်အား ခပ်ငေါက်ငေါက်ဆို၏။

"ဩော်... ကိုဒေးကလည်း မေ့သွားလို့ပါ"

"ကဲ ကဲ... စားကြမယ် စားကြမယ်၊ ဝေဝေ... ပန်းကန်တွေချတော့၊ ဒီမှာ ပြီးလှပြီ"

ဘန်းမုန့်အလုံးကလေးများကို ထက်ခြမ်းခြမ်းပြီး မီးကင်နေရာမှ ရသည့် ပေါင်မုန့်မီးကင်နံ့သည် မွှေးကြိုင်နေသည်။ ကျွန်မတို့ အစားအသောက်ပန်းကန်များကို စားပွဲပေါ် တက်ကြွစွာချနေစဉ် ခေါင်းလောင်းသံ ကြားလိုက်ရလေသည်။ အားလုံး၏ခေါင်းများ တစ်ပြိုင်တည်း ဧည့်ခန်းရှိရာဆီသို့ လှည့်မိကြ၏။

"ဟော... အဲဒါ ကိုကျော်လင်းပဲ ဖြစ်မယ်"

ကျွန်မက ထမင်းပန်းကန်ပြားတွေထဲ လိုက်ထည့်နေဆဲဖြစ်သည်မို့ ငြိမ်းငြိမ်းစုက သော့သွားချပေးရပါသည်။

ကျွန်မတို့ စားပွဲသေးသေးလေးမှာ လူခြောက်ယောက်သာ ခပ်ကျပ်ကျပ် ထိုင်လို့ရပါသည်။ ထိပ်တစ်ဖက်တစ်ချက်မှာ ယောက်ျားနှစ်ယောက် ထိုင်စေပြီး မျက်နှာချင်းဆိုင် မိန်းကလေးနှစ်ယောက်စီ ထိုင်ကြသည်။

ကိုကျော်လင်းက ဘီယာနှစ်ပုလင်း သယ်လာသည်။

"ဟား... ကိုကျော်လင်းတို့က အားကိုးရသဗျာ၊ အိမ်ရှင်တွေ အလိုက်မသိလို့ ဒီမှာ စိတ်ညစ်နေတာ အတော်ပဲဗျ၊ မဝေ... ကျုပ်တို့ကို ဖန်ခွက်နှစ်ခွက် ပေးပါလားဗျာ၊ ဟာ... နေနေ၊ ကျုပ်ဟာကျုပ်ပဲ သွားယူမယ်"

ကိုဒေးက ခပ်ဝဝကိုယ်ခန္ဓာနှင့်မလိုက်အောင် သွက်လက်စွာ ထထွက်တော့ ကျွန်မ ပြန်ထိုင်လိုက်ပါသည်။ မမေက ကိုကျော်လင်းအား ပုလင်းဖောက်တံ လှမ်းပေးသည်။

"ကျွန်မတို့က ကိုကျော်လင်း နောက်ကျမယ်ထင်နေတာ၊ ပန်းချီပြပွဲ ဖွင့်ပွဲများ သွားနေမလားလို့" ဟု ပြောသည်။

"မသွားချင်တော့ဘူးဗျာ"

ထုံးစံအတိုင်း ကိုကျော်လင်းက လေသံအေးအေးဖြင့် ပြောပါသည်။

"ပန်းချီဆရာမက နိုင်ငံခြားသားဖြစ်နေလို့၊ အခုတလော ကျွန်တော် နိုင်ငံခြားသားတွေ ကြည့်မရဘူး မမေ"

ဟောတော်... လာပြန်ပြီတစ်ယောက်ဟု ကျွန်မ စိတ်ထဲကသာ ရေရွတ်မိသည်။ ကိုကျော်လင်းသည် မူလတုန်းက နိုင်ငံခြားသား (အထူးသဖြင့်) ပြင်သစ်လူမျိုးများကို မြန်မာစာသင်ပေးသည့် ဆရာအလုပ်ကို ပန်းချီဆရာအလုပ်နှင့် တွဲလုပ်ခဲ့၏။ ယခုတော့ ဧည့်လမ်းညွှန်အလုပ်ပဲ လုပ်နေသည်ဟု သိရသည်။ ယခုလည်း ခရီးမှပြန်ရောက်တာ နှစ်ရက်

လောက်ပဲရှိဦးမည်။ ကိုဒေးသည် ဖန်ခွက်နှစ်လုံးကိုင်လျက် ပြန်ရောက်လာသည်။

"ကိုဒေး... မနက်ဖြန်ထွက်မှာဟုတ်လား၊ ဘယ်အချိန်လဲဗျ"

"ညနေဗျ၊ ၇ နာရီ ၅၀ လေယာဉ်နဲ့"

ထို့နောက် မမေ၏ မက္ကဆီကန်အလံဆလတ်ကို သူတို့နှစ်ယောက် ဘီယာနှင့်မြည်းစဉ် ကျွန်မတို့က လိမ္မော်ရည်ဖြင့် မြည်းကြပါသည်။

"ကောင်းသားပဲဗျ၊ ဘယ်သူ့လက်ရာလဲ"

"ကျွန်မ..."

မမေက ခပ်ကြွားကြွားလေး ဝင်ဖြေ၏။

"ဒါကို မက္ကဆီကန်အလံဆလတ်လို့ ခေါ်တယ် ကိုကျော်လင်းရဲ့"

သို့သော် ကိုကျော်လင်းသည် မက္ကဆီကန်အလံကို စိတ်ဝင်စားဟန်မရှိပါ။

"ကျွန်တော် ဒီတစ်ခေါက်ခရီးမှာ ဂိုက်ဒ်လုပ်ချင်စိတ် လုံးဝကုန်ခန်းသွားပြီဗျာ" ဟု ရင်ဖွင့်ရန် စ၏။

"ကျွန်မ နဂိုကတည်းက ကိုကျော်လင်းကို ပြောခဲ့ပါတယ်၊ ကိုကျော်လင်းရဲ့စိတ်နဲ့ ဒီအလုပ်မျိုး မဖြစ်ဘူးဆိုတာ၊ ဒီအလုပ်လုပ်ရင် ပညာမာနလျှော့ထား၊ အနုပညာသမားဘဝကို မေ့ထားမှ ရမယ်လို့"

"မမေက စာရေးဆရာမဆိုတော့ မမေကို ပြောပြချင်တယ်၊ မမေသိထားသင့်တယ် ထင်လို့ပါ။ မထက်ထက်ခင်လည်း ဒါမျိုးကြုံဖူးချင်ကြုံဖူးမှာပါ"

ထက်ထက်ခင်ရော ငြိမ်းငြိမ်းစုရော ဧည့်လမ်းညွှန်များ ဖြစ်ကြ၏။ ထက်ထက်ခင်က ပြင်သစ်ဧည့်လမ်းညွှန်၊ ငြိမ်းငြိမ်းစုက ဂျပန်ဧည့်လမ်းညွှန်ဖြစ်သည်။ ထက်ထက်ခင်လည်း ဧည့်လမ်းညွှန်လုပ်ခါစ ဂိုက်ဒ်ပါး

မဝသေးခင်က ဧည့်သည်တွေ ကဂျီကဂျောင်ကျသဖြင့် ခဏခဏ ဒေါသ မျက်ရည်တွေ ကျခဲ့ရဖူးသည်ဟု ဆိုပါသည်။

"ပုပ္ပားက အဆင်းမှာဗျာ၊ ကျွန်တော့်ဧည့်သည်တွေက ပန်းမျိုးစေ့ ရောင်းတဲ့ ကလေးမလေးတစ်ယောက်ဆီမှာ မျိုးစေ့ဝယ်ဖို့ မေးတယ်၊ ကြက်သွန်ဥပြားပြားမျိုးဗျာ... သစ္စာပန်းဥလား ဘာလား"

"အင်း အင်း... သိတယ်"

"ဧည့်သည်က အဘွားကြီးဗျ၊ သူက ဥယျာဉ်စိုက်ပျိုးဖို့ ဝါသနာ ပါတယ်၊ သူ့မှာ ဒီအလုပ်ပဲ ရှိတော့တာကိုး။ အဲဒီမျိုးဥတစ်ဥကို တစ်ဒေါ်လာတဲ့၊ လေးဥကို သုံးဒေါ်လာပဲ ပေးပါလို့ ဈေးလျှော့ပေးတယ်။ အဘွားကြီးကလည်း ဝယ်တော့မလို့ပဲ၊ အဲဒါ ကျွန်တော့်နားမှာ ရစ်သီ ရစ်သီ ပါလာတဲ့ ပြင်သစ်တစ်ယောက်က ဈေးသိပ်ကြီးတယ်၊ မဝယ်နဲ့၊ လေးဥကို တစ်ဒေါ်လာပဲတန်တယ်လို့ ဝင်ပြောတယ်။ ဒီလူကို ကျွန်တော် ကြည့်မရတာ ပုပ္ပားအတက်ကတည်းကပဲ။ သူ့မှာ ဂိုက်ဒ်မပါဘူး။ ကျွန် တော်တို့အဖွဲ့နားမှာ ကပ်လိုက်ပြီး တောင်ပြော မြောက်ပြော ပေါက်ကရ တွေ ပြောလာတာ။ အခုလည်း ဒီပန်းမျိုးဥတွေက ဟိုဘက်နားမှာ သိပ် ပေါတာပဲ၊ ငါသိတယ်၊ ဒီလောက် မပေးရဘူး ဘာညာနဲ့ ကောင်မလေး ကို ဈေးလျှော့ခိုင်းတော့တာပဲ။

"... အဲဒီတော့ အဘွားကြီးက သူပြောသလိုပဲ တစ်ကျပ်နဲ့ ဆစ် တာပေါ့။ ကျွန်တော် တော်တော်စိတ်ဆင်းရဲသွားတယ်။ ကောင်မလေး က နွမ်းနွမ်းပါးပါးလေး၊ နိုင်ငံခြားသားတွေဆီက ငွေချူယူမယ်ဆိုတဲ့ စိတ်မျိုးလည်း ရှိတာမဟုတ်၊ သူ့ပန်းမျိုးဥလေးတွေကို မတန်တဆဈေး တင်ထားတာလည်းမဟုတ်၊ တန်ရာတန်ဈေးနဲ့ ရောင်းတာပဲ။ သူတို့ အတွက် တစ်ဒေါ်လာ၊ နှစ်ဒေါ်လာဆိုတာ ဘာမှရှိတာမဟုတ်ဘူး။ ကျွန် တော်လည်း ချဉ်လာတာနဲ့ပဲ သမီး မလျှော့နဲ့လို့ မြန်မာလို ခပ်တိုးတိုး

ပြောလိုက်တယ်။ ကောင်မလေးက တစ်ဖက်ကိုလှည့်ပြီး ဘယ်သူမှ မမြင်အောင် မျက်လုံးကို လက်ဖမိုးနဲ့ တစ်ချက်ပွတ်လိုက်ပြီးမှ ရှေ့ပြန်လှည့်ပြီး မလျှော့နိုင်ဘူးလို့ ပြောလိုက်တယ်။ ကျွန်တော် သိတယ်၊ အဲဒါ သူ မျက်ရည်သုတ်တာ၊ နောက်ပြီး ငြင်းဖို့ အားတင်းတာ"

"အဲဒီတော့ အဘွားကြီးက ဝယ်လား"

"မဝယ်ဘူး"

ကျွန်မ စိတ်မကောင်းဖြစ်သွားသည်။

"ကျွန်တော် ဒီကောင်မလေးကို မုန့်ဖိုးပေးချင်ပါရဲ့၊ ဒါပေမဲ့ မပေးသင့်ဘူးဆိုတာ ကျွန်တော်သိတယ်၊ ဒီလူစိမ်းတွေရဲ့ရှေ့မှာမို့ မပေးသင့်ဘူး။ ဒါ့အပြင် ကောင်မလေးရဲ့သိက္ခာအတွက်၊ မာနအတွက် ကျွန်တော် မပေးသင့်ဘူး။ ဒါနဲ့ပဲ ဧည့်သည်တွေ လှည့်ထွက်တဲ့အထိ ကျွန်တော် ဘာပြောရမှန်း ဘာလုပ်ရမှန်းမသိဘူး"

"အေးပေါ့ ကိုကျော်လင်းရယ်၊ စိတ်မကောင်းဘူးပေါ့"

"အဲ... စိတ်မကောင်းတဲ့ ခံစားချက်ကိုမှ ကျွန်တော် ခံစားလိုက်ချင်သေးတယ် မမေ၊ မာနကြောင့် ထမင်းငတ်ခံလိုက်ရတယ်လို့ပဲ ခံစားချင်တယ်။ အခုဟာ နာကျင်ရတာဗျ။ အဘွားကြီး လှည့်ထွက်တော့ ကောင်မလေးက ကျွန်တော့်ကို တစ်ချက်ငေးကြည့်ပြီးမှ အဘွားကြီးကို လှမ်းခေါ်တယ်၊ လာယူ... တဲ့။ ပိုက်ဆံလေးတစ်ဒေါ်လာရဖို့ သူ့မာနကို အောက်ချလိုက်ရတယ်။ ကျွန်တော် သူ့မျက်နှာကို မကြည့်ရက်ဘူးဗျာ။ အထူးသဖြင့် အဘွားကြီးနဲ့ ဟိုကောင်နဲ့။ ကဲ... တွေ့တယ်မဟုတ်လားလို့ ကြည့်မယ့်မျက်လုံးတွေအောက်မှာ သူ့မျက်နှာကို ကျွန်တော် မကြည့်ရက်ဘူး"

ကိုကျော်လင်းသည် ပန်းချီဆရာပီပီ အရာရာကို နှလုံးသားဖြင့် ခံစားတတ်သူဖြစ်သည်။

"မင်းဆွေရဲ့ စားဝတ္ထုမှာလားမသိဘူး၊ ကျွန်တော် မှတ်မိနေတယ်၊ နံရံမှာ စားချိတ်ထားပြီး စာတန်းရေးထားတာလေ၊ 'အိမ်ရှင်ကို ဧည့်သည် မစော်ကားရ' တဲ့။ အဲဒီစကားကို ကျွန်တော် ကောင်းကောင်းခံစားနိုင်ပြီဗျာ"

ပြောပြီး ကိုကျော်လင်းက ဘီယာကို မော့သောက်လိုက်၏။ ကိုဒေးက ကုန်သွားသော ကိုကျော်လင်းဖန်ခွက်ထဲသို့ ဘီယာငှဲ့ထည့်ပေးသည်။ ထို့နောက် ပုစွန်ကြော်ကို ကောက်ဝါးလိုက်ပြီး...

"ဒီကောင်တွေ လူဝါးဝတာတော့ အမှန်ပဲဗျ၊ ကျွန်တော်လည်း ထက်ထက်ခင်နဲ့ လိုက်သွားရင် ခဏခဏကြုံရတယ်၊ ကျွန်တော်ကတော့ စိန်ခေါ်ပစ်တာပဲ"

ကိုဒေးမှာလည်း ဇာတ်လမ်းတွေအများကြီး ရှိခဲ့၏။ ကျွန်မသည် မမေမှတစ်ဆင့် ကိုဒေးပြောပြသော နိုင်ငံခြားသားများအကြောင်း ခဏခဏ ကြားဖူးနေသည်။

"ဒီတစ်ခေါက် ကျွန်တော်တို့ အင်းလေးသွားတုန်းက လူဝါးဝတဲ့ အမေရိကန်အဘိုးကြီးတစ်ယောက်နဲ့ကြုံခဲ့တယ်။ ကျွန်တော်တို့ ဧည့်သည်တွေအတွက် ကျွန်တော်တို့က ရုပ်သေးပွဲတစ်ခု ဆင်ပေးထားတယ်ဗျာ။ ညစာစားရင်း ပွဲကြည့်ဖို့။ အဲဒီဇာတ်အဖွဲ့ကိုလည်း ကျွန်တော်တို့ မနည်းရှာဖွေငှားထားရတာ။ ပွဲတော်ရှိတော့ ဇာတ်က ငှားတဲ့သူတွေများပြီး တစ်ညတည်းမှာ ဟိုတယ်နှစ်ခုကူးပြီး ကတာတွေတောင် လုပ်ကြတယ်။ ကျွန်တော်တို့ ငှားထားတဲ့ဇာတ်လည်း အဲဒီလိုပဲ။ ကျွန်တော်တို့ဆီမှာ ညဦးပိုင်း ကပျာကသီကပြီး တခြားဟိုတယ်ကူးဖို့ စီစဉ်ထားပုံရတယ်။ ဖောင်နေရာက ကျဉ်းကျဉ်း၊ ပွဲကြည့်စင်ရှေ့မှာ ကျွန်တော်တို့ဧည့်သည်တွေ အတန်းလိုက်ထိုင်ကြည့်မှ မြင်ရမှာမို့ ကျွန်တော်တို့က စားပွဲတွေကို သုံးလုံးဆက်ခိုင်းလိုက်ရတယ်။ အဲဒီတော့ နောက်စားပွဲမှာ ထိုင်နေတဲ့

အုပ်စုတစ်စုက အမေရိကန်တစ်ယောက်က ဂြိုဟ်ကျပါလေရော။ အဲလို ကျွန်တော်တို့ ကန့်လန့်ဆက်ပြီး ရှေ့က ပိတ်လိုက်တာ သူ့မြင်ကွင်းကို ပိတ်သွားတယ်တဲ့။ ဒါနဲ့ ကျွန်တော်က ယဉ်ယဉ်ကျေးကျေး တောင်းပန်ပါတယ်။ ဘေးကစားပွဲမှာ သွားထိုင်ပါလို့။ သူက မထိုင်ချင်ဘူးတဲ့။ အဲဒီနေရာက တိုင်ကွယ်နေလို့... တဲ့။ သူ့ရှေ့ကသာ ဖယ်ပေးတဲ့။ သူက နေရာမရွှေ့နိုင်ဘူး။ ဒါ သူ့ရဲ့အခွင့်အရေးတဲ့။ ဒါနဲ့ ကျွန်တော် စိတ်အချဉ်ပေါက်သွားတယ်။ မင်းရဲ့ right ဟုတ်လား၊ ဒီနိုင်ငံမှာ မင်း right အကြောင်း လာမပြောနဲ့၊ မင်းရဲ့ right နဲ့ ဒီနေရာနဲ့ ဘာမှမဆိုင်ဘူး၊ ဒီဓာတ်က ငါတို့ငှားထားတဲ့ဓာတ်၊ ငါတို့ပိုက်ဆံပေးထားတဲ့ ဓာတ်၊ မင်းပိုက်ဆံပေးထားတာမဟုတ်ဘူး၊ ဒီဟိုတယ်က ပိုက်ဆံပေးထားတာ မဟုတ်ဘူး၊ အခု ဒီဓာတ်ကို ငါ ရပ်ခိုင်းလို့ရတယ်... ရှင်းလား။ အဲဒီလိုဟောက်ပစ်လိုက်တယ်။ ဓာတ်အဖွဲ့ကိုလည်း ဒါလောက်တောင်ရှိလှတာ မကနဲ့ဦး၊ ရပ်ထားလို့ တားပစ်လိုက်တယ်"

ကျွန်မ တအံ့တဩငေးနေခိုက် ထက်ထက်ခင်က ပခုံးကျုံ့၍ ရယ်ပါသည်။

"အေးလေ... အဲဒီတုန်းကများ ကိုဒေးကို ထိန်းလိုက်ရတာမပြောပါနဲ့တော့။ သူ ဒေါသကြီးရင် ကျွန်မဖြင့် ကြောက်တောင် ကြောက်တယ်။ ဓာတ်အဖွဲ့ကလည်း မြန်မြန်ကပြီး မြန်မြန်ကူးချင်၊ ဟိုလူကလည်း နေရာမပြောင်းချင်"

"ခွေးသား... အဲဒီတုန်းက ဧည့်သည်တွေ ပါနေလို့ပေါ့၊ မပါခဲ့ရင် ငါ့လက်သီးနဲ့တွေ့သွားမှာ"

"နောက်ဆုံး ဘာဖြစ်သွားလဲ"

ကျွန်မက မေးမိ၏။

"အမယ်... သူက ထိုင်ရာကနေ ဝုန်းဆိုထလိုက်သေးသဗျ၊ ကျုပ်

ကလည်း ဘာရမလဲ၊ ထိုးဖို့အဆင်သင့်ပဲ။ သူ တစ်ချက်ရှေ့တိုးတာနဲ့ သူ့ကို ရေထဲဆွဲချပစ်ဖို့ စိတ်ကူးထားပြီးသား။ နောက်တော့ သူ့ကိုလည်း သူ့လူတွေကထိန်း၊ ကျွန်တော့်ကိုလည်း ထက်ထက်ခင်နဲ့ ဧည့်သည်တွေ ထိန်းပေါ့ဗျာ"

သူသည် အခုကိုပဲ ဒေါသပြန်ထွက်လာဟန်ဖြင့် ပဲသီးများကို တဂျွတ်ဂျွတ်ကိုက်စားနေလေသည်။

"လူဝါးဝတဲ့သူတွေလည်း ပါမှာပေါ့လေ၊ ဒါပေမဲ့ မျှမျှတတ လိုက်လျောတတ်တဲ့သူတွေလည်း အများကြီးဖြစ်မှာပါ"

ကျွန်မက မတတ်တတတ်နှင့် သူ့ကို နှစ်သိမ့်ဖို့ ကြိုးစားမိသည်။

"ဟာ... လိုက်လျောဖို့ဆိုတာတော့ မတွေးနဲ့ မဝေ၊ သူတို့ဦးနှောက်ထဲမှာ လိုက်လျောတယ်ဆိုတဲ့စကားလုံးအတွက် နေရာမရှိဘူး။ သူတို့က မွေးလာကတည်းက ငါ ဘာကိုရသင့်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဦးစားပေးအသိနဲ့ ကိုယ်ရသင့်တဲ့အခွင့်အရေးကို တောင်းဖို့ပဲ သတိရလာကြတာ။ သူများ ဘယ်လိုဆိုတဲ့စိတ် နည်းနည်းမှမရှိဘူး။ ကျွန်တော်တို့ မြန်မာရဲ့ ယဉ်ကျေးမှုမှာက သူများကို ငဲ့တတ်၊ ဦးစားပေးတတ်တဲ့စရိုက်ကို ချီးကျူးထားတာ။ ကျွန်တော်တို့က သူများကို ငဲ့တာ အကျင့်ကို ဖြစ်နေပြီ။ သူတို့ကလည်း သူတို့ရပိုင်ခွင့်ဆိုတဲ့စိတ်ကြီးနဲ့ အကျင့်ဖြစ်နေပြီ။ ဒီနှစ်ယောက် ပေါင်းမိသွားတော့ ကွက်တိပဲ။ အဲ... ပေးတဲ့သူနဲ့ ယူတဲ့သူကြားမှာ ဘာပြဿနာမှမရှိဘူး။ ပေးတဲ့သူကလည်း အကျင့်စရိုက်နဲ့ကိုပေးတာ၊ ယူတဲ့သူကလည်း အကျင့်စရိုက်နဲ့ကိုယူတာ။ ပြဿနာက ယူတဲ့သူနှစ်ယောက် တွေ့ရင်သာ မီးပွင့်ကုန်မယ့်ပြဿနာ ရှိတာ"

ထို့နောက် သူ့ဟာသူ သဘောကျပြီး ရယ်၏။

"ကျွန်တော်ကတော့ ဒီကောင်တွေရဲ့နိုင်ငံတွေ ခဏခဏသွားနေ

ရပြီး ဒီကောင်တွေကျင့်တဲ့ အကျင့်အတိုင်း ကျင့်တာမို့ အပေးနည်းတယ်၊ အယူပဲ"

"ခက်တာက သူတို့က ကျွန်တော်တို့ မြန်မာရဲ့ သဘောကောင်းတဲ့၊ ဖော်ရွေတဲ့၊ သူများကို ဦးစားပေးတတ်တဲ့အလေ့အထကို နားမလည်ဘူး၊ တန်ဖိုးမထားတတ်ဘူး။ ဒါကို မြင့်မြတ်တဲ့စိတ်လို့ မထင်ဘူး၊ ရိုကျိုးတဲ့စိတ်လို့ ထင်တယ်"

ကိုကျော်လင်းက တွေးတွေးဆဆ ပြော၏။

"အေးလေ... နိုင်ငံခြားသားကိုမြင်ရင် ရိုကျိုးစိတ်ဝင်တဲ့သူတွေလည်း ရှိဦးမှာကိုး ကိုကျော်လင်းရဲ့"

မမေက ဝင်ပြောတော့ ကိုဒေး အနည်းငယ်ဒေါသထွက်သွားဟန်ရှိသည်။

"ဘာလို့ရှိရမှာလဲ"

"ဘာလို့ရှိရမှာလဲဆိုတော့ ကျွန်မတို့နိုင်ငံက ဒီရာစုနှစ်အတွင်းမှာကို ကျွန်နှစ်ခါဖြစ်ခဲ့ရပြီးလို့ပေါ့"

"မဆိုင်ပါဘူးဗျာ"

"ဆိုင်တာပေါ့ ကိုဒေး၊ နင် ဇွတ်မငြင်းနဲ့။ နင် တစ်နေရာရာကို ဝင်သွားလိုက်၊ စားသောက်ဆိုင်တစ်ခုဖြစ်ဖြစ်၊ ဟိုတယ်တစ်ခုခုဖြစ်ဖြစ်၊ လေယာဉ်ကွင်းပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားတစ်ယောက်ယောက်နဲ့ ယှဉ်ပြိုင်ပြီး ဝင်သွားလိုက်။ နင့်ကို အဲဒီလူတွေ ဦးစားပေးကြိုမလား၊ နိုင်ငံခြားသားကို ဦးစားပေးကြိုမလား... ငါ့ကို အမှန်အတိုင်းပြော"

ကြည့်... စလာပြီ။ မမေနှင့် ကိုဒေးသည် အမြဲတမ်း တစ်ခုခုကို ငြင်းခုံနေတတ်၏။ ခတ်မတည့်တာလား မသိ။

"ဒါ ဘာဆိုင်လဲ၊ ဒါက လူ့တန်ဖိုးချင်း ယှဉ်ရတာမှမဟုတ်ဘဲ၊ ငွေတန်ဖိုးချင်း ယှဉ်ရတာကိုး။ ဟိုကောင့်ဆီက ရမှာက ဒေါ်လာလေ၊

ကျုပ်ဆီကရမှာက ဒေသသုံးပိုက်ဆံလေ။ ဒီတော့ ဦးစားပေးသမှု ဘယ်တူမလဲ၊ ဒါကို ကျွန်စိတ်လို့ သတ်မှတ်လို့မရဘူး"

"အိုကေ... အိုကေ၊ လေယာဉ်ကွင်းနဲ့ ဟိုတယ်ကိုမေ့လိုက်၊ ငါ ဥပမာပေးတာ မှားသွားလို့။ စားသောက်ဆိုင်ကိုပဲကြည့်၊ ငွေကို အတူတူ တွက်ယူတာပဲ၊ နင်နဲ့ နိုင်ငံခြားသားအဖြူတစ်ယောက်ယောက်နဲ့ တစ်ခုခု ဆိုင်ရှင်ကို တောင်းဆိုတာမျိုးရှိရင် ဘယ်သူ့ကို အရင်ဖြေရှင်းပေးမလဲ"

ကိုဒေး ရုတ်တရက် ဘာမှမပြောပါ။

"ကဲ ကဲ... ထမင်းစားရင်း ရန်ဖြစ်မနေကြနဲ့၊ ဒီမှာ ငြိမ်း ပြောတာ နားထောင်၊ ဘယ်နိုင်ငံသားပဲဖြစ်ဖြစ်၊ ဘယ်လူမျိုးခြားပဲဖြစ်ဖြစ် ၂၁ ရာစု မှာ Global Village စနစ်နဲ့ပဲ အရာရာကို ကြည့်ကြ မြင်ကြမယ်၊ ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာပဲတဲ့"

ငြိမ်းငြိမ်းစုက အငြင်းပွားနေသူနှစ်ယောက်အား ဝင်ဖျန်ဖြေဖို့ ကြိုးစားသည်။ ထိုအခါကျမှပဲ မီးတောက်က ပို၍ကြီးကျယ်လာပါတော့သည်။ ကိုဒေး၏ဒေါသကို ဆွပေးလိုက်သလိုရှိသည်။

"ချီးတဲ့မှပဲ၊ ဘာဂလိုဘယ်ဗီးလေ့ဂျ်လဲ၊ ငြိမ်းငြိမ်းစု နင်က နိုင်ငံခြားကို တစ်ခေါက်မှ မရောက်ဖူးလို့ အိမ်နေရင်း အကောင်းမြင်နေတာ၊ ရောက်ဖူးရင် သူတို့ ကိုယ့်ကိုကြည့်မယ့် မျက်လုံးအောက်မှာ နင် အဲဒီလို ပြောနိုင်တော့မှာ မဟုတ်ပါဘူးဟာ။ အဖြူက အမည်းကိုနှိမ်တယ်၊ အဖြူက အဝါကိုနှိမ်တယ်။ သူတို့က သူတို့ကိုယ်သူတို့သာ အဆင့်အတန်းမြင့်တယ်လို့ ထင်တယ်။ ဒီမယ်... အဖြူတစ်ယောက်က အဝါတစ်ယောက်ကို အလုပ်သဘောအရ တန်းတူဆက်ဆံမယ်၊ သံတမန်နည်းအရ တန်းတူဆက်ဆံမယ်။ ဒါပေမဲ့ သူတို့မျက်စိထဲမှာ အဝါကို အဝါလို့ပဲမြင်တယ်၊ သူတို့အသိစိတ်ထဲမှာ အဝါကို လူမျိုးကြီးလို့ မထင်ဘူး။ နည်းပညာအရ၊ ဈေးကွက်အရ တချို့အဝါတွေကို သူတို့ မကောင်းနိုင်

ဘူး၊ ဒါပေမဲ့ အထင်မကြီးဘူး"

ကျွန်မသည် သူတို့စကားဦးတည်ရာကို လိုက်မမီနိုင်ပေ။ အခုဟာက ကိုဒေးသည် အစ်မနှင့် ဆန့်ကျင်ဘက်ပြောနေတုန်းပဲလား၊ သို့မဟုတ် ကိုဒေးနှင့်အစ်မ ဦးတည်ရာတူသွားပြီလား၊ ကျွန်မ မသိ။ ကျွန်မနားလည်သလောက်တော့ ကိုဒေးသည် နိုင်ငံခြားသားကို ကြည့်မရ... ဟူသည့် သတ်မှတ်ချက်ထဲမှာ သူ ကြည့်မရတာက အဝါတွေ၊ အာရှသားတွေမဟုတ်ဘဲ အဖြူတွေ၊ ဥရောပ အမေရိကန်သားတွေကို ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သည်ကနေ့ စားသောက်ဝိုင်းမှာ သူငယ်ချင်းတွေ ပျော်ပျော်ရွှင်ရွှင် ရယ်မောနေတာကိုပဲ ကျွန်မ မြင်ချင်သည်။ မကျေနပ်စိတ်တွေ၊ ဒေါသစိတ်တွေ မရှိစေချင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ သည်နေ့သည် သူတို့သူငယ်ချင်းငါးယောက်၏ နှုတ်ဆက်ပွဲနေ့ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ကိုဒေးက အမေရိကားကို သွားတော့မည်။ နောက်နှစ်ပတ်ကြာလျှင် ထက်ထက်ခင်က ဥရောပတိုင်းပြည်များသို့ ခရီးထွက်တော့မည်။ သူငယ်ချင်းငါးယောက် တော်တော်နှင့် ပြန်ဆုံဖို့ မလွယ်။

ကိုဒေး အမေရိကားသို့ သွားတော့မည်။ ကြည့်စမ်း... အခုမှ သတိရသည်။ ကိုဒေးသည် သူ ကြည့်မရဘူးဟု ဒေါသဖြစ်နေသောလူမျိုးများရှိရာ တိုင်းပြည်သို့ သွားမှာပဲ။ ထိုအချက်သည် ရယ်စရာလား၊ စိတ်ရှုပ်ထွေးစရာလား ကျွန်မ မသိ။ ကျွန်မကတော့ ရယ်ချင်သွားသည်။ ထို့ကြောင့် ရယ်လိုက်မိပါသည်။

"ဘာလဲ၊ ဘာရယ်တာလဲ မဝေရ"

ကျွန်မ ခေါင်းယမ်းပြကာ စားပွဲမှထလိုက်၏။ ဘာကိုရယ်ချင်သလဲဟု ကျွန်မ ကွဲကွဲပြားပြား မသိပါ။ ကျွန်မ စားပြီးသွားသောပန်းကန်ပြားကို မီးဖိုခန်းသို့ယူသွားဖို့ ဟန်ပြင်နေစဉ် အိမ်ရှေ့ခန်းဆီမှ

တယ်လီဖုန်းမြည်သံသဲ့သဲ့ ကြားရသည်။

"ဟ... အဲဒါ ငါ့ဖုန်းရဲ့အသံပဲဟ"

ကိုဒေးသည် ထိုင်ရာမှထရပ်ရန် ကြိုးစား၏။ မအောင်မြင်ပါ။ စားပွဲနှင့် ကုလားထိုင်က ကပ်နေသဖြင့် သူ့ကိုယ်ခန္ဓာ တစ်နေသည်။

"နေနေ ကိုဒေး၊ ကျွန်မ ယူခဲ့ပေးမယ်"

ကျွန်မ အိမ်ရှေ့သို့ အပြေးသွား၍ ဆိုဖာပေါ်မှ ဆယ်လူလာဖုန်းကလေးကို သွားယူပေးလိုက်သည်။ ကိုဒေးက မြည်နေသော ဖုန်းကလေး၏ အစိမ်းရောင်အလင်းမျက်နှာပြင်ကလေးမှ နံပါတ်ဂဏန်းများကို ကြည့်ရင်း ဖုန်းကိုနှိပ်ယူသည်။

"ငါ့အိမ်ကဟ... ဟဲလို ဒေးလ်ပါ၊ အမေလား၊ အင်း... စဉ်းစားနေတုန်းပဲ၊ မပြောတတ်သေးဘူး၊ ညနေတော့ ပြန်ရောက်မှာပေါ့၊ ရပါတယ်၊ အမေကြိုက်တဲ့ဆိုင်ပဲ သွားကြမယ်လေ၊ ဘွတ်ကင်လုပ်စရာလိုလို့လား၊ အင်း အင်း... အမေ့သဘောပဲ"

ကိုဒေး ဖုန်းပြန်ချလိုက်သောအခါ ကျွန်မက မီးဖိုခန်းမှ အထက်မီးအောက်မီး ဘိန်းမုန့်အချိုပွဲပန်းကန်များ သယ်လာခဲ့သည်။

"ဟာ... ဒါဘာလုပ်တာလဲ၊ ကျုပ် ထမင်းစားလို့ မပြီးသေးဘူး၊ အချိုပွဲ လာမချနဲ့ဦးလေ"

ကိုဒေးက ကျွန်မအား ဗိုလ်ကျသည့်အသံဖြင့် စပ်ဖြီးဖြီးလှမ်းပြောသည်။

"ဟင်... မသိဘူးလေ၊ ကိုဒေးအမေ လှမ်းခေါ်နေပြီလားလို့"

"မခေါ်ပါဘူး၊ ညစာစားဖို့ ဆိုင်ရွေးခိုင်းတာ"

"ဒါနဲ့ ကိုဒေး၊ ချိုနှင်းမောင်အတွက် လက်ဖွဲ့ ဖွဲ့ဖို့ငွေ တစ်ခါတည်း ထားပေးခဲ့နော်၊ ကိုဒေး သူ့မင်္ဂလာဆောင်ကို မီမှာမှမဟုတ်ဘဲ"

ငြိမ်းငြိမ်းစုက ပိုက်ဆံတောင်းနေသည်။

"မပေးဘူး၊ မဖွဲ့နိုင်ဘူး၊ အားအားယားယား"

"ဘယ်သူလဲ... ဘယ်သူလဲ မင်္ဂလာဆောင်မှာ"

ကိုကျော်လင်းက သူမသိလိုက်သောကိစ္စမို့ ခေါင်းထောင်လာသည်။

"ခင်ဗျား ဘာမှမသိဘူးနော် ကိုကျော်လင်း၊ အခု မြန်မာနိုင်ငံကြီး ဘာဖြစ်နေမှန်းမသိဘူး၊ ချိုနှင်းမောင်က အခု ဓာဗီယေးနဲ့ လက်ထပ်တော့မှာ"

"ဟာ... ဟုတ်လား"

ကိုကျော်လင်း၏မျက်နှာမှာ တော်တော်အံ့ဩသွားပုံရှိ၏။

"ခင်ဗျားက ပြင်သစ်တွေနဲ့ ရန်ဖြစ်နေ၊ ကော်ဆဲနေ၊ ဟိုမှာ ချိုနှင်းမောင်က ဓာဗီယေးကို ယူလိုက်ပြီ... ပွဲသိမ်း"

ထိုစကားကြောင့် မမေ ဆတ်ခနဲမော့ကြည့်၏။

"နေပါဦး ကိုဒေးရဲ့၊ ယူလိုက်ပြီဆိုတဲ့စကားအထိ ကန့်ကွက်စရာ မရှိပါဘူး၊ ပွဲသိမ်းဆိုတာကိုတော့ ကန့်ကွက်ရလိမ့်မယ်၊ ဘာသဘောနဲ့ ပြောလိုက်တာလဲ"

ဟော... ဖြစ်ပြန်ပြီ။ မမေသည် ကိုဒေး၏ စကားအထအနကို ကောက်ဖြစ်အောင် ကောက်လိုက်ပြန်သည်။

"ဘာသဘောလို့ ခင်ဗျားထင်လဲ"

"ပွဲသိမ်းဆိုတာ ပြိုင်ပွဲ ယှဉ်ပွဲတစ်ခုမှာ လွတ်လွတ်ကျွတ်ကျွတ်ကြီး အနိုင်ရသွားတဲ့အခါ သုံးတဲ့စကားမျိုးပဲကွဲ့"

"သိရင် ပြီးရောပေါ့"

"ဒါပေမဲ့ ဒီအတိုင်းဆို နင်က ချိုနှင်းမောင်လက်ထပ်တဲ့ကိစ္စမှာ ချိုနှင်းမောင်ဟာ တစ်ယောက်ယောက်ကို နိုင်လိုက်ပြီလို့ ပြောချင်တာလား၊ သူ ဘယ်သူ့ကိုပြိုင်နေလို့ ဘယ်သူ့ကို နိုင်လိုက်တာလဲ"

သွားပါပြီ။ သည်နေ့တစ်နေ့လုံးတော့ သည်နှစ်ယောက် စကား နိုင်လုလို့ ပြီးတော့မှာမဟုတ်ပါ။

"နိုင်ငံခြားသားကိုယူရင် ဂုဏ်ရှိတယ်လို့ထင်တဲ့၊ နိုင်ငံခြားသားကို သဘောကျတဲ့ ပတ်ဝန်းကျင်ကို နိုင်တယ်လို့ ဆိုချင်တာဖြစ်မှာပေါ့ အစ်မ ရယ်၊ အစ်မက ကိုဒေးစိတ်အချဉ်ကို သိလျက်သားနဲ့ ထောင်ပေးနေပြန် ပြီ"

ထက်ထက်ခင်တောင် မနေနိုင်ဘဲ ဝင်ပါရတော့သည့်အဖြစ်။ ထက်ထက်ခင်က စကားနည်းတတ်သူပါ။

"မဟုတ်ဘူး... မဟုတ်ဘူး၊ သူနဲ့ ဇာဗီယေး တွဲနေတာကို ဒီကောင် မလေး ဘယ်အချိန် ဘာဖြစ်ပြီး ကျန်ခဲ့မလဲလို့ အဆိုးမြင်ချင်စိတ်နဲ့ စောင့်ကြည့်နေတဲ့ ပတ်ဝန်းကျင်ကို နိုင်လိုက်တာဗျ"

အခု ကိုဒေးက ချိုနှင်းမောင်ဘက် လိုက်သွားပြန်ပြီလား။ ကျွန်မ ဦးနှောက်ခြောက်ရပါသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော် သတိထားမိသလောက်တော့ မြန်မာ မိန်းမတွေက နိုင်ငံခြားသားတွေကိုယူတဲ့ အလေ့အထက ပိုများပြီး မြန်မာ ယောကျ်ားတွေက နိုင်ငံခြားသူတွေကိုယူတဲ့ အလေ့အထ တော်တော် နည်းတယ်ဗျ၊ မရှိသလောက်ကို နည်းပါတယ်ဗျာ၊ အဲဒါ ဘာကြောင့်လဲ မသိဘူးနော်"

"မရလို့"

ကိုဒေးက ဝင်အရွှန်းဖောက်တော့ အားလုံး ဝေါခနဲရယ်မောကြ ရသည်။

ကျွန်မ ကိုဒေးကို တအံ့တဩပြုံးမိသည်။ တကယ်ဆို တစ်လျှောက် လုံး သူ အလေးအနက်ပြောလာသည့် ယုံကြည်ချက်တွေကို ပေါ့ရွှတ် သွားစေမည့် အဲသည်ဟာသမျိုး မပြောသင့်ဘူးမဟုတ်လား။ သို့မဟုတ်

ဤစကားသည် သူ့ဟာသတစ်ခုဖြစ်ကြောင်း ကျန်သည့်လူအားလုံး အကြွင်းမဲ့ယုံကြည်မည်ဟု သူ သေချာထားလို့ပဲလား။ တော်တော်တော့ အန္တရာယ်ကြီးသည့်စကားဖြစ်သည်။

"မနောက်နဲ့ ကိုဒေး၊ ကျွန်တော် တကယ်သိချင်တာပါ"

ကိုဒေး မျက်နှာတည်သွားသည်။

"မြန်မာအမျိုးသမီးတွေလို့ မပြောဘဲ ယေဘုယျခြုံပြီး အာရှသူတွေ လို့ ပြောရအောင်ဗျာ"

ဘယ်အချိန်က အိပ်ခန်းထဲက ထွက်လာမှန်းမသိသော ကြောင်သည် ကျွန်မထဘီနားစကို လက်ဖြင့် အသာဖွဖွကုတ်ခြစ်ပြီး ကျွန်မအား မော့ကြည့်သည်။ ခင်ဗျားတို့ချည်း စားမနေကြနဲ့၊ ကျုပ်လည်း ဆာလှပြီ၊ ကျုပ်ကို ကျွေးဦးဟု အစာတောင်းနေသောအကြည့် ဖြစ်သည်။ ကျွန်မ ကြောင်ကလေးကို ရှူး... တိုးတိုး ဟူသောအမူအရာဖြင့် လက်ညှိုးကို နှုတ်ခမ်းမှာ ကန့်လန့်ဖြတ် တင်ပြလိုက်၏။

"အာရှသူတွေက အသားညက်တယ်၊ ယုယတတ်တယ်၊ လေးစား ရိုကျိုးတတ်တယ်၊ နှိမ့်ချတယ်"

"မဟုတ်ဘူး၊ ကျွန်တော် သိချင်တာက အာရှမိန်းကလေးတွေကို ဘာကြောင့်ယူတာလဲလို့ သိချင်တာမဟုတ်ဘူး ကိုဒေး၊ အာရှသူတွေက လူဖြူတွေကို ဘာကြောင့်ယူတာလဲလို့ သိချင်တာ"

"အေးလေ... အဲဒါသိရဖို့ အပိုင်း(၁)အနေနဲ့ ဒါကိုပြောပြနေတာ။ အာရှသူတွေက သူတို့ကိုယူဖို့ဆိုတာမှာ သူတို့က အာရှသူတွေကို ယူလို့ ဆိုတာလည်း ထည့်တွက်ရမှာလေ"

"နင်ပြောချင်တာက..."

မမေက ဝင်ပြောတော့မည့်ဟန်ပြင်တော့ ကိုဒေး လက်ကာပြ သည်။

"ခင်ဗျား မဝင်နဲ့၊ ခင်ဗျားဝင်ရင် ဖဲမနစ်စ်တ်ကိစ္စ ရှုပ်ကုန်လိမ့်မယ်၊ ကျွန်တော်က ဘက်လိုက်မှုကင်းကင်းနဲ့ ပြဿနာကို ဆွေးနွေးတင်ပြမလို့"

"အံမာ... ကောင်စုတ်လေး၊ ကြီးကြီးကျယ်ကျယ်နဲ့"

ကိုဒေး ပြောလည်း ပြောစရာ။ မမေသည် ထစ်ခနဲရှိလျှင် မိန်းမတွေဘက်က အမြဲနာကျင်တတ်၏။ အဲဒါကို ကိုဒေးက လုံးဝမကြိုက်ပေ။

"ခင်ဗျားက သူတို့ဘက်က မိန်းမအခွင့်အရေးတွေ တိုက်ယူပေးနေတယ်။ မိန်းမဣန္ဒြေတို့၊ တန်ဖိုးတို့၊ ဂုဏ်သိက္ခာတို့ ပြောနေတယ်။ မိန်းမဘယ်နှယောက်က ခင်ဗျားကို အသိအမှတ်ပြုလို့လဲ၊ ဘယ်နှရာခိုင်နှုန်း ခင်ဗျားအောင်မြင်လို့လဲ၊ အလှနဲ့ ကိုယ်ခန္ဓာကိုရင်းပြီး စိန်ရွှေငွေ၊ တိုက်တွေ၊ ကားတွေ လဲယူနေတဲ့မိန်းမတွေ ဒီခေတ်မှာ ပိုတောင်များလာသေးတယ်။ အခုခေတ်မှာ မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာဟာ သိန်း ၂၀ လည်းတန်တယ်၊ သိန်း ၂၀၀၀ လည်း တန်တယ်။ အဲဒီကိစ္စကို အမဲလိုက်သလို လိုက်နေတဲ့ ယောကျ်ားတွေလည်း များလိုက်တာ... များလိုက်တာ။ ခင်ဗျားပြောတဲ့ မိန်းမတွေရဲ့ တန်ဖိုးနဲ့ သူတို့ပြောတဲ့ မိန်းမတန်ဖိုး ဘယ်လောက်ကွာနေပြီလဲ၊ ခင်ဗျားသိလား။ အခု ခင်ဗျား ဘာတတ်နိုင်သလဲ၊ ခင်ဗျား ဘာတတ်နိုင်လို့လဲ။ ဒါနဲ့တောင် ခင်ဗျားက မိန်းမတွေဘက်က လိုက်နေတုန်းပဲလား"

ကိုဒေးက မမေအား မကြာခဏနားချ၏။ တစ်ခါတုန်းကတော့ ကျွန်မရှေ့တွင်ပင် ကိုဒေးစကားတွေကြောင့် မမေ မျက်ရည်ကျခဲ့ဖူးပါသည်။

အိမ်ခန်းထဲရှိကက်ဆက်မှ ခင်မောင်ရင်၏သီချင်းသည် နားထောင်မည့်သူမရှိဘဲ အထီးကျန်စွာ ပေါ်ထွက်နေ၏။

"မိန်းမဆိုတာ ဆောင်းလေပမာညီ... အတွင်းသဘော ဘယ်မတည်... ပြောင်းလဲတတ်သည်" တဲ့။

ကျွန်မ ရုတ်တရက်ထထွက်ကာ အခန်းထဲသို့ ဝင်ခဲ့မိသည်။ ကက်ဆက်ကို ပိတ်လိုက်သည်။ ကြောင်ကလေးက ကျွန်မနောက်သို့ တကောက်ကောက်လိုက်ကာ လက်ဖြင့် ဖွဖွကုတ်ခြစ်၍ အစာတောင်းနေပြန်သည်။

"ကျွေးမယ် ဖြူဖွေးရေ... ခဏနေဦးနော်၊ သီချင်းလဲလိုက်ဦးမယ်"

ကျွန်မသည် ကက်ဆက်ခလုတ်မှ ဓာတ်ပြားခလုတ်ကို ပြောင်းလိုက်ပြီးနောက် ဓာတ်ပြားတစ်ချပ်ကို ရွေးမိသည်။ Pink Floyd ၏ The Wall အယ်လ်ဘမ် ဖြစ်ပါသည်။ ပင့်ခ်ဖလွိုက်ကို စစချင်း ကျွန်မကြိုက်လို့မရခဲ့။ မမေက The Wall ဗီဒီယိုသီချင်း ရုပ်ရှင်ခွေ ဝယ်လာပြီးပြတော့မှ ရုပ်ရှင်ကြည့်ပြီးမှ ကျွန်မ ကြိုက်သွားခြင်းဖြစ်ပါသည်။ မမေ နားလည်သလောက်လည်း ကျွန်မ နားမလည်ခဲ့။ သို့သော် ကျောင်းသူ ကျောင်းသားလေးတွေ တန်းစီပြီး အသားကြိတ်စက်ကြီးထဲ တစ်ယောက်စီ ကျကျသွားသည့် ပြကွက်နှင့် ဂီတသံကို စွဲမက်နေခဲ့သည်။ Another brick in the wall... နံရံထဲက နောက်ထပ်အုတ်ခဲတစ်ချပ်ပါ... ဟူသောသီချင်းကို ကျွန်မ ကြိုက်ပါသည်။

"လာ လာ... ဖြူဖွေးလာ၊ မီမီ... မီမီ"

ကျွန်မ မီးဖိုခန်းထဲဝင်တော့ ဖြူဖွေးသည် ခုန်ပေါက်လျက် ပြေးလိုက်လာသည်။ ကျွန်မသည် ပုစွန်ကြော်တစ်ကောင်နှင့် အစအနလေးများကို ကြောင်စာခွက်ထဲသို့ ထမင်းနှင့်နယ်ကာ ကျွေးလိုက်သည်။ ကြောင်ကလေးသည် ဝေါင်း ဝေါင်း... ဝေါင်း ဝေါင်း အော်လျက် ခေါင်းမဖော်တမ်း စားတော့သည်။

"အယ်... မဝေ ကြည့်စမ်း၊ ကြောင်လေးကို တော်တော်ချစ်တာ

ပဲ၊ ပုစွန်ကြော်တွေ အကောင်လိုက်ချကျွေးနေတာ၊ ရက်ရောလှချည်လား"

ငြိမ်းငြိမ်းစုက ပန်းကန်တစ်ထပ်ကို ကိုင်လျက်ဝင်လာသည်။

"အများကြီးကျွေးစရာမှ မလိုတာ ငြိမ်းငြိမ်းရဲ့၊ နည်းနည်းလေးနဲ့ သူ ဝတာပဲဥစ္စာ၊ ရက်ရောနိုင်တာပေါ့"

ထမင်းစားပွဲဆီမှ ရယ်မောသံများ ထွက်ပေါ်လာရာ ပင့်ခ်ဖလွိုက်၏ ဂီတသံကိုပင် ဖုံးလွှမ်းသွားသည်။

"မဟုတ်ဘူး၊ ကျွန်တော်ပြောတာ အဲဒီအဓိပ္ပာယ်မဟုတ်ဘူး။ ဒီမိန်းမက သူ့ဘေးက ဘိုစုတ်ထက် ပိုပြီးမာန်တက်နေတဲ့ မျက်နှာကို ပြောချင်တာ၊ ကိုယ့်ထိုင်ခုံမဟုတ်ဘဲလည်း ဝင်ထိုင်သေးတယ်၊ ထိုင်ခုံရှင်ရောက်လာတော့ ဖယ်မပေးဘဲ ခပ်ပင့်ပင့်လေသံနဲ့ ဟိုနားမှာ သွားထိုင်လိုက်ပါလားလို့ မေးငေါ့ပြောလိုက်တဲ့ မျက်နှာထားကို ပြောနေတာ။ သူက ဘာကောင်မို့လဲ၊ သူ့ဘေးက ဘိုစုတ်က ဘာကောင်မို့လဲ"

"သူ့ယောက်ျားဖြစ်မှာပေါ့ဗျာ"

ကိုကျော်လင်း၏ လေသံပျော့ပျော့ကို တိုးတိုးသာ ကြားရ၏။

"ယောက်ျားဟုတ်ချင်လည်း ဟုတ်မှာပေါ့ဗျာ၊ ဘာပဲဖြစ်ဖြစ် သူ့ဘေးမှာ မျက်နှာဖြူကောင်တစ်ကောင် ပါတာနဲ့ပဲ သူ ထိုင်ချင်တဲ့နေရာ ထိုင်ခွင့်ရှိသွားပြီတဲ့လား၊ အဲဒီလို သူ ထင်နေသလား၊ ဘာလို့ သူက အဲလို ထင်ရမှာတုံး... အဓိပ္ပာယ်မရှိ"

ကိုဒေး၏အသံကတော့ ကျယ်ကျယ်လောင်လောင်ပါပဲ။ ငြိမ်းငြိမ်းစု၏လက်ထဲမှ ပန်းကန်ကို ကျွန်မ လှမ်းဆွဲဖို့ ကြိုးစားတော့ ငြိမ်းငြိမ်းစုက မပေးဘဲ ရယ်နေသည်။

"ငြင်းလို့ ခုံလို့ မပြီးကြသေးဘူး မဝေရေ၊ ငြိမ်းတော့ စိတ်တောင်ညစ်လာပြီ"

"ဒီကောင်မလေးတွေမို့ ခံနေတာ၊ ကျုပ်ကို အဲလိုကြောကြည့်ပါ

လား၊ ဟား ဟား... အဲဒီမိန်းမ အဲဒီနေရာမှာတင် လဲသေချင်စိတ် ပေါက်သွားအောင် ပြောထည့်လိုက်မယ်၊ များများမပြောပါဘူး၊ စကားတစ်ခွန်းတည်းပဲ ပြောမှာ"

"ကဲ ကဲ... ကိုဒေး၊ ဒေါသတွေကို လျှော့ဦး၊ ဒီမှာ ဘိန်းမုန့်လေးစား၊ သိပ်ကောင်းတာပဲ။ ရှင် ဟိုမှာ လေးငါးလလောက် ငတ်နေမယ့် မြန်မာအစားအစာ စစ်စစ်"

ထက်ထက်ခင်၏ လေသံအေးအေးလေးကို ကြားရသည်။ ခဏကြာတော့ မမေ မီးဖိုခန်းထဲ ဝင်လာ၏။ မက္ကဆီကန်အလံဆလတ်ပန်းကန်ပြားနှစ်ချပ်ကို ကိုင်လာခြင်းဖြစ်သည်။ ကျွန်မထင်သည့်အတိုင်းပါပဲ။ ကျွန်မ၏ ပုစွန်ကြော်နှင့် မြင်းခွာရွက်သုပ်ကိုသာ အားပေးကြသည်။ မက္ကဆီကန်အလံနှစ်ပန်းကန်မှာတော့ အလယ်က အာလူးကြော်တွေပဲ ကွက်ပြီးကုန်သွား၏။ ကြည့်ရတာ ဘီယာနဲ့ မြည်းပစ်လိုက်ကြဟန်တူသည်။ အဝါရောင်ပျောက်သွားပြီး ဘေးမှာ အစိမ်းတချို့နှင့် အနီရောင်တချို့စီသာ ကျန်တော့သော ဆလတ်ပန်းကန်ကိုကြည့်ပြီး ကျွန်မ ရယ်ချင်သွားပါသည်။

"လွဲချော်ကုန်ပြီ ကိုကျော်လင်းရေ၊ စနစ်တကျကို လွဲချော်ကုန်ပြီဗျ"

"ခက်တယ် ကိုဒေးရာ၊ ဒါတွေက ကျွန်တော်တို့ စဉ်းစားဆင်ခြင်နိုင်စွမ်းရဲ့ ဟိုတစ်ဖက်ထိ ရောက်သွားတဲ့ ပြဿနာတွေဗျ၊ ဒီတော့ ခင်ဗျားကလည်း မနက်ဖြန် သွားစရာရှိတာသွား၊ ကျွန်တော်လည်း နောက်တစ်ပတ် ပြင်သစ်တွေနဲ့ ခရီးထပ်ထွက်၊ အဲဒီအချိန်မှာပဲ တစ်နေရာမှာ အာရှမိန်းမတစ်ယောက်က မျက်နှာဖြူတစ်ယောက်နဲ့ ရနေမှာပါပဲဗျာ"

"သူတို့မသိတာတစ်ခုက ဗီယက်နမ်မီးစ် မိန်းမဟာ ပြင်သစ်နဲ့ရလည်း ပြင်သစ်ဖြစ်မလာဘူးဗျ၊ တရုတ်မတစ်ယောက် အမေရိကန်နဲ့

ယူလည်း အမေရိကန် ဖြစ်မလာဘူး”

ထိုစကားရောက်တော့ မမေ မနေနိုင်တော့ပေ။ ပန်းကန်နှစ်ခုကို ကျွန်မအနီးမှာ ချပေးခဲ့ပြီး လှစ်ခနဲပြန်ထွက်သွားသည်။

“နေစမ်းပါဦး ကိုဒေးရဲ့၊ ဘယ်ဗီယက်နမ်မီးစ်က ဘယ်ပြင်သစ်ကို ယူပြီး ပြင်သစ်ဖြစ်ချင်တယ်လို့ အော်နေလို့လဲ၊ ပြင်သစ်ဖြစ်ချင်ရင်တောင် ပြင်သစ်က ဗီယက်နမ်ထက် ပိုမြတ်လို့လား”

မမေ၏ ခပ်စွာစွာအသံအဆုံးမှာ ကိုဒေးက တဟားဟား ရယ်ချလိုက်၏။

“တော်ပြီ... တော်ပြီ၊ ကိုဒေးကလည်း ဆက်မပြောနဲ့တော့၊ မမေကလည်း သည်းညည်းခံလိုက်ပါ၊ ဒီလူက နောက်နေ့ကျရင် သူ စခဲ့မိတဲ့ ဓာတ်ကို ဆုံးအောင်ကဖို့ ခရီးထွက်ရဦးမှာ၊ သူ့ရင်ထဲရှိတာတွေ သူ့အနေနဲ့ ဒီမှာပဲ ပြောလို့ရတာ၊ ဟိုမှာ ပြောလို့ရတာမဟုတ်ဘူး၊ နားထောင်ပေးလိုက်ပါဗျာ”

ကိုကျော်လင်းက ဝင်ပြီး ဖျေစပ်ပေးနေသံ ကြားရသည်။

“ဒီဓာတ်ကို သူ့ကို ဘယ်သူကမှ ဆက်ကခိုင်းနေတာ မဟုတ်ဘူး”

ဟော... Pink Floyd ဓာတ်ပြားသည် ထစ်နေပြီ။ Another brick in the wall ကို သီဆိုနေပေမဲ့ brick... brick... brick ဟု ဆက်တိုက်မြည်နေသည်။ မီးဖိုထဲမှ ကျွန်မတို့နှစ်ယောက် ကြိတ်ပြီး ရယ်မိကြသည်။ ဤကက်ဆက်သည် ကိုဒေး အမေရိကားမှ သယ်လာခဲ့သော ကက်ဆက်ဖြစ်သည်။ အမေရိကန်နိုင်ငံက လျှပ်စစ်အား ၁၁၀ သုံးပြီး မြန်မာနိုင်ငံက ၂၂၀ သုံးသဖြင့် ထိုကက်ဆက်ကို ဗို့အား ၁၁၀ ဖြစ်အောင် လုပ်ပေးသည့် transformer တစ်ခု ခံပြီးမှ ဖွင့်ရသည်။ အမေရိကန်ကက်ဆက်သည် မြန်မာပြည်၏ လျှပ်စစ်မီးဗို့အား အတက်အကျ အလှုပ်နှင့် နေသားမကျချင်လို့လားမသိ၊ ကက်ဆက်ဖွင့်လျှင်

ဘာမှမဖြစ်ပေမဲ့ ခေတ်ပြားဖွင့်လျှင် တစ်ချက်တစ်ချက် သည်လိုပဲ ထစ်နေတတ်သည်။

ကျွန်မသည် မဂ္ဂဆီကန်အလံ မဟုတ်တော့သော ဆလတ်ပန်းကန်ကိုကြည့်ပြီး ခဏငိုင်နေမိသေး၏။ ထို့နောက် ပဲသီးတွေကိုသတ်သတ်၊ ခရမ်းချဉ်သီးတွေကိုသတ်သတ် သီးခြားခွဲထည့်လိုက်ရသည်။

Pink Floyd သည် brick... brick...brick နှင့် ထစ်နေဆဲ။

တော်တော်ကြာ ထစ်နေပြီးနောက်မှ တစ်ယောက်ယောက် ကက်ဆက်ကို ပိတ်ပစ်လိုက်လေသည်။

ရတီကျောက်မျက်နှင့် လက်ဝတ်ရတနာမဂ္ဂဇင်း။ အမှတ်(၆)၊ (၇)၊ ၂၀၀၁

❑